
တက္ကသိုလ်
နေဝင်းမြင့်
ကိုယ်ကျိုးစွန့်သိုင်းသမား
စ၊ဆုံး


နမင်းနိုင်
ကျိုးစွန့်
သိုင်းသမား

စာမူကြိုတင်ခွင့်ပြုချက်အမှတ်(၁၁၄၉)

မျက်နှာဖုံးနှင့်ရေခံကြိုတင် ပုံနှိပ်ခွင့်အမှတ် (၃၅)

၁၉၈၆–ခု၊ ဧပြီလ
ပထမအကြိမ်

အုပ်ရေ– ၁၅၀၀
တန်ဖိုး– ၂၂ ကျပ်။
မျက်နှာဖုံးရိုက်– သိန်းမြင့်ဝင်း OFFSET

ထုတ်ဝေသူ– ဦးမြင့်ဝေ(မြဲ-၀၃၀၀၅)
'နေမင်းနိုင်–စာပေ'
အမှတ်–၂၀၆၊ ၃၇-လမ်း၊
ရန်ကုန်။

ပုံနှိပ်သူ– ဒေါ်သန်းကြည်(မြဲ-၀၂၆၇၈
'ဝင်းရွှေစင်'ပုံနှိပ်တိုက်၊
၂၆/၉၇-လမ်း၊ ကန်တော်ကလေး
ရန်ကုန်မြို့။

ဖြန့်ချိရေး– 'နေမင်းနိုင်–စာပေ'
အမှတ်(၄၂)၂၈-လမ်း၊
ရန်ကုန်မြို့။

တက္ကသိုလ်နေမင်းနိုင်

# ကိုယ်ကျိုးစွန့်သိုင်းသမား

( စ/ဆုံး )

# အခန်း (၁)

ဆောင်းရာသီ အချိန်သမယ၏ အအေးဆုံးသော ကာလ ဖြစ်သည်။

ဤအချိန် ဤအခါတွင်၊

တရုတ်ပြည် မြေပြန့်လွင်ပြင်တွင်လည်း မြောက်ပိုင်း ဒေသ လိုပင် အအေးလွန်ကဲနေတတ်သည်။

ဝူချန့်ပြည်နယ်၏ နယ်စပ်တွင် မြင့်မားသော တောင်တန်း ကြီးများရှိသည်။

ထိုတောင်တန်းကို ထုံပေါ့စန်း တောင်ဟုခေါ်သည်။

ထိုတောင်တန်းကြီးများက မိုးထိခမန်း မြင့်မားသည်။

ယခုလိုအချိန်မျိုးတွင် တောင်တန်းပေါ်၌ လေအေး တိုက်ခတ်သည်။

အသည်းခိုက်အောင်ပင် ချမ်းအေးသည်။

နှင်းပွင့် နှင်းမှုန်များကလည်း တဖွဲဖွဲ ကျနေတတ်သည်။
နေ့ခင်းဘက်ဆိုလျှင် တော်သေးသည်။
နေရောင်ရှိ၍ အအေးဒဏ် အနည်းငယ်သက်သာသည်။

ညအချိန် နေရောင်ကွယ်ပျောက်သွားလျှင်မူ အအေးဓာတ်က လွန်ကဲလာသည်။

ရိုးတွင်းချင်ဆီခိုက်အောင်ပင် ချမ်းအေးလှသည်။
ထို့ကြောင့်....၊

ညအချိန်တွင် ထုံပေါ့စန်းတောင်ပေါ်သို့ သွားလာသူ မရှိ။
ထိုတောင်ပေါ်သို့ သွားလာရန် အကြောင်းရှိလျှင် နေ့ပိုင်းအချိန်တွင်သာ သွားရောက်ကြသည်။

ယခုမူ ...၊

ည သန်းခေါင်အချိန်တွင် ထုံပေါ့စန်းတောင်ပေါ် မြင်းစီးသမားနှစ်ယောက် ရောက်ရှိနေသည်။

မြင်းစီးသမားနှစ်ယောက်သည် မြင်းများကို အပြင်းနှင်နေကြသည်။





မြင်းများကလည်း မြင်းကောင်းများ ဖြစ်သည်။

ခွာသံပြင်းပြင်းနှင့် ပြေးနေကြသည်။

မြင်းခွာများဖြင့် ရိုက်ခတ်မှုကြောင့် နှင်းပွင့်နှင်းခဲများ ဖွာကနဲ ဖွာကနဲ လွင့်စင်ကုန်သည်။

လူနှစ်ယောက် မည်သူတွေနည်း။

ညဘက်တွင် မည်သူမျှမသွားလာသော ထုံပေါ့စန်းတောင်ပေါ်သို့ ဘာကြောင့်ရောက်နေကြသနည်း။

သူတို့ကိုကြည့်ရသည်မှာတော့ အတော်ကို လောကြီးနေဟန် ရှိသည်။

တနေ့ရာရာသို့ အချိန်မီရောက်ရန် ခရီးပြင်းနှင်နေသည့် ဟန်မျိုး။

မြင်းစီးသမား နှစ်ယောက်သည် သားရေကိုယ်ကျပ် ဝတ်စုံများကို ဝတ်ဆင်ထားကြသည်။
ထို့ပြင်....၊

အနက်ရောင် နှင်းကာဝတ်ရုံကြီးများလည်း လွှမ်းခြုံထားကြသည်။

ခေါင်းတွင် သားရေဦးထုပ်ကြီးများလည်း ဆောင်းထားသည်။

သူတို့၏ဦးထုပ်နှင့်နှင်းကာဝတ်ရုံကြီးများပေါ်တွင် နှင်းပွင့်ဖွေးဖွေးများ တင်နေသည်။

အနောက်မြောက်လေသည် ခပ်ကြမ်းကြမ်း တိုက်နေသည်။

နှင်းပွင့်များလည်း တဖွဲဖွဲကျလျက်။

ရာသီဥတုက ဆိုးရွားလှသည်။

မြင်းစီးသမားနှစ်ယောက်တော့ ဆိုးရွားသော ရာသီဥတုကို အရေးမထားနိုင်ပါ။

မြင်းများကိုသာ အမြန်ခရီးနှင်နေကြသည်။

သူတို့သည် ခရီးကို သိပ်တွင်လိုကြသည်။ အနည်းငယ်နှောင့်နှေး မနေချင်။

သို့ရာတွင်....၊

လောက၌ ဖြစ်လိုသည့်ဆန္ဒအတိုင်း ဖြစ်မလာသည့် အခါများ ရှိတတ်သည်။

ယခုလည်း....။

ခရီး အမြန်ဆုံးနှင်လိုသော မြင်းစီးသမားနှစ်ယောက်အဖို့ ခရီးဖင့်စရာအကြောင်း ပေါ်လာသည်။

ထိုအကြောင်းမှာ....။

× × ×





"အင်....ဟင်ဟင်...."

ညည်းတွားသံအခု ပေါ်လာသည်။

ခပ်ပြင်းပြင်းတိုက်နေသောလေက တဝှီးဝှီးပင် အသံမြည်နေသည်။

ဆီးနှင်းများကျနေသံကလည်း တဖြောက်ဖြောက်။

သည်ကြားထဲတွင်....၊

အပြင်းစိုင်းနေသည့် မြင်းခွာသံကလည်း တခွပ်ခွပ်မြည်နေသည်။

ထိုအသံများကြားတွင် ညည်းသံ တိုးတိုး ညင်ညင်လေးက ကွယ်ပျောက်သလို ဖြစ်နေသည်။

တော်ရုံဆိုလျှင် ထိုညည်းသံကလေးကို ကြားမိမည်မဟုတ်။

သို့သော်....၊

မြင်းစီးသမားနှစ်ယောက်ကတော့ ထို တိုးညင်သော ညည်းသံလေးကို ကြားလိုက်ကြပါသည်။

မြင်းစီးသမားနှစ်ယောက်မှာ သာမန်လူများမဟုတ်ကြ။

အလွန်နားပါးကြသည်။

သည်လောက် လေသံ၊ နှင်းကျသံ၊ မြင်းခွာသံများဆူညံနေသည့်ကြားမှပင် တိုးညင်သောညည်းသံကိုကြားကြရသည်။

ညည်းသံကိုကြားမိသည်နှင့်၊

ရှေ့မှမြင်းစီးသွားသူ အရပ် ထောင်ထောင်မောင်းမောင်း လူသည် မြင်းဇက်ကိုဆွဲလိုက်သည်။

"ဟီး ဟီး....ဟီး"

မြင်းကြီးက တချက်ဟီကာ ပတပ်ရပ်လိုက်ပြီး ခြေလှမ်းတုံ့ရပ်သွားသည်။

နောက်မှလိုက်လာသောလူကလည်း သူ့မြင်းကို ဇက်သတ်ရပ်လိုက်သည်။

ထောင်ထောင်မောင်းမောင်းလူက နောက်လှည့်ကြည့်ကာ၊

"ညည်းသံလိုလိုကြားရတယ်၊ မင်းကော ကြားတယ်မဟုတ်လား ကျန်းကြည်တင်း"

ကျန်းကြည်တင်း အခေါ်ခံရသူက ချက်ချင်းမဖြေ။

အသာ နားစွင့်လိုက်ပြီးမှ၊

"ဟုတ်တယ် ညည်းသံပဲ၊ တယောက်ယောက်လမ်းမှာ ခြေချော်ပြီး ဒဏ်ရာရနေတယ်နဲ့တူတယ်၊ ကျွန်တော်တို့မှာ ကိစ္စအရေးကြီးနေမယ့် ခဏလောက်တော့အချိန်ယူပြီး သွားကြည့်ကြယင် ကောင်းမယ်ထင်တယ်"

ထောင်ထောင်မောင်းမောင်းလူက ဘာမျှပြန်မပြော။





ကျန်းကြည်တင်းက ဆက်လက်၍။

"ဒဏ်ရာက အသက်ကယ် ကုသလို့ရသေးယင် ကျွန်တော့်မြင်းပေါ် တင်ခေါ်သွားပြီး ပထမဆုံး တွေ့ရတဲ့ရွာမှာ ဝင်အပ်ပေးလိုက်မယ် ဒါဆိုယင် ကျွန်တော်တို့လဲ သိပ်ခရီးမဖင့်တော့ဘူး၊ ဟိုကိုအချိန်မီမရောက်အောင် သွားနိုင်ပါလိမ့်မယ်"

အရပ်ထောင်ထောင် မောင်းမောင်းလူက ခေါင်းတချက်ညိတ်လိုက်သည်။

"အင်း၊ လူ့အသက်တချောင်းကယ်ဖို့အတွက်တော့ နှောင့်နှေးနေဖို့ မသင့်ပါဘူး၊ ဒီလိုကူညီ ကယ်တင် ပေးတာကြောင့် မွေးနေ့မင်္ဂလာပွဲကို အချိန်နည်းနည်းနောက်ကျပြီး ရောက်သွားယင်လဲ ဆရာကြီး ကွမ်းစုန်ကျင်က အပြစ်တင်မယ် မဟုတ်ပါဘူး၊ ဒါပေမယ့် ငါတို့ခရီးနှောင့်နှေးပြီး ဆရာကြီး ကွမ်းစုန်ကျင်ရဲ့ မွေးနေ့မင်္ဂလာပွဲကို မမီပဲဖြစ်မှာကိုတော့ ငါမလိုလားဘူး"

"အစ်ကို ဟို့တုန်းကလဲဗျာ ဒီလောက်တောင်မှလဲ စိုးရိမ်ကြောင့်ကျမနေပါနဲ့ ဆရာကြီးကွမ်းစုန်ကျင်က ထိပ်တန်းသိုင်းပညာရှင်ကြီးဖြစ်တဲ့အပြင် တခေတ်မှာ တယောက်ထွန်းထောက်ကျော်ကြားတဲ့ သမားတော်ကြီးလဲ ဖြစ်ပါတယ်၊ သူ့ဘဝတလျှောက်လုံးမှာ ဒဏ်ရာအနာတရဖြစ်သူတွေ၊ မကျန်းမာသူတွေ

ကိုစောင့်ရှောက် ကယ်တင်ခဲ့တာ မနည်းတော့ပါဘူး၊ ဒီတော့ ကျွန်တော်တို့ဘဒဏ်ရာရနေတဲ့လူကို ကူညီစောင့်ရှောက် ပေးတဲ့ အတွက် သူ့ရဲ့မွေးနေ့မင်္ဂလာပွဲကို နောက်ကျမှရောက်သွားယင် လဲ ဆရာကြီးကွမ်းစုန် ကျင်က အပြစ်တင်မှာ မဟုတ်ပါဘူး”

“အေး၊ မင်းပြောတော့လဲ ဟုတ်တာပဲ၊ ကဲ ပြောနေယင် ကြာမယ် သွားကြစို့၊ အချိန်ဟာတန်ဖိုးရှိတယ်။ ညည်းသံက အခုပေါ်မလာတော့ဘူး၊ အဲဒီလူ အသက်မှရှင်ပါအုံးမလား”

ဟို့တုန်းကပြန်ပြောသည်။

ပြီးနောက်၊

ဟို့တုန်းနှင့်ကျန်းကြည်တင်းတို့နှစ်ယောက်သည်၊ စောစော ကညည်းသံပေါ်လာရာဘက်သို့ လာခဲ့ကြသည်။

× × ×



အခန်း (၂)

အချိန်မှာညသန်းခေါင်ကျော်နေပြီ။

နှင်းပွင့်များဖုံးလွှမ်းနေသော တောင်တန်းပေါ်တွင်၊ ဟို့တုန်းတို့နှစ်ယောက်အလုပ်ရှုတ်နေသည်။

ကောင်းကင်တွင်လသာနေသည်။

သို့သော်။

တဖွဲဖွဲကျနေသောနှင်းမှုန်များက လရောင်ကို ဖုံးလွှမ်းထား ကြသည်။

ဒါပေမယ့်။

မှောင်ကား မှောင်မနေ။

ဖြူဖွေးသောနှင်းပြင်ကို ရောင်ပြန်ဟပ်နေသည့် အလင်းရောင်ဝိုးတဝါးလေးရှိနေသည်။

ဟို့ တုန်းနှင့် ကျန်းကြည်တင်းတို့မှာ အဆင့်မြင့်သိုင်းသမားများဖြစ်ကြသည်။

ဝိုးတဝါးအလင်းရောင်ရှိလျှင်ပင် ကောင်းကောင်း မြင်နိုင်တွေ့နိုင်သည်။

သူတို့နှစ်ယောက်သည်၊ ညည်းသံပြုသူကို လိုက်ရှာ နေကြသည်။

ရှာရသည်ကတော့သိပ်မလွယ်။

ကြည့်လိုက်တိုင်းဖြူဖွေးသော နှင်းပြင်သာဖြစ်နေသည်။

အကယ်၍ ညည်းသံရှင်သည် ဒဏ်ရာရကာလဲနေသည်ဆိုလျှင်ပင်၊ တဖွဲဖွဲကျနေသော နှင်းမှုန်များ၏ ဖုံးလွှမ်းမှုကို ခံထားရလောက်ပြီဖြစ်သည်။

ညည်းသံကလည်း ပေါ်မလာသောကြောင့်၊ အရှာရပိုခက်သည်။

ထမင်းအိုးတလုံးကျက်လောက်ကြာသည်အထိ၊

ဘာမျှမထူးခြား။

ဘာကိုမျှမတွေ့။

ဟို့ တုန်းက ခေါင်းကိုခါယမ်းပြီး၊





"ငါတို့ဒီနားတဝိုက်မှာလိုက်ရှာကြတာအတော်ကြာပြီ လူလဲမတွေ့ဘူး၊ ညည်းသံကိုလည်း မကြားရတော့ဘူး၊ အဒီလူအသက်ပျောက်သွားပြီထင်တယ်၊ သူ့ကို နှင်းတွေကလဲ ဖုံးအုပ်နေမှာဆိုတော့ ရှာလို့ရမယ်မထင်ဘူး"

ကျန်းကြည်တင်းက တစုံတရာပြောမည်ပြုသည်။

သို့သော်။

သူစကားမပြောဖြစ်ပါ။

အဘယ်ကြောင့်ဆိုသော်။

ရုတ်တရက် ညည်းသံလေး ပေါ်လာသောကြောင့်ဖြစ်သည်။

× × ×

"အင်....ဟင် ဟင်"

ညည်းသံလေးပေါ်လာသည်။

သည်တခါတော့ ညည်းသံပေါ်လာသည့်နေရာနှင့်ကပ်နေပြီမို့၊ အသံကိုကောင်းကောင်း ကြားလိုက်ရသည်။

ဟို့ တုန်းနှင့် ကျန်းကြည်တင်းတို့နှစ်ယောက်၊ စကားမဆိုကြတော့။

နှစ်ယောက်သား ဇာတ်တိုက်ထားသလို၊ ညည်းသံပေါ်လာရာသို့ မြင်းများကိုစိုင်းနှင်လိုက်ကြသည်။

အသံကိုကြားရပြီမို့၊ ရှာ၍မခက်တော့ပါ။

နှင်းတောထဲမှညည်းသံရှင်ကို သူတို့ရှာတွေ့ကြသည်။

ထိုသူသည် ခပ်စောင်းစောင်းလေးလဲနေသည်။

တဖွဲဖွဲကျနေသောနှင်းများက သူ့ကိုယ်ပေါ်တွင်လွှမ်းမိုးဖုံးအုပ်၍နေသည်။

ခေါင်းလေးတခြမ်းသာပေါ်နေသည်။

အကယ်၍၊

ညည်းသံကိုသာမကြားရလျှင်၊ ထိုသူ၏အနီးသို့ ရောက်သည့်တိုင်၊ သိရှိနိုင်မည်မဟုတ်ပေ။

ဟို့တုန်းနှင့် ကျန်းကြည်တင်းတို့နှစ်ယောက် မြင်းပေါ်မှအသီးသီးခုန်ဆင်းလိုက်ကြသည်။

ပြီးနောက်။

ထိုသူ၏ကိုယ်ပေါ်တွင် ဖုံးလွှမ်းနေသည့်နှင်းများကို အမြန်ဆုံးဖယ်ရှားလိုက်ကြသည်။





နှင်းများကိုဖယ်ရှားနိုင်ပြီး ထိုသူ၏အသွင်အပြင်ကို ကောင်းစွာမြင်လိုက်ကြသောအခါ၊ သူတို့နှစ်ယောက် မျက်လုံးပြူးသွားကြသည်။

"ဟင်...."

"ဟာ...."

နှုတ်များမှလည်း အံ့ဩသံများ လွှတ်ကနဲ ထွက်ကုန်သည်။

အကြောင်းမှာ....

ညည်းသံရှင်သည် လှပချောမောသော မိန်းမပျိုတယောက်ဖြစ်နေသောကြောင့်ပင်။

မိန်းမပျို၏ ဗယ်ဘက်ပခုံးနှင့် ညာဘက်ပေါင် ရင်းတို့တွင် ဒဏ်ရာများ ရှိနေသည်။

ဒဏ်ရာများပေါ်တွင် နှင်းနှင့်သွေးရောကာ အုံခဲနေသည်။

အရောင်က ညိုပုပ်ပုပ်။

ဟို့တုန်းနှင့် ကျန်းကြည်တင်းတို့မှာ အတွေ့အကြုံ များသူများ ဖြစ်ကြပါသည်။

မိန်းမပျို၏ ဒဏ်ရာများမှာ လက်နက် တခုခုနှင့် ထိမိသည့် ဒဏ်ရာများဖြစ်ကြောင်းချက်ချင်းသိလိုက်ကြသည်။

ပေါင်ရင်းမှဒဏ်ရာ၏ အခြေအနေကို မမြင်နိုင်သော်လည်း ဗယ်ဘက်ပခုံးမှ ဒဏ်ရာမှာကား အတော်ကြီးကြောင်း တွေ့ရသည်။

ဒဏ်ရာသည် အရှည်ခြောက်လက်မကျော်သည်။

ဒဏ်ရာဝတင်သွေးနှင့် နှင်းများခဲနေသောကြောင့် အတွင်းဘက်တွင် အရိုးအကျောများကို ထိခိုက်မှုရှိမရှိမှု မသိနိုင်။

ဒဏ်ရာအကျယ်ကိုကြည့်၍အတွင်းဘက်တွင် အတော်ပင်နက်နက်ရှိုင်းရှိုင်း ထိခိုက်နေမည်ကိုကား အကြမ်းဖျင်း တွေးကြည့်နိုင်သည်။

ကျန်းကြည်တင်းက ဟို့တုန်းကို မော်ကြည့်လိုက်သည်။

ဟို့တုန်းက သက်ပြင်းချလိုက်ကာ....

"ဒဏ်ရာက အတော့်ကိုပြင်းထန်တယ်၊ ပြီးတော့နှင်းတောထဲမှာ ဘယ်လောက်ကြာကြာ အအေးဒဏ် ခံနေရမှန်းလဲ မသိဘူး၊ အသက်ကယ်ဖို့ လွယ်ပါ့မလား"

ကျန်းကြည်တင်းက မိန်းမပျို၏ ညာဘက်လက်ကောက်ဝတ်ကို အသာကိုင်ကာ သွေးခုန်မှု အခြေအနေကို စမ်းကြည့်သည်။

"သွေးတော့ တိုးနေတုန်းပဲ၊ အားပျော့နေတာ မှန်ပေမယ့် သိပ်အခြေမဆိုးသေးဘူး၊ ကျွန်တော့် အရက် တငုံနှစ်ငုံလောက် ပါးစပ်ထဲ ထည့်ကြည့်လိုက်မယ်"





ကျန်းကြည်တင်းက ပြောပြောဆိုဆို ခါးကြားတွင် ချိတ်ထားသော အရက်အိုးကို ဖြုတ်သည်။

အရက်အိုးအဖုံးကို ဗယ်လက်နှင့်ဖွင့်သည်။

ညာဘက်လက်ညှိုးနှင့် လက်မတို့ကိုသုံးကာ မိန်းမပျို၏ ပါးစပ် ပွင့်ဟလာအောင် လုပ်သည်။

ပြီးနောက်....

ပါးစပ်ထဲသို့ အရက်အနည်းငယ်အသာအယာ လောင်းထည့်ပေးလိုက်သည်။

အရက်တိုက်ပေးပြီးနောက် ဟို့တုန်းနှင့် ကျန်းကြည်တင်းတို့သည် မိန်းမပျို၏ အခြေအနေကို ရင်တမမဖြင့် အကဲခတ်ကြည့်နေကြသည်။

× × ×

လေက ပိုထန်လာသည်။

နှင်းတွေကလည်း ပိုကျလာသည်။

ကျန်းကြည်တင်းသည် မြင်းကုန်းနှီးတွင် ချိတ်ထားသော သားမွေးခြုံလွှာတလိပ်ကို ဖြုတ်ယူကာ အသာဖြန့်ပြီး မိန်းမပျို၏ကိုယ်ပေါ် လွှမ်းပေးထားလိုက်သည်။

သူတို့နှစ်ယောက် မိန်းမပျို၏ အခြေအနေကို ကြည့်နေကြသည်။

မကြာပါ။

မိန်းမပျို၏ ဖြူဖတ်ဖြူရော် ဖြစ်နေသော မျက်နှာတွင် သွေးရောင် လျှမ်းလာသည်။

ပြီးတော့....
မှိတ်နေသော မျက်လုံးပွင့်လာသည်။
ကျန်းကြည်တင်းနှင့် ဟိုတုန်းတို့ အားတက်သွားသည်။
"သမီးအာစန်း၊ သမီး"
မျက်လုံးပွင့်လာသည်နှင့်မိန်းမပျို၏ ပါးစပ်မှ အော်ခေါ်သံပေါ်လာသည်။

ပြီးနောက်....
မိန်းမပျို၏ မျက်လုံး ပြန်မှိတ်သွားသည်။
ကျန်းကြည်တင်းက ပြောပြောဆိုဆို ခါးကြားတွင်ချိတ်ထားသော အရက်အိုးကို ဖြုတ်သည်။

မျက်လုံးတချက်သာ ပွင့်ခဲ့သော်လည်း၊ စူးရှတောက်ပြောင်သော မျက်ရိပ်မျက်ရောင်ကို ဟိုတုန်း တွေ့လိုက်ရသည်။
မိန်းမပျိုရထားသော ဒဏ်ရာမှာ ပြင်းထန်လှသည်။
ထို့ပြင်....။





နှင်းခဲများ ဖုံးအုပ်ကာ အချိန်ကြာကြာလဲကျနေခဲ့သည်။

ဒဏ်ရာက သေလောက်သည့်ဒဏ်ရာ။

ဒဏ်ရာမရပဲနှင့်ပင် နှင်းပြင်ထဲတွင် ယခုလို အချိန်ကြာကြာ လဲကျနေလျှင် သွေးခဲကာ သေနိုင်သည်။

ယခု....၊

ဤမိန်းမပျိုမှာ သတိလစ်ရုံသာဖြစ်နေကာ အရက်တငုံနှစ်ငုံ တိုက်ကျွေးကာ အပူဓာတ်ရစေလိုက်သည်နှင့် သတိတချက်ပြန်ရလာသည်။

ပြီးတော့....၊

မျက်လုံး အရောင်များကလည်း အလွန်ပင် စူးရှတောက်ပသည်။

ဤအချက်များကို ထောက်၍ ဤမိန်းမပျိုမှာ သာမန်မဟုတ်နိုင်ကြောင်း ဟိုတုန်း တွေးမိသည်။
"ဒီမိန်းမပျိုဟာ သာမန်မဟုတ်နိုင်ဘူး ငါတို့သူ့ကိုခေါ်သွားကြမယ်"

ဟိုတုန်းကပြောလိုက်သည်။
ဟိုတုန်းသည် မိန်းမပျိုမှာ သာမန်မဟုတ်ကြောင်းကိုသာ တွေးမိသည်။

မိန်းမပျိုနှင့် ပတ်သက်ယှက်နွယ်နေသည့် အန္တရာယ်စက်ကွင်းကိုတော့ ဟို့တုန်း မသိပေ။

ထိုမိန်းမပျိုကို ကယ်တင်လိုက်မှုကြောင့်၊ အထူးပင်ကြောက်မက်ဖွယ်ရာကောင်းသော ဘေးအန္တရာယ်ဆိုးကြီးနှင့် ရင်ဆိုင်ရမည်ဆိုသည်ကိုကား ဟို့တုန်း တွေးပင်မတွေးမိ။

ဟို့တုန်း၏ ခွင့်ပြုချက်ကိုရသည်နှင့်၊

ကျန်းကြည်တင်းသည် မိန်းမပျိုကို သားမွေးခြုံလွှာနှင့် ပတ်ကာ ပွေ့ယူလိုက်သည်။

မိန်းမပျို၏ ဘေးနားတွင် ဓားတလက်ကိုတွေ့ရာ ဟို့တုန်းက သိမ်းယူထားလိုက်သည်။

ကျန်းကြည်တင်းက၊
မိန်းမပျိုကို မိမိ၏ မြင်းပေါ်တင်သည်။
ပြီးနောက်၊
ကျန်းကြည်တင်းက မြင်းပေါ်သို့တက်လိုက်သည်။

ထိုအချိန်တွင် ဟို့တုန်းသည် မြင်းပေါ်သို့ တက်နှင့်ပြီးဖြစ်သည်။

ထိုနောက်တွင်တော့၊

ဟို့တုန်းနှင့် ကျန်းကြည်တင်းတို့သည် မြင်းများကို စိုင်းနှင်ကာ ထွက်လာခဲ့ကြသည်။





အနောက်မြောက်လေက ခပ်ပြင်းပြင်း တိုက်ခတ်ဆဲ။
နှင်းပွင့်များက တဖွဲဖွဲကျနေဆဲ။
ထုံပေါ့စမ်း တောင်တန်းကြီးက ဣန္ဒြေကြီးစွာငြိမ်သက်နေဆဲ။

× × ×

# အခန်း (၇)

ဟို့တုန်းနှင့် ကျွန်းကြည်တင်း။

သူတို့နှစ်ယောက်မှာ နာမည်ရ သိုင်းသမား နှစ်ဖော်ဖြစ်ကြသည်။

တဆရာတည်း တပည့်၊ သိုင်းပညာ အတူသင်ခဲ့ပြီး စိတ်သဘောထားချင်းလည်း တိုက်ဆိုင်သောကြောင့် မခွဲမခွာပဲ တပူးတွဲတွဲ သွားလာလှုပ်ရှားနေခဲ့ကြသည်။

ဟို့တုန်းသည် ဓားပစ်ဓားပေါက်ကောင်းသည်။ ဓားသိုင်းကျွမ်းသည်။

ထို့ကြောင့်၊

'ခါးပျံ ဟို့တုန်း' ဟုနာမည်ရသည်။

ကျန်းကြည်တင်းမှာမူ လက်ဝါးသိုင်းကွက်စွမ်းသည်။ လက်မောင်းအားသန်သည်။ အချုပ်အဖမ်းပိုင်နိုင်သည်။

ထို့ကြောင့်၊

'သံလက်မောင်း ကျန်းကြည်တင်း' ဟုကျော်ကြားသည်။

သူတို့နှစ်ယောက်သည် ဆရာထံမှထွက်၍ သိုင်းလောကတွင် အခြေချသည့် အချိန်မှစကာ မခွဲမခွာ အတူသွားလာကြသည်။ မည်သည့် နေရာသို့ရောက်ရောက်၊

ဟို့တုန်းရှိလျှင်၊ ကျန်းကြည်တင်းရှိသည်။

ကျန်းကြည်တင်းကို မြင်ရလျှင် ဟို့တုန်း ပေါ်လာမည်ကို ကိန်းသေတွက်နိုင်သည်။

သူတို့နှစ်ယောက်ကို သိုင်းလောကတွင် 'ယီနန်ညီနောင်'ဟုလည်း ခေါ်ကြသည်။

ဟို့တုန်းသည် နေပြည်တော် ရာဇပတ်မှ နှိမ်နင်းရေးတပ်ဖွဲ့တွင် အမှုထမ်းနေကြသူများလည်း ဖြစ်သည်။

သူတို့၏ သိုင်းပညာများကို ဒုစရိုက်မှု နှိမ်နင်းရေး လုပ်ငန်းများတွင်ထိထိမိမိ အသုံးချနိုင်သောကြောင့် သူတို့ကို သက်ဆိုင်ရာများက ချီးမွမ်း ဂုဏ်ပြုကြသည်။





ယခု လောလောဆယ်တွင် အလွန်ဆိုးသွမ်းလှသော အနက်ရောင်သိုင်းသမား ဆိုးကြီးတယောက်ကို စုံစမ်းနှိမ်နင်းရန် သူတို့ တာဝန် ယူထားကြရသည်။

ယခု ခရီးထွက်လာမှုကတော့ ထိုသိုင်းသမား ဆိုးကြီးနှင့် မပတ်သက်။

ဟို့တုန်းတို့နှစ်ယောက်သည် လန်ယန်နယ်ရှိ လုံကျုံးစန်းတောင်ပေါ်မှ 'ထင်းရှူးစိမ်းဂေဟာ'သို့ သွားရောက်ကာ ခရီးထွက်လာကြခြင်း ဖြစ်သည်။

"ထင်းရှူးစိမ်း ဂေဟာ"

ဤနေရာကို သိုင်းလောကတွင် မသိသူမရှိပေ။

ထင်းရှူးစိမ်းဂေဟာတွင် ထင်ရှား ကျော်ကြားလှသော သမားတော် သိုင်းသမားကြီး ကွမ်းစုန်းကျင်နေထိုင်သည်။

ယခုနှစ် တရုတ်ပြက္ခဒိန် (၁၂)လပိုင်း (၅) ရက် နေ့မှာ ကွမ်းစုန်းကျင်၏ အသက် (၇၀)ပြည့် မွေးနေ့ဖြစ်သည်။

မွေးနေ့မင်္ဂလာ အခန်းအနားကို 'ထင်းရှူးစိမ်း ဂေဟာ' တွင် ကျင်းပရန် ဖိတ်စာများ ဝေငှထားပြီးဖြစ်သည်။

'ယီနန် ညီနောင်'တို့လည်း ဖိတ်စာရရှိခဲ့သည်။

သူတို့နှစ်ယောက်သည် အရေးပေါ် ရာဇဝတ်မှု နှိမ်နင်းရေး အလုပ်ကို တာဝန်ထမ်းဆောင်ခဲ့ရသောကြောင့် ခရီးထွက်ရာတွင် အချိန်နောက်ကျခဲ့သည်။

သူနှစ်ယောက် နေထိုင်ရာ စင့်ယန်နယ်မှ (၁၂) လပိုင်း (၂) ရက်နေ့တွင်မှ ခရီးထွက်လာနိုင်ခဲ့သည်။

ခရီးထွက်ချိန် နောက်ကျသော်လည်း ခရီးပြင်း နှင်လျှင် သင်းရှူးစိမ်း ဂေဟာသို့ အချိန်မီ ရောက်နိုင်မည်ဟု သူတို့ မျှော်လင့်ထားခဲ့သည်။

သို့သော်....

ဟုံပေါ့စမ်းတောင်ကို အဖြတ်တွင် မမျှော်လင့်ပဲ ခရီးဖင့်စရာ ကိစ္စ ပေါ်ခဲ့ရသည်။

× × ×

ဟို့တုန်းနှင့် ကျန်းကြည်တင်းတို့ စီးလာသော မြင်းများမှာ မြင်းကောင်းများ ဖြစ်ကြသည်။

သို့သော်....





ခရီးပြင်းနှင်လာခဲ့သည့်အချိန် ကြာမြင့်ပြီး ဒဏ်ရာရသူ မိန်းမပျိုကို တင်ခေါ်လာရသည်မို့ ခရီးသိပ်မတွင်။

ဟို့တုန်းနှင့်ကျန်းကြည်တင်းတို့သည် မိန်းမပျိုကိုတယောက်တလှည့်စီ မြင်းပေါ်တင်ကာ ခရီးဆက်လာကြသည်။

လူအပိုတင်ထားသည့်အပြင်ထိုသူမှာလည်း ဒဏ်ရာပြင်းပြင်းထန်ထန် ရထားသည်မို့ မြင်းများကို စိတ်ရှိတိုင်းနှင်၍မရ။

ထိန်းကာ သွားနေရသည်။

မိုးစင်စင်လင်းသောအခါ ထုံပေါ့စမ်း တောင်ခြေနားရှိ လုံကျိုမြို့သို့ ရောက်လာကြသည်။

မိန်းမပျိုမှာ သတိမရသေး။

အသက်ကိုတော့ ကောင်းစွာ ရှူနေသည်။

သွေးတွေ ပေကျံနေသော ဒဏ်ရာရထားသူတယောက်ကို မြင်းပေါ်တင်ကာ နေ့ခင်းကြောင်တောင် သွားနေဖို့လည်း မသင့်။

အစပိုင်းကတော့ ဟို့တုန်းသည် မိန်းမပျိုကို လမ်းတွင် အယင်ဆုံးတွေ့ရသည့် မြို့ရွာတခုခုတွင် ဝင်အပ်ထားမည်ဟု စိတ်ကူးခဲ့သည်။

သို့သော်...

မိန်းမပျို၏ ထူးခြားသော အသွင်အပြင်ကို အကဲခတ်မိသည့်အတွက် ထိုစိတ်ကူးကို ပြောင်းလိုက်သည်။

သည်တော့။

ဟိုတုန်းတို့အဖို့ တနေရာရာတွင် ခေတ္တတော့ ဝင်နားမှ ဖြစ်မည်။

လုံကျိုမြို့သည် မြို့ငယ်တခုသာ ဖြစ်ပါသည်။

သို့သော်....

ခရီးလမ်းဆုံနေရာတွင် တည်ရှိသောကြောင့်၊ မြို့ထဲတွင် စားသောက်ဆိုင်များ၊ တည်းခိုရိပ်သာများ အများအပြားပင်ရှိသည်။

'ငြိမ်းဖုတည် ခိုရိပ်သာ'။

ဤ တည်းခိုရိပ်သာသည် လုံကျိုမြို့လေးတွင် အကြီးဆုံးသော တည်းခိုရိပ်သာ ဖြစ်သည်။

ဟိုတုန်းတို့သည် ငြိမ်းဖုဘည်းခိုရိပ်သာထဲသို့ ဝင်လာခဲ့ကြသည်။

သူတို့နှစ်ယောက်ကိုရိပ်သာလုလင်တယောက်ကဆီးကြိုသည်။

သူတို့တွင် ဒဏ်ရာရလျက် သတိလစ်နေသော မိန်းမပျို တယောက်ပါလာသည်ကို မြင်ရသည်တွင် ရိပ်သာလုလင်မှာ မျက်မှောင်ကြုတ်သွားသည်။





သို့သော်....၊

တစုံတရာ ထုတ်ဖော်မေးမြန် ခြင်းတော့မပြု။

ရိပ်သာလုလင်မှာ အတွေ့အကြုံရင့်ကျက်နေသူ ဖြစ်သည်။ မည်သူ့ကိုမေးအပ်သည်၊ မည်သူ့ကိုမစပ်စုအပ် ဆိုသည်ကို ကောင်းကောင်းသိနေသည်။

ထို့ကြောင့်၊

ဘာမျှမေးမြန်းခြင်းမပြု။

ခရီးဦးကြိုဆိုသော စကားသာ ပြောလိုက်သည်။

"ဆရာတို့နှစ်ယောက် ခဏဝင် အ န်းဖြေကြမလား၊ ဒါမှမဟုတ် အခန်းငှားပြီး တည် ခိုနေထိုင်ကြမှာလား ခင်ဗျ"

ဟိုတုန်းက ခပ်သွက်သွက်ပင်....

"ငါတို့ ခဏပဲနားကြမှာ ဒါပေမယ့် သန့်ရှင်းသပ်ရပ်တဲ့ အခန်း နှစ်ခုလိုချင်တယ်၊ အမြန်စီစဉ်ပေးပါ၊ ငါတို့မြင်းတွေကိုလည်း အစာကောင်းကောင်းကျွေးပြီး ရေဝဝတိုက်ထားလိုက်၊ ငါတို့အဖို့ အရက်နဲ့ စားသောက်ဖွယ်ရာတွေပြင်ဆင်ထားပေးပါ၊ အနားယူပြီးယင် ငါတို့ခရီးဆက်ထွက်မယ်"

တည်းခိုရိပ်သာလုလင်က ဦး ညွှတ်အရိုအသေပေးပြီး....။

"ကောင်းပါပြီ အထဲကိုကြွကြပါ မြင်းတွေကို မြင်းဇောင်းလုလင်တွေက ကောင်းကောင်းကြည့်ထားပါလိမ့်မယ်"

ကျွန်းကြည်တင်းက မိန်းမပျိုကိုပွေ့ချီကာ တည်းခိုရိပ်သာထဲသို့ဝင်လာသည်။

ဟိုတုန်းကမူ မိမိ၏ ခရီးဆောင်အိတ်နှင့် ကျွန်းကြည်တင်း၏ ခရီးဆောင်အိတ်တို့ကို ထမ်းယူလာခဲ့သည်။

× × ×



## အခန်း (၄)

အခန်းများသို့ လိုက်ပို့ပေးပြီးနောက် တည်းခိုရိပ်သာ လုလင်လေးထွက်ခွာသွားသည်။

ရိပ်သာလုလင်လေး ထွက်သွားသည်နှင့်၊

ကျွန်းကြည်တင်းက မိန်းမပျိုကိုခုတင်ပေါ် အသာဘောင်လိုက်သည်။

ကျွန်းကြည်တင်းသည် မိန်းမပျို၏ ပခုံးပေါ်မှ ဒဏ်ရာကို အယင် ရေဘန္ဒးနှင့် ဆေးကြောပေးသည်။

ခဲနေသောသွေးများကို သန့်စင်ပေးပြီးနောက်၊ ဒဏ်ရာကြီးကို ကောင်းကောင်းမြင်ရသည်။

ချွန်ထက်သော လက်နက်ဖြင့် ထိုးရှမိသည့်ဒဏ်ရာဖြစ်သည်။

ခြောက်လက်မခန့်ရှည်ပြီး တလက်မခန့်နက်သည်။

မိန်းမပျိုသည် ရေခဲများ ဖုံးအုပ်ခံထားရမှုမှာ တခုတော့ ကောင်းသွားသည် ဟုဆိုရမည်။

ရေခဲများဖုံးထားမှုကြောင့် ဒဏ်ရာဝမှ သွေးများခဲကျန်ကာ သွေးတိတ်သွားသည်။

မဟုတ်ပါက၊

ဒဏ်ရာမှ သွေးထွက်များကာ အသက်အန္တရာယ် ဖြစ်နိုင်သည်။

ကျန်းကြည်တင်းက ပခုံးမှဒဏ်ရာကို သန့်စင်ပေးပြီးနောက် ဟို့တုန်းက အစွမ်းထက်သည့် အနာကျက်ဆေးများကို ထည့်ကာလိမ်းပေးသည်။

ပြီးနောက်ပတ်တီးစည်းပေးလိုက်သည်။

ပေါင်မှ ဒဏ်ရာကိုလည်း ဤနည်းအတိုင်းပင်ဆေးကြောကာ ဆေးထည့်၍ ပတ်တီးစည်းနှောင်ပေးလိုက်သည်။

မိန်းမပျို၏ မျက်နှာပေါ်တွင် ပေကျံနေသည်များကိုလည်း သုတ်သင်သန့်စင်ပေးလိုက်သည်။





ဤသို့ပြုစုပေးပြီ နောက် ဟို့တုန်းတို့နှစ်ယောက်သည် မိန်းမပျိုကို သေသေချာချာကြည့်လိုက်သည်။

မိန်းမချောတယောက်ပင်ဖြစ်သ ည်။

သူတို့နှစ်ယောက်သည်ပြေးလွှားလှုပ်ရှားနေရသည့်အ တွက် မိန်းမပျို၏အလှကို သတိမပြုမိနိုင်ခဲ့ကြ။

ယခုမှသာ အခြေအနေ အတော်လေးအေးဆေးသွားပြီမို့ မိန်းမပျို၏ အလှကို ရှုမြင်နိုင်ကြ ခြင်းဖြစ်သည်။

မိန်းမပျိုသည် အသက် ၂၅ နှစ်ခန့်ရှိသ ည်။

သွေးအားနည်းနေသောကြောင့် မျက်နှာ ဖြူဖပ်ဖြူလျော် ဖြစ်နေသည်။

သို့သော်၊

မိန်းမပျို၏ အလှအပများကား ပျောက်ကွယ် မသွားပါ။

မျက်ခုံးမွေးများသည် ဆေး ရေးခြယ်ထားသလို မည်းနက်လှပသည်။

သွားများက ပုလဲလုံးလေးများ စီထားသလို၊

ဖြူဖွေး ညီညာသည်။

ဆံကေသာများကလည်း ရှည်လျား နက်မှောင်သည်။

ရင် မို့ မို့၊

ခါး ကျင် ကျင်၊

တင်ပါးကြီးက ကားအိနေသည်။

ပေါင်လုံး ပေါင်တန်များကလည်း အချိုးကျ လှပသည်။

အကယ်၍ ဒဏ်ရာသာ ရမထားပါက ပြိုင်ဘက်ကင်းသည့် အလှပဂေးဖြစ်မှာ မလွဲ။

ဟို့တုန်းသည် မိန်းမပျိုထံမှ မျက်လုံးလွှဲလိုက်ပြီး၊

"သူ့ကို ကြက်ပြုတ်ရည်နဲ့ချင်းရည်နဲ့ ရောတိုက်ယင်ကောင်းမယ်၊ သွားမှာလိုက်ပါ"

ကျန်းကြည်တင်းသည် ခေါင်းညိတ်ပြီးထွက်သွားသည်။

ဟို့တုန်းက မိန်းမပျို၏ ကိုယ်ပေါ်သို့ စောင်ပါးလေး တထည် လွှမ်းခြုံပေးလိုက်သည်။

ကျန်းကြည်တင်းသည်ရိပ်သာလုလင်လေးတယောက်ကိုခေါ်ကာ ကြက်ပြုတ်ရည်နှင့် ချင်းရည် မှာလိုက်သည်။

× × ×

မကြာမီမှာပင် ကြက်ပြုတ်ရည်နှင့် ချင်းရည် ရောက်လာသည်။





ဟို့တုန်းက အရည်နှစ်ခုကို ပန်းကန်လုံးတလုံးတွင် အသာရောစပ်ကာ မိန်းမပျို၏ပါးစပ်ထဲသို့ လောင်းထည့် တိုက်ကျွေးပေးသည်။

တပန်းကန်လုံးတော့ မကုန်။

တဝက်ခန့်သာ ကြိုးစားလောင်းထည့်၍ ရသည်။

ထိုအချိန်တွင် ရိပ်သာလုလင်နှစ်ယောက်က သူတို့အတွက် စားသောက်ဖွယ်ရာများ ယူလာသည်။

ဟို့တုန်းတို့ နှစ်ယောက်သည်၊

ခပ်မြန်မြန်ပင် စားသောက်လိုက်ကြသည်။

ပြီးနောက်၊

မိန်းမပျို၏အခြေအနေကို စောင့်ကြည့်နေသည်။

"အခုထက်ထိ သတိမရသေးပါလား"

ကျန်းကြည်တင်းက ပြောသည်။

ကျန်းကြည်တင်း၏စကားအဆုံးမှာပင် မိန်းမပျိုသည် အနည်းငယ် လှုးလွန့်လှုပ်ရှားလာသည်။

ဟို့တုန်းက အားရဝမ်းသာပင်၊

"ဟော....သတိရတော့မယ်ထင်တယ်"

ကျန်းကြည်တင်း၏ စိတ်ထဲတွင်လည်း ထိတ်ကနဲ လှုပ်ရှားသွားသည်။

ထိုင်နေရာက ဖင်ပင် တချက်ကြွသွားမိသည်။

မိန်းမပျိုပါးစပ်မှ လေဟူးကနဲမှုတ်ထုတ်လိုက်သည်။

ပြီးနောက် မျက်စိ တဖြည်းဖြည်းပွင့်လာသည်။

မိန်းမပျိုသည် ဟို့တုန်းတို့ကိုကြည့်ကာ ပြုံးရယ်လိုက်ပြီး၊

"ကျွန်မဒုက္ခရောက်နေတုန်း ကူညီကယ်တင်ပေးလို့ ကျေးဇူးအများကြီးတင်ပါတယ်"

မိန်းမပျို၏အသံမှာ အားနည်းနေသည်။

ဒါပေမယ့်၊

သာယာသည်။

အပြုံးက အားလျော့နေသော်လည်း၊

လှပသည်။

မိမိတို့ ကြိုးစား ပြုစုပေးမှုအောင်မြင်သည်မို့ ဟို့တုန်းနှင့် ကျန်းကြည်တင်းတို့နှစ်ယောက် အလွန် ဝမ်းသာနေကြသည်။

ရုတ်တရက် စကားပင်မဆိုနိုင်။

မိန်းပျိုကိုသာ ကြည့်နေမိသည်။

မိန်းမပျိုက ဆက်လက်၍၊





"ရှင်တို့ရဲ့ စေတနာကောင်းပေမယ့် ကျွန်မဒဏ်ရာက သိပ်ပြင်းထန်ဘာမို့ ကျွန်မအသက်ဟာနောက်သုံးရက်ထက်ကြာပြီး မရှည်တော့ပါဘူး"

ဟို့တုန်းတို့နှစ်ယောက် အံ့သြသွားကြသည်။

ဟို့တုန်းကမယုံနိုင်ဟန်ဖြင့်။

"ခင်ဗျားဒဏ်ရာကပြင်းထန်နေပေမယ့် ကုလို့တော့ပျောက်ကင်းနိုင်ဘယ်၊ ကောင်းကောင်း အနားယူပြီး ကုသလိုက်ယင် ပျောက်ကင်းသွားမှာပါ၊ အခုတောင် ခင်ဗျားသတိရလာနိုင်ပြီမဟုတ်လား"

မိန်းမပျိုက မချိပြုံး၊ ပြုံးလိုက်ပြီး။

"ကျွန်မ ရထားတဲ့ ဓားဒဏ်ရာတွေက ကျွန်မကို အသက်အန္တရာယ်မပေးနိုင်ပါဘူး၊ ဒါပေမယ့်"

ကျန်းကြည်တင်းကသိလိုစိတ်ဖြင့်။

"ဒဏ်ရာကအသက်အန္တရာယ်မဖြစ်စေနိုင်ယင် ဘာကအသက်အန္တရာယ်ဖြစ်စေနိုင်မှာလဲ"

"ကျွန်မမှာ အဆိပ်လက်နက်အထိခံထားရတယ်၊ အဆိပ်က သိပ်ကိုပြင်းထန်တယ်၊ ဘယ်လိုမှကုသလို့ရနိုင်မယ်မဟုတ်ပါဘူး"

ဟို့တုန်းတို့နှစ်ယောက် အံ့သြသွားကြသည်။

နှစ်ယောက်သားပြိုင်တူပင်။

"ဘယ်နေရာမှာ အဆိပ်လက်နက် အထိခံထားရတာလဲ"

မိန်းမပျိုက မချိပြုံး၊ ပြုံးလိုက်ပြန်သည်။

"ကျွန်မအထိခံထားရတာက မြွေးတိုတို၊ သံကြာစေ့တို့ ဘာတို့ဆိုတဲ့သာမန်ရိုးရိုးလက်နက်မျိုးမဟုတ်ပါဘူး၊ ပျံလွှားမြိုး အဆိပ်အပ် အထိခံထားရတာပါ"

ဟို့တုန်းနှင့် ကျွန်းကြည်တင်းတို့ အံ့ဩထိတ်လန့် သွားကြသည်။

သူတို့ နှစ်ယောက်မှာ ထိတ်လန့်အံ့ဩလွန်း သောကြောင့် စကားပင် ရုတ်တရက် မဆိုနိုင်ကြတော့ပေ။

✻ × ×



## အခန်း (၅)

ပျံလွှားမြိုး အဆိပ်အပ်။

အလွန်ကြောက်စရာကောင်းသော လက်နက်ပုန်း ဖြစ်သည်။

သိုင်းလောကတွင် ရှိသမျှသော အဆိပ်လက်နက် များတွင် ကြောက်စရာအကောင်းဆုံး။

အရက်စက်ဆုံး။

အကြမ်းကြုတ်ဆုံး။

"ပျံလွှားမြိုးအဆိပ်အပ်ကို အသုံးပြုသူမှာလည်း တဦးတည်းသာရှိသည်။

နတ်ဆိုးကြီးချဲယွင်ထိန်၊

သို့မဟုတ်။

အမိုက်တကာ့ထိပ်ခေါင်၊ အဆိုးသွမ်းဆုံးသော အနက်ရောင် သိုင်းသမားအများစုသည်၊ နတ်ဆိုးကြီး ချဲယွှင်ထိန်၏အမည်ကို ကြားရုံဖြင့် ကျောချမ်းကာ ကြောက်ဒူးတုန် သွားကြမြဲဖြစ်သည်။

ချဲယွှင်ထိန်သည်၊ သိုင်းပညာစွမ်းထက်သည်။

စိတ်ကြမ်းကိုယ်ကြမ်း ရက်စက်လှသူဖြစ်သည်။

နတ်ဆိုးကြီးချဲယွှင်ထိန်၏သက်စွဲဖြစ်သော ပုံလွှားမြီး အဆိပ် အပ်ကိုလည်း သိုင်းသမားတိုင်းကြောက်ရွံ့ကြသည်။

ဤမိန်းမပျိုတွင် ပုံလွှားမြီးအဆိပ်အပ်သာ ဘာကယ်ထိမှန်ခံ ထားရလျှင်၊

အသက်ကယ်တင်ကုသနိုင်ရန် နည်းလမ်းအလွန်နည်းသည်။

× × ×

အခန်းထဲတွင် တိတ်ဆိတ်နေသည်။

အဘန်ကြာအောင်ငြိမ်သက်နေပြီးမှ ဟို့တုန်းက။





"နတ်ဆိုးကြီး ချဲယွှင်ထိန်ဆိုတာ တကယ့်အမိုက်တကာ့ထိပ် ခေါင် အနက်ရောင် သိုင်းသမားဆိုးကြီးတယောက်ပဲ သူနဲ့ ခင်ဗျားနဲ့က ဘယ်လိုအကြောင်းကိစ္စကြောင့် ရင်ဆိုင်မိကြတာ လဲ"

မိန်းမပျိုကခေါင်းကိုခါယမ်းပြကာ။

"အဲဒီအကြောင်းကို မပြောပါရစေနဲ့ရှင်"
ပြောယင်းနှင့်ပင် ငိုသံပါလာသည်။

မျက်လုံးအိမ်များတွင်လည်း မျက်ရည်များ ရစ်ဝဲလာသည်။

"ဘယ်နေရာမှာ ပုံလွှားမြီးအဆိပ်အပ် ထိမိတာလဲ"

ကျန်းကြည်တင်းက မေးလိုက်ပြန်သည်။

"မိန်းမပျိုက ခေါင်းကိုငုံ့ထားယင်း၊

"ဒါကိုတော့ သည်းခံကြပါရှင်၊ ပုံလွှားမြီး အဆိပ်ထိမိတဲ့ နေရာကို ထုတ်ဖော်ပြောလို့ မသင့်လျော်လို့ပါ မသိချင်ကြပါနဲ့ ရှင်တို့နှစ်ယောက်ရဲ့စေတနာကို ကျွန်မအနေနဲ့ ဒီဘဝမှာတော့ တုံ့ပြန်နိုင်မှာမဟုတ်ပါဘူး၊ နောက်ဘဝကျမှပဲကျေးဇူးပြန်ဆပ် ပါ့မယ်"

ဤသို့ပြောပြီး မိန်းမပျိုက သက်ပြင်းလေးတချက် ချလိုက် သည်။

စကားမဆက်တော့။

မျက်စိကိုအသာမှိတ်ကာ မှိန်းနေလိုက်သည်။

ကျွန်းကြည်တင်းက ဟို့တုန်းကိုအသာလက်ထိုးကာ အခန်းပြင်သို့ ခေါ်လာခဲ့သည်။

အခန်းပြင်သို့ရောက်သောအခါ ကျွန်းကြည်တင်းက၊

“ဒီမိန်းမပျို ဘယ်သူဆိုတာကိုလဲ ကျွန်တော်တို့ မသိရဘူး၊ ဒါပေမယ့် သူက နတ်ဆိုးကြီး ချဲယွင်တိန်နဲ့ ရင်ဆိုင်တိုက်ခိုက်ခဲ့ရတယ်ဆိုတော့ သာမညမဟုတ်ဘူး၊ သူ့ အတွင်းအားကလဲ အတော်ကိုကောင်းတယ်”

ဟို့တုန်းက ခေါင်းညိတ်လိုက်ကာ၊

“အေး....ဟုတ်တယ်၊ အဲဒီတော့ မင်းက ဘယ်လိုလုပ်ချင်သလဲ ပြော”

“ကျွန်တော်တို့ကသူ့ကိုကယ်တင်ခဲ့ပြီးပြီဆိုမှတော့ အားလုံးအစအဆုံး လုပ်ပေးကြတာပေါ့”

“လုပ်ဆောင်ကူညီပေးတာတော့ ဟုတ်ပါတယ်၊ ဒီမိန်းမပျိုက ပျံလွှားမြီးအဆိပ်အပ် ထိထားတယ်ဆိုတော့ အဆိပ်ဖြေကုသဖို့က သိပ်ကိုခက်တယ်၊ ကုသနိုင်မယ့်နည်းလမ်း မရှိသလောက်ကိုဖြစ်နေတယ်မဟုတ်လား”





ကျွန်းကြည်တင်း တချက်စဉ်းစားလိုက်ပြီး၊

“ကျွန်တော် တခု စဉ်းစားမိတယ်”

ဟို့တုန်းက ကျွန်းကြည်တင်းကို ဆတ်ကနဲကြည့်လိုက်သည်။

“ဘာများလဲ ပြောစမ်းပါဦး”

“ဆရာကြီး ကွမ်းစုန်ကျင်ဟာ ဗဟုသုတတွေ အတွေ့အကြုံတွေ အများကြီးရှိတယ်၊ သူ့ရဲ့ဆေးပညာစွမ်းကလဲ တကယ့်ကိုစွမ်းတယ်၊ အဆိပ်အမျိုးမျိုး ကုသနိုင်တာကြောင့်လဲ ကျော်ကြားနေတယ်”

ဟို့တုန်းက ကြားဖြတ်၍၊

“မင်းကဒီမိန်းမပျိုကို ဆရာကြီးကွမ်းစုန်ကျင်ဆီ ခေါ်သွားချင်လို့လား”

“ဟုတ်ပါတယ်၊ ကျွန်တော်တို့ လှည်းတစီးငှားပြီး သူ့ကိုတင်ခေါ်သွားယင် မကောင်းဘူးလား”

ဟို့တုန်းက ချက်ချင်း အဖြေမပေး။

အတန်ကြာအောင် စဉ်းစားပြီးမှ၊

“ဆရာကြီး ကွမ်းစုန်ကျင်ဟာ အဆိပ်အမျိုးမျိုး ကုသနိုင်တဲ့အတွက်နာမည်ကြီးနေတာအမှန်ပဲ၊ ငါတို့ကလဲ အခြားဘာမှလုပ်မပေးနိုင်တဲ့အတူတူ သူ့ကို ဆရာကြီး ကွမ်းစုန်ကျင်ဆီပို့

လိုက်တာ ကောင်းပါတယ်၊ ကံကောင်းထောက်မယင်ဆရာကြီး ကွမ်းစုန်ကျင်က သူ့ကို ကုသပေးချင် ပေးနိုင်ပါလိမ့်မယ်"

"ဒါဆိုယင် ကျွန်တော် မြင်းလှည်းသွားငှားမယ်"

"အေး...."

ကျန်းကြည်တင်း မြင်းလှည်းငှားရန် ထွက်သွားသည်။

ဟို့တုန်းလည်း အခန်းထဲပြန်ဝင်လာကာ သိမ်းဆည်းစရာရှိသည်များကို သိမ်းဆည်းပြင်ဆင်သည်။

မကြာပါ၊

ကျန်းကြည်တင်း ပြန်ရောက်လာသည်။

ကျန်းကြည်တင်းက မိန်းမပျိုကို ပေးမကာ တည်းခိုရိပ်သာထဲမှ ထွက်လာသည်။

ဟို့တုန်းက ခရီးဆောင်အိတ်များကိုသယ်၍ နောက်မှလိုက်လာသည်။

ကျန်းကြည်တင်းငှားလာခဲ့သော မြင်းလှည်းက တည်းခိုရိပ်သာရှေ့တွင် အသင့်ရှိနေသည်။

မိန်းမပျိုကို မြင်းလှည်းပေါ်တွင် သက်တောင့် သက်သာရှိစေရန်ပြု၍ တင်ပေးသည်။

ထို့နောက်၊





ဟို့တုန်းနှင့် ကျန်းကြည်တင်းတို့က မြင်းစီးကာခြံရံပြီး ခရီးထွက်လာခဲ့ကြသည်။

သူတို့လှုပ်ရှားမှုများကို အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် အဘိုးအိုတယောက်က ခပ်လှမ်းလှမ်းမှ သေသေချာချာ ကြည့်နေသည်။

ဟို့တုန်းတို့ကတော့ ဤအဖြစ်ကိုမသိကြပေ။

မြင်းလှည်းကိုသာ အမြန်မောင်းခိုင်းပြီး ထွက်သွားကြသည်။

× × ×

## အခန်း(၆)

တရုတ်ပြက္ခဒိန် (၁၂)လပိုင်း(၆)ရက်နေ့။

ဟိုဲ့တုန်းတို့ညီနောင် ခုံကျုံးစန်း တောင်ခြေသို့ ရောက်လာသည်။

ထိုအချိန်မှာ၊

ကွမ်းစုန်ကျင်၏ မွေးနေ့မင်္ဂလာပွဲ ကျင်းပပြီး သွားပြီ ဖြစ်သည်။

သို့သော်....၊

ခုံကျုံးစန်းတောင်တွင် ဧည့်သည်များ သွား လာ လှုပ်ရှားလျက်ပင်ရှိကြသေးသည်။

ဟို့တုန်းတို့ တောင်ပေါ်တက်ခဲ့ကြရာတွင်၊

မွေးနေ့မင်္ဂလာပွဲမှ ယခုမှပြန်လာကြဟန်တူသောသိုင်းသမား များကို တွေ့ကြရသည်။

ဟို့တုန်းတို့ညီနောင်စိတ်ထဲတွင် မိမိတို့မှာမွေးနေ့မင်္ဂလာပွဲကို နောက်ကျမှ ရောက်လာသည့်အပြင် လူနှာလည်း ပါလာသည့် အတွက် အတော်ခွကျနေပြီဟု တွေးနေမိသည်။

သို့သော်....၊

မတတ်နိုင်။

စထားသည့်အလုပ်ကိုတော့ ပြီးဆုံးအောင် လုပ်ရပေမည်။ ဒဏ်ရာပြင်းပြင်းထန်ထန် ရထားသူ မိန်းမပျိုတယောက်ကို သည်အတိုင်း ပစ်ထားလိုက်လို့လည်း မသင့်။ မဖြစ်။

သူတို့သည် ထင်းရှူးစိမ်းဂေဟာသို့ အမြန်ဆုံးရောက်ရန်သာ ခရီးသွက်သွက် နှင်နေကြသည်။

တောင်ခြေမှ ထင်းရှူးစိမ်းဂေဟာရှိရာသို့ တက်သောလမ်း မှာ အတော်ပင်ကောင်းမွန် ပြေပြစ်သည်။

ဟို့တုန်းတို့ညီနောင် တောင်ပေါ်သို့ တက် လာ ကြောင်း သတင်းကို ကျွမ်းစုန်ကျင်က သိထားသည်။

ထို့ကြောင့်၊



လွင်စာပေ



ကျွမ်းစုန်ကျင်သည်ဂေဟာအဝင်ဝတွင်ထွက်၍ကြိုဆိုသည်။

ကျွမ်းစုန်ကျင်ကိုယ်တိုင် ကြိုဆိုနေသည်ကို တွေ့ရသောအခါ၊

ဟို့တုန်းတို့ညီနောင်သည် မြင်းများပေါ်မှ ချက်ချင်းဆင်း လိုက်ကြသည်။

နှစ်ယောက်သား ဂါရဝပြုပြီးနောက်၊

ဟို့တုန်းက....၊

"ကျွန်တော်တို့ညီနောင် ဆရာကြီးရဲ့ မွေးနေ့ မင်္ဂလာပွဲကို လာပြီးဆုတောင်းမေတ္တာပို့ဘာ နောက်ကျပါတယ်၊ ဒီအတွက် မျက်နှာပျက်စရာဖြစ်ရတဲ့အထဲမှာ ဆရာကြီးက အခုလိုကြိုဆိုပြန် တော့ ကျွန်တော်တို့ သိပ်ကိုအားနာမိပါတယ်"

ကျွမ်းစုန်ကျင်က သူ၏မုတ်ဆိတ်မွေးဖြူဖြူကို လက်ဖြင့်ပွတ် သပ်ကာ ရယ်မောလိုက်ပြီး၊

"မင်းတို့နှစ်ယောက် ခရီးဝေးကနေ အခုလို တကူးတက ရောက်လာကြတာကိုပဲ ကျေပ်ကဝမ်းသာလှပါပြီ၊ ကဲ-အိမ်ထဲကို ဝင်ကြပါဦး"

"ကျွန်တော်တို့ညီနောင်ဟာ အကြောင်းမဲ့ နောက်ကျတာ တော့မဟုတ်ပါဘူး၊ ဆရာကြီးဆီကိုအလာ လမ်းခရီးမှာဒဏ်ရာ ပြင်းပြင်းထန်ထန်ရပြီး သေအံ့ မူး မူး ဖြစ် နေ တဲ့ အမျိုးသမီး

တယောက် ကူညီကယ်တင်ပေးလာရလို့ နောက်ကျရတာပါ။ ဆရာကြီးခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်၊ အဲဒီအမျိုးသမီးကိုလဲ ခေါ်လာခဲ့ပါတယ် မြင်းလှည်းထဲမှာပါ”

ဟို့တုန်းစကားကို ကြားရသည်တွင် ကွမ်းစုန်ကျင်မှာအရေးကြီးသည့်အသွင် ချက်ချင်းပေါ်လာသည်။

“ဟာ....ဒဏ်ရာရထားတဲ့လူနာ ပါလာတော့မှတော့ အိမ်ထဲကို ချက်ချင်းဝင်ပေါ့... လာ လာ”

ကွမ်းစုန်ကျင်က ဤသို့ပြောပြီး လက်ကိုဝှေ့ယမ်းပြလိုက်သည်။

ထိုအခါ၊

အိမ်ဂေဟာထဲမှ ဗလ ကောင်းကောင်း လူသန်ကြီး လေးယောက်ထွက်လာကြသည်။

ထိုလူသန်ကြီး လေးယောက်က မြင်းလှည်းတံခါးကို ဖွင့်သည်။

ပြီးနောက်....၊

မြင်းလှည်းထဲမှလူနာမိန်းမပျိုကို ထိုလူသန်ကြီးလေးယောက်ကထမ်းလျက် အိမ်ဂေဟာထဲသို့ ခေါ်သွားသည်။

ကွမ်းစုန်ကျင်က ဟို့တုန်းတို့ကို ဖိတ်ခေါ်ကာ အိမ်ဂေဟာထဲသို့ ဝင်သွားသည်။





ကွမ်းစုန်ကျင်သည် သမားတော်ကောင်း ပီသလှသည်။

ဟို့တုန်းတို့ညီနောင်ကို ဧည့်ခန်းတွင်ထိုင်ရန်ပြောပြီးနောက် လူနာမိန်းမပျိုရှိရာ အတွင်းခန်းထဲသို့ ဝင်သွားသည်။

ထိုအချိန်တွင် ဧည့်ခန်းတွင် တခြားဧည့်သည်များလည်းရှိနေကြသေးသည်။

ထိုဧည့်သည်များမှ မွေးနေ့မင်္ဂလာပွဲသို့တက်ရောက်ပြီး မပြန်ကြသေးသည့် ရင်းနှီးသော ဧည့်သည်များ ဖြစ်သည်။

ကွမ်းစုန်ကျင်သည် ထိုဧည့်သည်များကိုပင် အရေးမစိုက်။

လူနာကိုသာဦးစားပေးသည်။

ဟို့တုန်းတို့ ညီနောင်နှစ်ယောက်လည်း ဧည့်ခန်းရှိ ထိုင်ခုံများတွင် ဝင်ထိုင်လိုက်ကြသည်။

× × ×

အချိန် အနည်းငယ်ကြာပြီးနောက်၊

ကွမ်းစုန်ကျင် ဧည့်ခန်းထဲသို့ပြန်ရောက်လာသည်။

ကွမ်းစုန်ကျင်၏မျက်နှာအမူအရာမှာ ခပ်တည်တည် ဖြစ်နေသည်။

ဟို့တုန်းတို့ညီနောင်သည် အခြားဧည့်များနည်းတူ ထိုင်နေရာမှ ထလိုက်ကြသည်။

ဟို့တုန်းက ကွမ်းစုန်ကျင်ကိုလှမ်းကြည့်ပြီး၊

"လူနာအမျိုးသမီးရဲ့အခြေအနေဘယ်လိုရှိပါသလဲဆရာကြီးခင်များ"

ကွမ်းစုန်ကျင်က သက်ပြင်းတချက်ချကာ၊

"ဒဏ်ရာက သိပ်ကိုပြင်းထန်ပြီး ဆန်းပြားတယ်၊ ကုသဖို့တောင် ခပ်ခက်ခက်ပဲ"

စကားကိုကြားရသောအခါ ဟို့တုန်းနှင့် ကျန်းကြည်တင်းတို့ အတော်ပင် စိတ်ပျက် အားလျော့သွားကြသည်။

တယောက်မျက်နှာလည်း တယောက် ကြည့်လိုက်ကြသည်။

ကွမ်းစုန်ကျင်က ဆက်လက်၍၊

"ဒါပေမယ့် မင်းတို့နှစ်ယောက် စိတ်စေတနာ ထက်ထက်သန်သန်ထားပြီး ကျုပ်ဆီအရောက် ကြိုးစားခေါ် လာကြတယ်ဆိုတော့ ကျုပ်နိုင်သလောက် အစွမ်းကုန် ကုသပေးပါ့မယ်"

ဟို့တုန်းတို့နှစ်ယောက် အနည်းငယ်အားတက်လာကြသည်။

ကွမ်းစုန်းကျင် ဘာဆက်ပြောမည်နည်းဟု မျှော်လင့်တကြီးဖြင့် စောင့်ဆိုင်းနေကြသည်။





ကွမ်းစုန်ကျင်က ဟို့တုန်းတို့ကိုတချက်ကြည့်လိုက်ပြီး။

"လူနာအမျိုးသမီးနဲ့ပတ်သက်လို့ မင်းတို့သိသမျှ ပြောပြပါအုံး၊ ဒါမှ ကျုပ်အနေနဲ့ ချင့်ချိန်ကုသနိုင်မယ်"

ကျန်းကြည်တင်းက ဟို့တုန်းကိုကြည့်လိုက်သည်။

အကျိုးအကြောင်းပြောပြရန် အချက်ပြလိုက်သည့်သဘော။

ဟို့တုန်းကသက်ပြင်းတချက်ချကာ။

"ကျွန်တော်တို့မှာ အရေးပေါ် အလုပ်တာဝန်လေး ပေါ်လာတာကြောင့် အိမ်ကခရီးထွက် နောက်ကျခဲ့ပါတယ်၊ ဒါကြောင့် ဆရာကြီးရဲ့မွေးနေ့မင်္ဂလာပွဲကိုအချိန်မီရောက်နိုင်အောင်လို့ ခရီးပြင်းနှင်ပြီးလာခဲ့ကြပါတယ်။ အဲဒီလိုအလာမှာ ထုံပေါ့စန်းတောင်တန်းတနေရာမှာ နှင်းခဲတွေဖုံးအုပ်နေတဲ့ အဲဒီအမျိုးသမီးကိုတွေ့ရပါတယ်။ အစကတော့ သူ့ကို လမ်းခရီးကမြို့ရွာတခုခုမှာ အပ်ပေးထားခဲ့မယ်လို့ စိတ်ကူးမိပါတယ်၊ ဒါပေမယ့် အမျိုးသမီးရဲ့ဒဏ်ရာက သိပ်ကိုပြင်းထန်ဘယ်၊ ပြီးတော့ နတ်ဆိုးကြီး ချဲယွင်ထိန်ရဲ့အဆိပ်လက်နက်ပုန်းဖြစ်တဲ့ ပျံလွှားမြီးအဆိပ်အပ် အထိခံထားရတယ်လို့လဲ အမျိုးသမီးကပြောပါတယ်"

ဧည့်ခန်းထဲရှိ အခြားဧည့်သည်များ၏ သက်ပြင်းချသံများပေါ်လာသည်။

နတ်ဆိုးကြီး ခဲ့ယွှင်ထိန်အကြောင်းနှင့် ပျံ့လွှားမြီး အဆိပ်အပ်အကြောင်းကို သူတို့ကောင်းကောင်းသိကြသည်။

ဟို့တုန်းကဆက်လက်၍။

"ပျံ့လွှားမြီးအဆိပ်အပ် ဘယ်လောက်ပြင်းထန်ပြီးကြောက်စရာကောင်းတယ်ဆိုတာ အားလုံးအသိပါပဲ၊ အဲဒီအမျိုးသမီးပြောတဲ့အတိုင်းသာ ပျံ့လွှားမြီးအဆိပ်အပ်အထိခံရတာမှန်တယ်ဆိုယင် သိပ်ကိုစိုးရိမ်စရာကောင်းကြောင်း ကျွန်တော်တို့တွေးမိပါတယ်။ ဘယ်လိုကုသပေးသင့်တယ်ဆိုတာကိုလည်း ကျွန်တော်တို့မသိပါဘူး။ နောက်ဆုံးတော့ ဆရာကြီးမှလွဲလို့ အားကိုးစရာမရှိတော့ဘူးဆိုပြီး အဲဒီအမျိုးသမီးကိုပါ တခါတည်းခေါ်လာခဲ့တာပါ၊ ကျွန်တော်တို့က မွေးနေ့မင်္ဂလာပွဲကို နောက်ကျနေတဲ့အပြင် ပြဿနာကိုပါ ယူလာခဲ့တာမို့ သိပ်ကိုအားနာမိပါတယ်ဗျာ"

ကွမ်းစုန်ကျင်သည်၊ ဟို့တုန်းပြောသည်များကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

သမားတော်ကြီး၏ မျက်နှာသည် လေးနက် တည်ကြည်နေသည်။





ဟို့တုန်း၏စကားဆုံးမှ ကွမ်းစုန်ကျင်က။

"အင်း၊ အမျိုးသမီးပြောတာမမှားဘူး၊ သူ့မှာ ခဲ့ယွှင်ထိန်ရဲ့ပျံ့လွှားအဆိပ်အပ် တကယ်အထိခံခဲ့ရတယ်"

× × ×

## အခန်း (၇)

ညှော်ခန်းထဲတွင် သက်ပြင်းချသံများပေါ်လာပြန်သည်။

ဟို့တုန်းတို့နှစ်ယောက်မှာလည်း ပို၍ပင်စိုးရိမ်ထိတ်လန့်သွားကြရသည်။

သူတို့နှစ်ယောက်သည်၊ မိန်းမပျိုတွင် ပျံလွှားမြီးအဆိပ်အပ်အထိခံထားရသည်ကို သိပ်မယုံချင်ကြ။

သံသယဖြစ်နေကြသည်။

မဟုတ်ပါစေနှင့်ဟူ၍လည်း ဆုတောင်းနေခဲ့သည်။

ယခုတော့။

နေမင်းနိုင်စာပေ

သမားတော်ကြီး ကွမ်းစုန်ကျင် ကိုယ်တိုင်က ပြောနေပြီမို့ မိန်းမပျို ဘွင် ပျံလွှားမြီး အဆိပ်အပ်ထိသည်မှာ ယုံမှားဖွယ်မရှိတော့။

ညှော်ခန်းထဲတွင်တိတ်ဆိတ်သွားသည်။

မည်သူမျှစကားမဆိုကြတော့။

လူအားလုံးက ကွမ်းစုန်ကျင်ကို ကြည့်လိုက်ကြသည်။

ကွမ်းစုန်ကျင်သည်၊ မုတ်ဆိပ်မွေးဖြူများကို လက်ဖြင့်သပ်နေသည်။

အတန်ကြာမှ ကွမ်းစုန်ကျင်က ခေါင်းမော့လိုက်ကာ။

"ချဲယွင်ထိန်ဟာ သိပ်ကို ရက်စက်ကြမ်းကြုတ်တယ်၊ စိတ်ခေါတ်ခေါက်ထန်တယ်၊ သူ့ကိစ္စမှာဝင်ရှုပ်တာကိုမကြိုက်ဘူး၊ ဝင်ရှုပ်တဲ့လူကိုအပြုံးထားပြီး ရန်ရှာလေ့ရှိတယ်၊ ဒါပေမယ့်...."

ကွမ်းစုန်ကျင်က စကားကိုတချက်ဆိုင်းလိုက်ပြီးမှ။

"ကျုပ်ကတော့ အသက်ဘေးအန္တရာယ်ကို ကြုံနေရတဲ့လူနာတယောက်ကိုမကယ်တင်ပဲနဲ့ မျက်နှာမလွှဲလိုက်နိုင်ဘူး၊ ဒီလိုလုပ်တာဟာ သမားတော်တွေရဲ့ ကျင့်ဝတ်နဲ့ မညီဘူး၊ ဒီလူနာကို ကျုပ်တတ်နိုင်သမျှ ကုသပေးမယ်၊ နတ်ဆိုးကြီး ချဲယွင်ထိန်နဲ့ ရန်ငြိုးရန်စဖြစ်ရယင်လည်း ဖြစ်ပေစေတော့"





ကွမ်းစုန်ကျင်က မိမိ၏ ဆုံးဖြတ်ချက်ကို ပြောလိုက်သည်။ ညှော်ခန်းဆောင်ထဲတွင် ငြိမ်သက်သွားပြန်သည်။

ရောက်ရှိနေသော ဧည့်သည်များထဲမှ စကားသံပေါ်မလာ။

နတ်ဆိုးကြီး ချဲယွင်ထိန်အကြောင်း သူတို့ကောင်းကောင်းသိထားသည်။

ချဲယွင်ထိန်နှင့် ပတ်သက်နေသည့် ကိစ္စတခုခုတွင် ဝင်ရောက်စွက်ဖက်မိလျှင် အလွန်အန္တရာယ်များကြောင်း သူတို့နားလည်ကြသည်။

ချဲယွင်ထိန်နှင့် ပြဿနာမဖြစ်လိုကြ။

ကွမ်းစုန်ကျင်အပေါ်တွင်လည်း မျက်နှာနာသည်။

ထို့ကြောင့်....

စကားမဆိုပဲ ဆိတ်ဆိတ်နေကြခြင်းဖြစ်သည်။

ကွမ်းစုန်ကျင်က တချက် ရယ်မောလိုက်ပြီး။

"ချဲယွင်ထိန့်ဟာ သိုင်းလောကမှာ အများ ကြောက်ရွံ့ထိတ်လန့်ကြရတဲ့ အနက်ရောင် သိုင်းသမားဆိုးကြီးဆိုတာ ခင်ဗျားတို့သိကြသလို ကျုပ်လဲသိပါတယ်၊ ခင်ဗျားတို့အနေနဲ့ ကျုပ်ကို ဝိုင်းဝန်းကူညီပေးချင်ပေမယ့် နတ်ဆိုးကြီး ချဲယွင်ထိန်နဲ့ အချင်းမပွားချင်တာကြောင့် အခုလို နှုတ်ပိတ် နေကြတာ

ကိုလဲ ကျုပ်နားလည်ပါတယ်၊ တခုပဲ မေတ္တာရပ်ခံချင်ပါတယ်၊ ခင်ဗျားတို့တွေ ဒီနေရာက ထွက်ခွာသွားကြတဲ့အခါ ဒီနေ့ ဒီမှာ ဖြစ်ပျက်တဲ့ကိစ္စကို လုံးဝမသိသလို နေကြဖို့ပါပဲ၊ ဒီနေ့ ဒီမှာ ဖြစ်ကြတဲ့ကိစ္စကို လျှို့ဝှက်ပြီး နှုတ်လုံကြမယ်ဆိုယင် ခင်ဗျားတို့ကို ကျုပ် အများကြီး ကျေးဇူးတင်ပါတယ်၊ ကျုပ်ကတော့ သမားတော်တယောက်အနေနဲ့ ကိုယ်လုပ်ဆောင်ရမယ့် တာဝန်ကို လုပ်ကိုင်ရမှာပါပဲ၊ ဒီအတွက် ဘယ်လိုအန္တရာယ်ကို ရင်ဆိုင်ရ ရင်ဆိုင်ရ ကျုပ် မကြောက်ပါဘူး''

ကွမ်းစုန်ကျင်၏ ရဲဝံ့ပြတ်သားသော အပြောအဆိုကို အားလုံးကပင် လေးစား ချီးကျူးမိကြသည်။

ဟို့တုန်းသည် ရှေ့သို့ လှမ်းတက်ကာ ကွမ်းစုန်ကျင်ကို ဦးညွတ်ဂါရဝ ပြုလိုက်သည်။

ပြီးနောက်....

''ဆရာကြီး ကွမ်းစုန်ကျင်ရဲ့သမားတော် ပီသတဲ့ လုပ်ဆောင်ချက်ကို လေးစားချီးကျူးစရာပါပဲ ဒါပေမယ့် အခု ကိစ္စဟာ ပေါ့သေးသေး မဟုတ်ပါဘူး၊ သိပ်ကိုကြီးမားတဲ့ အန္တရာယ်ကြီးကို ရင်ဆိုင်ရမယ့် ကိစ္စ ဖြစ်နေပါတယ်၊ နတ်ဆိုးကြီးချယ့်ထိန်ဟာ သိပ်ကိုခက်ထန်ပြီး ရက်စက်ကြမ်းကြုတ်လှတဲ့ အနက်





ရောင် သိုင်းသမားဆိုးကြီးဖြစ်တာ အားလုံးအသိပါ၊ လူနာ အမျိုးသမီးရဲ့ အသက်တချောင်းကို ကယ်တင်ဖို့ အရေးကြီးနေတာမှန်ပေမယ့် အဲဒီအတွက် ရင်ဆိုင်ရမယ့် ပြဿနာအန္တရာယ်ကလည်း သိပ်ကိုကြီးမားနေပါတယ်၊ ခုခံနိုင်ဖို့ မလွယ်အောင်ကို ဖြစ်နေပါတယ်၊ ပြီးတော့ လူနာ အမျိုးသမီးဟာ ဆရာကြီး ကွမ်းစုန်ကျင်နဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး၊ သိကျွမ်းမှုလဲ မရှိပါဘူး၊ ကျွန်တော်တို့ညီနောင်က ယူဆောင်လာတဲ့ ပြဿနာ အရှုတ်သာ ဖြစ်နေပါတယ်၊ အခုကိစ္စကို ကျွန်တော်တို့ညီနောင်က စတင်ခဲ့တာမို့ သိုင်းလောကရဲ့ ထုံးတမ်းစဉ်လာအရ ကျွန်တော်တို့ ညီနောင်ကပဲ အပြည့်အဝ တာဝန်ယူရမှာပါ၊ ပေါ်ပေါက် ကြုံတွေ့လာရမယ့် အန္တရာယ်ရန်စွယ်ကိုလဲ ကျွန်တော်တို့ကပဲ ရင်ဆိုင်ရမှာပါ၊ ဒါကြောင့်''

ဟို့တုန်းက စကားကို ခေတ္တရပ်ကာ လူအားလုံးကို မျက်စိတချက်ဝေ့ကာ အကဲခတ်ကြည့်သည်။

ပြီးမှ ဆက်လက်၍....

''လူနာ အမျိုးသမီးကို ကျွန်တော်တို့လက်ကို ပြန်အပ်လိုက်ပါ၊ ကျွန်တော်တို့ သူ့ကိုခေါ်ဆောင်သွားပြီး ကျွန်တော်တို့ တတ်နိုင်သမျှ ပြုစုပေးပါ့မယ်၊ ဆရာကြီး ကွမ်းစုန်ကျင်အပေါ် ကြီးမားတဲ့ အန္တရာယ် ရန်စွယ်ဆိုးကြီး မကျရောက်လာစေချင်ပါဘူး''

ဟိုတုန်း၏စကား ဆုံးသောအခါ ကွမ်းစုန်ကျင်က ဟားတိုက် ရယ်မောလိုက်သည်။

သာမန်ရယ်သံမဟုတ်။

အတွင်းအား ထည့်သွင်းကာ ရယ်မောလိုက်ခြင်းဖြစ်သည်။

ရယ်သံမှာ စူးရှကာ အားပြည့်သည်။

နဂါးဟီသံလို ထစ်ချုံးမြည်ဟိန်းနေသည်။

ဧည့်ခန်းတခုလုံးကို ရယ်သံက လွှမ်းမိုးနိုင်သည့် ဩဇာစွမ်းအားကိုလည်း ရောယှက်ပါဝင်နေသည်။

ကွမ်းစုန်ကျင်၏ အတွင်းအားပြည့်ဝနက်ရှိုင်းပုံကို အားလုံးကပင် စိတ်ထဲမှ ချီးကျူးမိကြသည်။

အားပြည့်သော ရယ်မောသံ ပြီးနောက်။

ကွမ်းစုန်ကျင်က ဟိုတုန်းနှင့် ကျန်းကြည်တင်းတို့ကို စိုက်ကြည့်လိုက်သည်။

"မင်းတို့နှစ်ယောက်က ဒီလူနာအမျိုးသမီးကို ကျုပ်ဆီ ခေါ်မလာခဲ့ကြဘူးဆိုယင်တော့ ကျုပ်အဖို့ ဘာမျှပြောစရာမလိုပါဘူး၊ ဒါပေမယ့် ကျုပ်ရဲ့ ထင်းရှူးစိမ်းဂေဟာထဲကို လူနာအမျိုးသမီး ရောက်လာပြီးတဲ့နောက် သူနဲ့ပါတ်သက်တဲ့ အစစအရာရာ တာဝန်အားလုံးဟာ ကျုပ်ပခုံးပေါ် ရောက်သွားပါပြီ၊ အသက်ဘေးကြုံနေတဲ့ လူနာကို တွေ့ရက်သားနဲ့ မျက်





ကွယ် ပြုလိုက်မယ်ဆိုယင် ကျုပ်ကိုယ်ကျုပ် သမားတော်လို့တောင် မခေါ်နိုင်တော့ပါဘူး၊ နတ်ဆိုးကြီး ချဲယွင်ထိန်နဲ့ ရန်ငြိုးရန်စဖြစ်ရမှာကိုလည်း ကျုပ်မကြောက်ပါဘူး၊ အခု ကျုပ်အသက် ခုနစ်ဆယ်ကျော်ပါပြီ လူ့သက်တမ်းအရပြောရယင်တော့ လူတယောက်ဟာ လူ့လောကမှာအသက်ခုနစ်ဆယ်ရှိအောင် နေထိုင်ရပြီးပြီဆိုတော့ အသက်သေဖို့လည်းကြောက်နေစရာမလိုတော့ပါဘူး၊ ခင်ဗျားတို့အားလုံးသာ ပုလင်းဖူးဆို့ ဆို့ထားသလို နှုတ်လုံကြပါစေ...."

ကွမ်းစုန်ကျင်က လူအပေါင်းကို တချက် အကဲခတ် ကြည့်လိုက်ပြီးဆက်လက်၍....။

"အခုကိစ္စကို ခင်ဗျားတို့က နှုတ်လုံလုံနဲ့ လျှို့ဝှက်ထားနိုင်ကြတယ်ဆိုဦး ထာဝရလူမသိအောင် လုပ်ထားလို့တော့မရပါဘူး၊ ချဲယွင်ထိန်ရဲ့လက်ချက်ကြောင့် သေလုမျောပါးဒဏ်ရာ အနာတရဖြစ်နေတဲ့ လူတယောက်ကို ကျုပ်က ကယ်တင်ပေးလိုက်တယ်ဆိုတဲ့သတင်းဟာ တနည်းနည်းနဲ့တော့ ပြန့်သွားမှာပါ ချဲယွင်ထိန်က ဒီအကြောင်းကို တနေ့နေ့မှာစုံစမ်းသိရှိသွားမှာပါ၊ အဲဒီလိုသိတာနဲ့ ချဲယွင်ထိန်က ကျုပ်ကိုလာပြီး ရန်ပြုတိုက်ခိုက်တော့မှာပဲ ကျုပ်ကလည်းရင်ဆိုင်ဖို့ အသင့်ပါပဲလေ"

"ချဲယွင်ထိန် အဲဒီလို ရန်ပြုဖို့ ရောက်လာမယ့် အချိန်ဟာ နောက်ထပ် နှစ်ဝက်ကြာပြီးမှ ဖြစ်ပါစေလို့ပဲ ကျုပ်မျှော်

လင့်တယ်၊ ကျုပ် ခြောက်လလောက်တော့ အချိန်လိုချင်တယ် မများပါဘူး ခြောက်လပါပဲ”

“အဲဒီ အချိန်ဟာ ကျုပ်အတွက် မဟုတ်ပါဘူး၊ လူနာအမျိုးသမီး ကောင်းကောင်းမွန်မွန် ကျန်းမာသွားဖို့အတွက် အနားယူရမယ် အချိန်ပါ၊ ခြောက်လကျော်သွားလို့ လူနာအမျိုးသမီးလည်း ကံကောင်းထောက်မပြီး သေဘေးကလွတ်သွားမယ်ဆိုယင် ကျုပ်ရဲ့အသက်အိုတချောင်းကို စွန့်လွှတ်ဖို့ အသင့်ပါပဲ။

ကဲ လူနာအမျိုးသမီးကို ကုသဖို့အရေးကြီးနေတာကြောင့် ခင်ဗျားတို့ကို ဆက်ညှော်ခံစကားမပြောနိုင်တာ ခွင့်လွှတ်ကြပါ၊ ကျုပ် ဆေးသွားကုသပါတော့မယ်၊ နတ်ဆိုးကြီး ချဲယွှင်ထိန်ဟာ သူ့ရန်သူကို လက်လွှတ်ချမ်းသာပေးရိုးမရှိပါဘူး၊ ဒီ အမျိုးသမီးကိုလည်း နောက်ယောင်ခံလိုက်ချင်လိုက်နေမယ်၊ သူဟာ အခုလောက်ဆိုယင် ထင်းရှူးစိမ်းဂေဟာနားကို ရောက်ချင်ရောက်နေနိုင်တယ်၊ ဒီတော့ ခင်ဗျားတို့တွေ ဒီနေရာက ရှောင်တိမ်းသွားချင်တယ်ဆိုယင်လည်း သွားကြပါ၊ ကျုပ် မကန့်ကွက်ပါဘူး”

× × ×



အခန်း (၈)

ညှော်ခန်းဆောင်ထဲတွင် ငြိမ်သွားပြန်သည်။

ညှော်သည်များ တယောက်မျက်နှာတယောက် ကြည့်မိကြသည်။

သူတို့၏ စိတ်ထဲတွင် အမှန်ပင် ထိတ်လန့်နေကြသည်။

ကွမ်းစုန်ကျင် ပြောသည်မှာ ဖြစ်နိုင်သည်။

နတ်ဆိုးကြီး ချဲယွှင်ထိန်သည် အကျိတ်အခဲကြီးသည်။ ရန်သူကို ဘယ်တော့မှ အလွတ်မပေးတတ်။

ထိုရန်သူကို လက်စတုံး မလုပ်ရမချင်း အရိပ်လို လိုက်ပါနေတတ်သည်။

ယခုလည်း....။

ဤအမျိုးသမီးကို စောင့်ကြည့်မနေဟု မည်သူပြောနိုင်မည်နည်း။

ဤ အမျိုးသမီးနောက်မှ နောက်ယောင်ခံ လိုက်မလာဟု မည်သူအာမခံနိုင်မည်နည်း။

ညှော်သည်များမှာ အားမနာနိုင်တော့။

အန္တရာယ်စက်ကွင်း ဖြစ်လာနိုင်မည့် နေရာတွင်လည်း မနေလိုကြတော့။

တယောက်ပြီးတယောက် ကွမ်းစုန်ကျင်ကို နှုတ်ဆက်ကာ ထွက်ခွာသွားကြလေတော့သည်။

နောက်ဆုံးတွင်၊

ဧည့်ခန်းထဲ၌ ဧည့်သည်သုံးယောက်သာကျန်နေရစ်ခဲ့သည်။

ထိုသုံးယောက်အနက်၊ တယောက်မှာ ဝူချုန်းမြို၊ စိန်ဟူးအာမခံ ပို့ဆောင်ရေးအဖွဲ့မှ သိုင်းသမားချုပ်ကြီး ဖိန်စစ်ချန်းဖြစ်သည်။

ဖိန်စစ်ချန်းသည် ကွမ်းစုန်ကျင်နှင့် အလွန်ရင်းနှီးသော မိတ်ဆွေ ရောင်းရင်းကြီးတယောက်လည်းဖြစ်သည်။

သိုင်းပညာ ထူးချွန်ထက်မြက်သည်။

အထူးသဖြင့် ကိုယ်ဖော့ပညာကောင်းသည်။





ထို့ကြောင့်လည်း၊

သိုင်းလောကတွင် ငှက်ပျံကြီးဖိန်စစ်ချန်းဟူ၍ နာမည်ကျော်ကြားနေသည်။

ကျန်နှစ်ယောက်မှာမူ၊

ဟို့တုန်းနှင့် ကျန်းကြည်တင်းတို့ဖြစ်ကြသည်။

ကွမ်းစုန်ကျင်က ဟို့တုန်းနှင့် ကျန်းကြည်တင်းတို့ညီအစ်ကိုအား လှမ်းကြည့်လိုက်ပြီး၊

"တူမောင်တို့နှစ်ယောက်မှာ သွားစရာအကြောင်း ကိစ္စရှိတယ်ဆိုယင်သွားနိုင်ကြပါတယ်၊ ကျုပ်ရဲ့ ထင်းရှူးစိမ်းဂေဟာကို အချိန်မရွေး အန္တရာယ်ကျရောက်နိုင်တဲ့နေရာမှာ နေဖို့မသင့်ပါဘူး၊ ခဲ့ယွင်ထိန်ဟာ ဒီအမျိုးသမီးကို လျစ်လျူရှု ချမ်းသာပေးမှာမဟုတ်ဘူး၊ သူက အခုလောလောဆယ်ဒီကိုရောက်မလာဘူးထား၊ ဒီအမျိုးသမီးကိုကယ်တင်ပေးတဲ့နေရာမှာ တူမောင်နှစ်ယောက် ပါဝင်နေတယ်ဆိုတာကို သိသွားယင် တူမောင်တို့အပေါ် အန္တရာယ်ဆိုး ကျရောက်လာနိုင်တယ်"

ဟို့တုန်းတို့ညီနောင်မှာ ဤစကားကို အတော်ပင် မခံမရပ်နိုင် ဖြစ်သွားကြသည်။

ကျန်းကြည်တင်းက ကစုံတရာပြောမည်အလုပ် ဟို့တုန်းက လက်ကာပြ၍ အသာရပ်နေလိုက်သည်။

ဟိုတုန်းသည် ကျန်းကြည်တင်းကို ဟန့်တားပြီးနောက်၊

"ဆရာကြီးက ဘာကြောင့် ဒီလိုစကားမျိုးပြောရတာလဲဗျာ တကယ်တော့ ဒီပြဿနာကိုစခဲ့သူတွေက ကျွန်တော်တို့ညီနောင်ကပါ၊ ဆရာကြီးက ကြားကနေဝင်ပြီး ပတ်သက်နေရတဲ့လူပါ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး အန္တရာယ်တွေ ဖြစ်ပေါ်လာတယ်ဆိုယင် ရှေ့ဆုံးကနေ ရင်ဆိုင်ရမှာက ကျွန် တော် တို့ ညီ နောင် ရဲ့ တာဝန်ပါ"

ကျန်းကြည်တင်းကလည်း၊

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ညီနောင်ရဲ့ သိုင်းပညာဟာ ချယ့်ထိန်ရဲ့သိုင်းပညာနဲ့စာယင် အများကြီး နိမ့်ကျတာတော့ ကျွန်တော်တို့ဝန်ခံပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့က အမှန်တရားဘက်က ရပ်တည် တိုက်ခိုက်ရမှာပါ၊ မကောင်းမှုကို ရင်ဆိုင် ကာကွယ်ရမှာပါ၊ စိတ်ဓာတ်အရ ကျွန်တော်တို့ဘက်က အများကြီး သာပါတယ်၊ တရားမျှတမှုက မတရားမှုကို အမြဲတမ်းအနိုင်ရမြဲပါ၊ ဒါကြောင့် တရားမျှတမှုဘက်ကရပ်တည်ပြီး တိုက်ခိုက်တဲ့ ကျွန်တော်တို့ မုချအနိုင်ရမယ်လို့ ကျွန်တော်တို့ယုံတယ်"

ကွမ်းစုန်ကျင်က ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ကာ-





"တူမောင်တို့နှစ်ယောက်ရဲ့ စိတ်ဓာတ်နဲ့သတ္တိကို ချီးမွမ်းပါတယ်၊ ကျုပ်နဲ့အတူတူလက်တွဲပြီး အန္တရာယ်ကို ရင်ဆိုင်မယ်ဆိုတာကြောင့်လဲ ကျေးဇူးတင်ပါတယ်၊ ဒါပေ မယ့် ကျုပ်က အားမနာတမ်းအမှန်အတိုင်းပြောရယင်မောင်ရင်တို့နှစ်ယောက် ဒီနေရာမှာ ရှိနေလို့ကလဲ ကျုပ်အတွက် ဘာမှအထောက်အကူ မရနိုင်ပါဘူး၊ ဒီတော့ ဘာကြောင့် အလဟဿ စွန့်စားချင်ကြတာလဲ"

ဟိုတုန်းနှင့် ကျန်ကြည်တင်းတို့နှစ်ယောက်၊

မျက်နှာ ကွက်ကနဲ ပျက်သွားကြသည်။

ထို့နောက် ကျန်းကြည်တင်းက၊

"ဆရာကြီးရဲ့ ဆေးပညာစွမ်းနဲ့ သိုင်းပညာစွမ်းဟာ သိုင်းလောကမှာ တကယ်အထင်အရှားပါ၊ ကျွန်တော်တို့ ညီနောင်ရဲ့ စွမ်းရည်သတ္တိဟာ ဆရာကြီးနဲ့နှိုင်းစာယင် ပိုးစုံးကြူးအရောင်နဲ့ လရောင်လိုပါပဲ၊ ဒါကိုကျွန်တော်တို့သိပါပဲ၊ ဒါပေမယ့် သိုင်းလောကမှာ သစ္စာရှိပြီး တာဝန်သိဖို့ကအဓိကပါ၊ ဟောဒီလူနာအမျိုးသမီးကို ကျွန်တော်တို့ညီနောင်ကစတွေ့ပြီး ကယ်တင်လာခဲ့တာပါ၊ ဒါကိုကျွန်တော်တို့က ဘယ်တော့မှပုံးကွယ်မှာမဟုတ်ပါဘူး၊ ဒီလိုကယ်တင်ခဲ့မိလို့ ပေါ်ပေါက်လာမယ့် အန္တရာယ်

ဟူသမျှကိုလဲ ကျွန်တော်တို့ကအလွတ်ရှိန်၊ပြီး ထွက်ပြေးဖို့ စိတ် မကူးပါဘူး၊ ကျွန်တော်တို့ရင်ဆိုင်မယ်၊ ချေမှုန်း၊ ကျော်လွှား မယ်''

ဟို့တုန်းကလည်း....၊

''ဟုတ်တယ်၊ ကျွန်တော်တို့ဟာ **အန္တရာယ်**ကို ကြောက်တဲ့ လူတွေမဟုတ်ပါဘူး၊ တကယ်လို့ ဆရာကြီးက ကျွန်တော်တို့ကို ဒီနေရာမှာ မနေစေချင်ဘူးဆိုယင် ကျွန်တော်တို့ နှစ်ယောက် တည်း ဒီအတိုင်းကိုယ်လွတ်တော့ပြန်မသွားဘူး၊ ကျွန်တော်တို့ ခေါ်လာခဲ့တဲ့လူနာအမျိုးသမီးကိုပါအတူခေါ်သွားမယ်၊ ဒါက ကျွန်တော်တို့ရဲ့ နောက်ဆုံး သဘောထားပါပဲ''

ကွမ်းစုန်ကျင်က ဟို့တုန်းတို့ကိုညီနောင် ကြည့်ကာ၊

''ကျုပ်က စေတနာအရင်းခံနဲ့ ပြောတာပါ၊ တူမောင်တို့ နှစ်ယောက်ကို အန္တရာယ်စက်ကွင်းထဲ အတင်း ဝင်မတိုးစေချင် ဘူးလေ၊တူမောင်တို့မှာ တကယ်ပဲ တရားမျှတမှုဘက်ကရပ်တည် တိုက်ပွဲဝင်နိုင်တဲ့ အစွမ်းသတ္တိရှိတယ်ဆိုတော့ ကျုပ်ကလဲ တူ မောင်တို့ကိုလက်ကမ်းကြိုဆိုရမှာပေါ့၊ ကဲလာ ကျုပ်တို့ လူနာ အမျိုးသမီးဆီကို သွားကြရအောင်''





ကွမ်းစုန်ကျင်က ဤသို့ပြောပြီး ဧည့်ခန်းထဲမှ ထွက်သွား သည်။

ဟို့တုန်းတို့နှစ်ယောက်က ကွမ်းစုန်ကျင်၏နောက်မှ လိုက် သွားကြသည်။

ဖိန်စစ်ချန်းကမူ နောက်ဆုံးမှ လိုက်ပါသွားသည်။

× × ×

## အခန်း (၄)

ကွမ်းစုန်ကျင်က ရှေ့ဆောင်သွားနေသည်။

ကွမ်းစုန်ကျင်၏နောက်မှ ဟို့တုန်းတို့ညီနောင်။

ဖိန်စစ်ချန်းက နောက်ဆုံးမှ။

သူသည် အခန်းကျယ်ကြီးနှစ်ခုကို ဖြတ်ကျော်ပြီးနောက်။ ပင်မ အိမ်ဂေဟာကြီး၏ အပြင်ဘက်သို့ ရောက်လာသည်။

ကျောက်ဖြူပြားများ ခင်းထားသည့် လူသွားလမ်းလေးအတိုင်း လျှောက်လှမ်းလာကြသည်။

လမ်းကလေးအဆုံးတွင် အိမ်ကလေးတဆောင်သို့ ရောက်လာကြသည်။

အိမ်ငယ်လေး၏ ပတ်ဝန်းကျင်တွင် ဝါးပင်များ စိုင်းရုံ
ပေါက်ရောက်နေသည်။

မြက်ခင်းစိမ်းစိမ်းများလည်း ရှိသည်။

ပန်းချုံကြီးများလည်းရှိရာ ပန်းပေါင်းစုံဘို့၏ မွှေးရနံ့က
သင်းထုံနေသည်။

တောင်စောင်းနေရာဖြစ်၍ လေပြေ လေညင်း ကလေးက
လည်း တသုန်သုန် တိုက်ခတ်နေသည်။

စိတ်ဘဝင် ချမ်းမြေ့စရာ နေရာလေးဖြစ်သည်။

ကွမ်းစုန်ကျင်က ရှေ့ဆောင်ကာ ဝါးတောလေးအလယ်ရှိ
အိမ်ငယ်လေးထဲသို့ ဝင်ရောက်သွားသည်။

ဟို့တုန်းတို့နှစ်ယောက်နှင့် ထိန်စစ်ချွန်းတို့လည်း နောက်မှ
အတူ လိုက်ပါဝင်ရောက် သွားကြသည်။

အိမ်မှာ သုံးခန်း တွဲအိမ်လေးဖြစ်သည်။

အိမ်၏ ဝဲဘက်အစွန်ရှိ အခန်းလေးထဲသို့ အရောက်ဝင်သွား
ကြရသည်။

ထိုအခန်းလေးမှာ အလွန်ပင် သပ်ယပ်သန့်ရှင်းသည်။

ခုံဘင်တလုံး၊ ထိုင်ခုံအနည်းငယ်နှင့် စားပွဲတခုပီရိုတလုံးသာ
ရှိသည်။





ခုတင်ပေါ်တွင်အမျိုးသမီးတယောက် ပက်လက်လဲလျောင်း
အိပ်စက်နေသည်။

ဟို့တုန်းတို့နှစ်ယောက် ကယ်တင် ခေါ်ဆောင်လာခဲ့သည့်
မိန်းမပျိုပင်ဖြစ်သည်။

ခုတင်၏ ဘေးတဘက်တချက်တွင် အစိမ်းရောင် ဝတ်စုံများ
ဝတ်ဆင်ထားသော မိန်းမပျိုလေးနှစ်ယောက် ရပ်နေကြသည်။

လူနာအမျိုးသမီးကို စောင့်ကြည့်ပေးနေသူများ ဖြစ်ကြ
ဟန်တူသည်။

ကွမ်းစုန်ကျင်က ခေါင်းကိုခါယမ်းလိုက်ကာ....

"ဒီမိန်းကလေးဟာ ပျံလွှားမြီ အဆိပ်အပ် ထိခဲ့ပြီး အဆိပ်
လဲ တကိုယ်လုံးမှာ ပြန့်နေတယ်၊ ပျံလွှားမြီး အဆိပ်အပ်ဟာ
သိပ်ပြင်းထန်တဲ့ သဘာဝအဆိပ်သုံးမျိုး အဆိပ်ကောင်လေး
မျိုးရဲ့ အဆိပ်တို့ကို ပေါင်းစပ်ပြီး ထည့်ထားတာမို့ သိပ်ကို
ကြောက်စရာကောင်းတယ် သွေးစို့အောင် ထိမိတာနဲ့ သွေး
ကြောမျှင်လေးတွေထဲကိုရောက်ပြီး တကိုယ်လုံးကို ပြန့်နှံ့သွား
တယ်"

ဟု ပျံလွှားမြီး အဆိပ်အပ်အကြောင်းကို စတင် ရှင်းပြ
သည်။

ဟို့တုန်းတို့ကလည်းကွမ်းစုန်ကျင် ရှင်းပြသည်များကို စိတ်ဝင်စားစွာ နားထောင်နေကြသည်။

ပျံလွှားမြီးအဆိပ်အပ် ပြင်းထန်ရက်စက်လှကြောင်းကို သူတို့ သိထားကြပါသည်။

မည်သည့်အဆိပ် အမျိုးအစားတွေ ပါဝင်ပြီး။ ဘယ်လိုပြန်နှိမ်နိုင်စွမ်း ရှိသည်ကိုတော့ သူတို့မသိကြပါ။

ကွမ်းစုန်ကျင်းက ဆက်လက်၍....

"ပျံလွှားမြီးအဆိပ်အပ်အထိခံရပြီးယင် နှတ်ဆိုးကြီးချဲ့ယွင်ထိန်ရဲ့ကိုယ်ပိုင်အဆိပ်ဖြေဆေးနဲ့ပဲ အဆိပ်ဖြေကုသလို့ရနိုင်တယ်၊ ဒါတောင်မှ အဆိပ်က နှလုံးသားထဲက မရောက်ခင် အချိန်မှာသာ ကုနိုင်တာ၊ တကယ်လို့ အဆိပ်က နှလုံးသားထဲ အထိပြန့်နှံ့နေယင်တော့ နှတ်ဆိုးကြီး ချဲ့ယွင်ထိန်ရဲ့ ကိုယ်ပိုင်အဆိပ်ဖြေဆေးနဲ့ ကုလို့မရနိုင်တော့ဘူး"

ဟို့တုန်းနှင့် ကျန်းကြည်တင်းတို့ နှစ်ယောက်၊ တယောက်မျက်နှာတယောက်ကြည့်လိုက်မိကြသည်။

ဤအတိုင်းဆိုပါက။

မိန်းမပျို၏အသက်ကို ကယ်နိုင်ပါမည်လား။

ကွမ်းစုန်ကျင်က ဆက်ပြောပြန်သည်။





"သာမန်အားဖြင့်တော့ ပျံလွှားမြီးအဆိပ်အပ် အထိခံရပြီးယင်အဆိပ်တက်ပြီး အသက်ဆုံးကြရတာချည်းပဲ၊ သိပ်ကံအတွင်းအားကောင်းတဲ့လူမှ သုံးရက်လောက်အထိခံနိုင်တယ်၊ တူမောင်တို့ပြောပြပုံအရဆိုယင် ဒီမိန်းမပျို ပျံလွှားမြီး အဆိပ်အပ်အထိခံရတာ သုံးရက်လောက်ရှိနေပြီ၊ အခုထက်ထိ အသက်ရှင်နေနိုင်သေးပုံထောက်ယင်"

ကွမ်းစုန်ကျင်၏ စကားမဆုံးမီ၊ ကျန်းကြည်တင်းက ကြားဖြတ်ကာ။

"ဒါဆို ဒီမိန်းမပျိုရဲ့အတွင်းအားကသိပ်ကိုမြင့်မားတာပေါ့၊ ဒီမိန်းမပျိုဟာ တကယ့်ထိပ်တန်း သိုင်းမျိုးဆက်ထဲက ဖြစ်ရမယ်လို့ ကျွန်တော်တို့ထင်ထားတာ မမှားဘူးနိုင်ပေါ့"

ကွမ်းစုန်ကျင်က ခေါင်းညိတ်ပြလိုက်သည်။

"တူမောင်တို့တွေးတာ မှန်ပါတယ်၊ သာမန်အဆင့်မြင့်သိုင်းပညာရှင်တယောက်သာဆိုယင် ပျံလွှားမြီးအဆိပ်အပ် မပြောနဲ့ ဓားဒဏ်ရာကြီးကြောင့်ပဲ အသက် သေလောက်ပါပြီ၊ ဒါနဲ့ တူမောင်တို့က ဒီမိန်းမပျိုရဲ့နောက်ကြောင်းနဲ့ပတ်သက်ပြီး ဘာမျှ ထူးထူးခြားခြား မသိကြဘူးလား"

ဟို့တုန်းက သက်ပြင်းတချက်ချလိုက်ကာ။

"အင်း၊ ဒီမိန်းမပျိုက အတော်ကိုဆန်းပါတယ်၊ သူ့နာမည်ကိုတောင်မသိရဘူး၊ တခုတော့ရှိတယ်"

ဟို့တုန်းက စကားကိုခေတ္တရပ်ကာ၊ မိန်းမပျို၏အနားမှ ကောက်ယူသိမ်းထားခဲ့သောဓားကို ထုတ်ပြသည်။

ပြီးနောက်၊ ဆက်လက်၍။

"သူဒဏ်ရာရပြီးလဲကျနေတဲ့ နှင်းခဲပြင်ထဲက ဟောဒီဓားကို ရခဲ့တယ်၊ ဒီဓားက သူ့ရဲ့ဇာစ်မြစ်ကို ဖော်ပြနိုင်မလားတော့ မသိဘူး"

ကွမ်းစုန်ကျင်က ဟို့တုန်းထံမှဓားကို လှမ်းယူလိုက်သည်။

ကွမ်းစုန်ကျင်က ဓားကိုသေသေချာချာကြည့်သည်။

ဓားမှာ နှစ်ပေသာသာခန့်ရှည်သည်။

ဓားရွက်သည် လဆုတ်ရက်လခြမ်းလို ခပ်ကွေးကွေးဖြစ်နေသည်။

ဓားဖျားတွင်တော့ ဓားဦးချွန်နှစ်ခုဖြစ်နေသည်။

တခုသောဓားဦးချွန်က အပေါ်သို့ကော့၍နေသည်။

ကျန်ဓားဦးချွန်က အောက်သို့ကွေးနေသည်။

ဓား၏အရောင်မှာ စိမ်းဖန့်ဖန့်ဖြစ်သည်။

ဓားရွက်ပေါ်တွင် မည်သည့်စာလုံးမျှရေးထိုးမထား။

ကွမ်းစုန်ကျင်၏ မျက်နှာပေါ်တွင် ဝေခွဲမရသောအမူအရာများပေါ်လာသည်။





မျက်မှောင်ကြုတ်နေသည်။

ကွမ်းစုန်ကျင်သာမက။

ထိုဓားကိုလှမ်းကြည့် အကဲခတ်နေသော ဖိန်စစ်ချန်၏မျက်နှာပေါ်တွင်လည်း ဤနည်းအတိုင်းအမူအရာ ဖြစ်နေသည်။

အဘိုးကြီးနှစ်ယောက် တယောက်မျက်နှာတယောက်ကြည့်လိုက်ကြသည်။

ဟို့တုန်းတို့နှစ်ယောက်မှာတော့ ဘာကိုမျှမတွေးတတ်။

အဘိုးကြီးနှစ်ယောက်၏ အတွေးရခက်ဟန်ရှိနေသော မျက်နှာအမူအရာများကိုသာ ကြည့်နေကြသည်။

ဘာပြောလာမည်နည်းဟု နားစွင့်နေကြသည်။

ကွမ်းစုန်ကျင်ကစတင်၍။

"အတော်ဆန်းတာပဲ"

ဖိန်စစ်ချန်းကလည်း။

"ဟုတ်တယ် ကျုပ်လဲအတွေးရခက်နေပြီ"

"ကဲလေ ဒီဓားအကြောင်းကို ခဏထားလိုက်ပါအုံး၊ မိန်းမပျိုကို အလျင် အသက်ကယ်ကြပါစို့၊ ပြီးမှ ဒီဓားအကြောင်း စဉ်းစားယင်လည်း အချိန်မီပါသေးတယ်"

ကွမ်းစုန်ကျင်က ဤသို့ပြောပြီး၊ ခေါးကို ဟို့တုန်းအားပြ
ပေးလိုက်သည်။

ဤခေါးနှင့်ပတ်သက်၍ ထူးခြားသည့် အကြောင်းတခုခုကို
ကြားရမည်ဟု ဟို့တုန်းနှင့် ကျန်းကြည်တင်းတို့ မျှော်လင့်ထား
ကြသည်။

ယခုတော့....

သူတို့အဖို့ ဆက်စောင့် မျှော်ကြရပေဦးမည်။

ကွမ်းစုန်ကျင်နှင့် ဖိန်စစ်ချန်တို့သည် ဤခေါးအကြောင်းကို
သိရှိမည်ဟူ၍ကား ဟို့တုန်းတို့ ခန့်မှန်းမိကြသည်။

သည်တော့....

စိတ်ရှည်ရှည်နှင့် ဆက်စောင့်ကြရမည်။

မကြာမီ ဤခေါးအကြောင်း သိရမည်။

ဤခေါးနှင့် ဆက်နွယ်ကာ ဒုက္ခရောက်ရထားသော မိန်းမပျို
အကြောင်းကိုပါ သိနိုင်သည်။

ဟို့တုန်းနှင့် ကျန်းကြည်တင်းတို့ ဤအတိုင်း မျှော်လင့်ထား
ကြသည်။

× × ×



လွင်စာပေ
အမှတ်(၁၃၈) ဗိ လမ်း
တောင်ဥ

အခန်း (၁၀)

"ဒီမိန်းမပျို ပျံလွှားမြီးအဆိပ်အပ်ထိတာ သုံးရက်လောက်ရှိပြီဆိုတော့ အဆိပ်ကလဲ နှလုံးသားကို မရောက်သေးပေမယ့် အတော်တော့ပျံ့နှံ့နေလောက်ပြီ၊ ခင်ဗျားမှာကလဲ ပျံလွှားမြီးအဆိပ်အပ်ရဲ့ ဖြေဆေးရှိတာ မဟုတ်တော့ ဘယ်လိုလုပ်ကုသနိုင်မှာလဲ"

ဖိန်စစ်ချန်းက ကွမ်းစုန်ကျင်ကို မေးလိုက်သည်။

ကွမ်းစုန်ကျင်က သက်ပြင်းတချက် ချလိုက်သည်။

"ကျုပ်ကိုမဆိုထားပါနဲ့ လောကမှာ အစွမ်းဒ ထက်ဆုံးဆိုတဲ့ သမားတော်ကို သွားခေါ် တာတောင်မှ ဒီအဆိပ်ကို ကုချင်မှ ကုနိုင်မှာ"

F.6

ဖိုန်စစ်ချန်းက ကွမ်းစုန်ကျင်ကို ကြည့်လိုက်သည်။

ပြီးနောက်....

တအံ့တသြ အမူအရာနှင့်....

"ဒီမိန်းမပျိုကို အသက်ကယ်ကုသပေးဖို့ သိပ်ကို ခက်ခဲပြီး နည်းလမ်းမရှိသလောက် ဖြစ်ရက်နဲ့ ဘာကြောင့် ဒီထင်းရှူးစိမ်း ဂေဟာမှာ ဆက်လက်လက်ခံထားရတာလဲ၊ ဒါဟာ တမင်သက် သက်နတ်ဆိုးကြီးချဲ့ယွင်ထိန်ကိုရန်စတာနဲ့ တူမနေဘူးလား၊ ဘာ မှလဲ အကျိုးမရှိပဲ ရန်မီးသာ ပွားနိုင်မယ့် အလုပ်ကို ဘာဖြစ်လို့ လုပ်ရတာလဲ၊ မိန်းမပျိုကို တကယ် ကုသပေးနိုင်တယ် ဆိုယင် တော့ တော်သေးရဲ့"

ဟိုတုန်းကလည်း၊

"ဟုတ်တယ် ဆရာကြီးရဲ့လုပ်ဆောင်မှုကို ကျွန်တော်ဖြင့် မတွေးတတ်အောင် ဖြစ်နေပြီ"

ကွမ်းစုန်ကျင်က မုတ်ဆိတ်မွေးကို တချက်သပ်လိုက်ပြီ၊

"ကျုပ်ရဲ့ဆေးပညာနဲ့ ကုသလို့ မရနိုင်ပေမယ့် ကျုပ်မှာထူး ဆန်းတဲ့ပစ္စည်းတခု ရှိနေတယ်"

"ဘယ်လိုပစ္စည်းလဲ"





ဖိုန်စစ်ချန်း၊ ဟိုတုန်းနှင့် ကျန်းကြည်တင်းတို့သုံးယောက်က ပြိုင်တူပင် မေးလိုက်ကြသည်။

သူတို့သုံးယောက်လုံး ထိုပစ္စည်းကို မည်သည့်အရာဖြစ်မည်ကို သိချင်နေကြသည်။

ကွမ်းစုန်ကျင်က ချောင်းတချက်ဟန့်လိုက်ပြီး၊

"ဒီပစ္စည်းဟာ အဖိုးတန်ဆေးတမျိုးလို့တောင် ဆိုနိုင်တယ် သိပ်လည်းရှားပါးတယ်၊ ကံကြုံမှရနိုင်တယ်လို့တောင်ဆိုနိုင်တယ်၊ ဒီပစ္စည်းရခဲ့ပုံကို ကျုပ်ပြောဦးမယ်"

ကျန်သုံးယောက်မှာ မည်သူမျှ ဖြတ်မပြောကြတော့။

ကွမ်းစုန်ကျင် ပြောသည်များကို ငြိမ်၍ နားထောင်နေကြ သည့်။

"လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်ကပေါ့...."

× ✖ ×

လွန်ခဲ့တဲ့ ဆယ်နှစ်ခန့်က။

ကွမ်းစုန်ကျင်သည် ဆေးဥဆေးမြစ်များ အရှာထွက်ယင်း ခွန်လန်တောင်ပေါ်သို့ရောက်ခဲ့သည်။

ခွန်လန်တောင်မှာ မြင့်မားသီခေါင်သော တောင်တန်းကြီးဖြစ်သည်။

စိမ့်စမ်းရေတံခွန်ပေါများသည်။

စိမ့်ကြီးမြိုင်ကြီးများ ထူထပ်သည်။

ဆေးပင် ဆေးမြစ်များ အတော်စုံစုံ ပေါက်ရောက်သော တောင်ကြောများ ရှိသည်။

ဆေးမြစ်ဆေးဥများကို လိုက်ရှာယင်း၊ တောင်ထိပ်ပိုင်းရှိ ရေခဲမြစ်တခုအနားသို့ ရောက်လာခဲ့သည်။

ထိုရေခဲမြစ်နားတွင်၊

နှင်းကြာပန်းကို ကွမ်းစုန်ကျင် တွေ့ခဲ့ရသည်။

နှင်းကြာပန်း။

အလွန်ရှားပါးသည်။

ရှိရှန် မဆိုထားဘိ၊ တွေ့ဖူးသူပင် ရှာမှရှား။

ဒါပေမယ့်....။

အမည်ကတော့ ဟိုးဟိုးကျော်နေသည်။

နှင်းကြာပန်းကို ရှာဖွေရရှိပြီး ဆေးဖော်စပ် သောက်သုံးရလျှင် မိုးပျံမြေလျှိုးနိုင်သည်ဟုပင် ဆိုစကားတွေရှိသည်။





နှင်းကြာပန်းဖြင့် မသေဆေး ဖော်စပ်နိုင်သည်ဟုလည်း ပြောကြသေးသည်။

နှင်းကြာပန်းကို လက်ကိုင်ရထားလျှင် သိုင်းလောကကို မင်းမူနိုင်မည် ပြောသူတွေကပြောသည်။

ထို့ကြောင့်....။

နှင်းကြာပန်းကို လိုချင်သူတွေက အလွန်များသည်။

သိုင်းသမားတွေကလည်း လိုချင်သည်။

ဆေးဆရာတွေကလည်း လိုချင်သည်။

ငွေရှင်ကြေးရှင်တွေကလည်း လိုချင်သည်။

နှင်းကြာပန်းသည် ချဲ့ကား ပြောဆိုနေကြသလောက်တော့ အစွမ်းမထက်ပါ။

ဒါပေမယ့်။

နှင်းကြာပန်း၏ ဂုဏ်သတ္တိကတော့မသေး။

သာမန်လူများစားသုံးရလျှင် အသက်ရှည်ပြီး ကျန်းမာသည်။

သိုင်းသမားများစားသုံးလျှင် အတွင်းအား လေ့ကျင့်မှုအတွက် အလွန်အထောက်အကူရသည်။

နှင်းကြာပန်း၏ အစွမ်းဆုံးသော ဂုဏ်သတ္တိမှာ အဆိပ်မျိုးစုံတို့ကို ဖြေနိုင်စွမ်းရှိခြင်းပင်။

နှင်းကြာပန်းကို တွေ့ရဖို့ကတော့ သိပ်ကိုခက်သည်။

အလွန်ကြုံတောင့်ကြုံခဲသော အခွင့်အရေးပင်။

နှင်းကြာပန်းသည် လူသူမနီး၊ ဝေးသီခေါင်ဖျားသော တောင်တန်းကြီးပေါ်ရှိ ရေခဲမြစ်များ အနားတွင်သာ ရှိတတ်သည်။

နှစ်တရာမှ တကြိမ်ဖူးပွင့်သည်။

အသီး သီးသည်။

ပန်းပွင့်သည် ပွင့်ပြီး တနာရီကြာလျှင် ကြွေလွင့်သွားရသည်။

အသီးသည်လည်း နှစ်နာရီခန့်သာသက်တမ်းရှည်သည်။

ပြီးလျှင်ကြွေသွားသည်။

အပင်မှ အသီးကိုခူးယူနိုင်မှသာလျှင် အာနိသင် အပြည့်အဝရရှိနိုင်သည်။

ကြွေလွင့်သွားလျှင်တော့ ဘာမျှအသုံးမပြုနိုင်တော့။

ရေခဲမြစ်နားတွင် လိုက်လံရှာဖွေလျှင် နှင်းကြာပန်းပင်များကိုတွေ့ကောင်းတွေ့နိုင်မည်ဖြစ်သော်လည်း၊ နှင်းကြာပန်းကို ရဖို့ကတော့ မလွယ်ပါ။





အပင်နားတွင် နှစ်ပေါင်းများစွာထိုင်စောင့် နေရမည့် အခြေအနေမျိုးဖြစ်သည်။

ကွမ်းစုန်ကျင်ကမူ။

ကံကောင်းထောက်မကာ နှင်းကြာပန်းနှင့် နှင်းကြာသီးတို့ကို ရရှိထားခဲ့သည်။

× × ×

"ကျုပ်က ကံကောင်းထောက်မပြီး နှင်းကြာပန်းတပွင့်နဲ့ နှင်းကြာသီးတလုံးရထားတယ်၊ အဲဒါကိုသုံးပြီး မိန်းမပျို့နှာသင့်နေတဲ့ ပျံလွှားမြီးအဆိပ်အပ်ရဲ့အဆိပ်တွေကို အဆိပ်ဖြေ ကုသပေးမယ်"

ကွမ်းစုန်ကျင်မှာ တကယ့် သမားတော်ကောင်းတယောက် ပီသလှသည်။

တသက်တခါ ရတောင့်ရခဲ ရထားသော အလွန်ရှားပါးအဖိုးတန်လှသည့် ပစ္စည်းက လူနာအားကုသရန် စွန့်လွှတ် အသုံးချရဲသည်။

ဟို့တုန်းတို့၏စိတ်ထဲတွင် ကွမ်းစုန်ကျင်း၏ စေတနာမွန်ကို ချီးမွမ်းမဆုံးကြသည်။

ကွမ်းစုန်ကျင်ကို လေးစားစွာ ကြည့်နေမိကြသည်။

"အားလုံးခဏစောင့်ကြပါ၊ ကျုပ် မိန်းမပျိုကို အဆိပ်ဖြေ ကုသနိုင်မယ့် ဆေးကို သွားယူလာခဲ့ပါမယ်"

ကွမ်းစုန်ကျင်က ဤသို့ပြောပြီး အခန်းထဲမှထွက်သွားသည်။

မကြာပါ။

ကွမ်းစုန်ကျင်သည် အဖြူရောင်ဗူးငယ်တခုနှင့် အနီရောင်ဗူးငယ်တခုကိုင်ကာ အခန်းထဲပြန်ဝင်လာသည်။

ကွမ်းစုန်ကျင် တယောက်တည်းမဟုတ်တော့။

သူနှင့်အတူ အဖော်တယောက်ပါလာသည်။

ကွမ်းစုန်ကျင်နှင့် ပါလာသော အဖော်မှာ၊ အသက်(၁၂) ကျော်ကျော်ခန့်ရှိ မိန်းမငယ်တယောက်ဖြစ်သည်။

မိန်းကလေးသည် ခရမ်းရောင် ဝတ်စုံကိုလှပစွာ ဝတ်ဆင်ထားသည်။

နုပျိုသော အလှနှင့် ချစ်စရာလေးဖြစ်သည်။





မျက်နှာလေးက အပြစ်ကင်းမဲ့စွာ ပြုံးရွှင်၍နေသည်။

ကွမ်းစုန်ကျင်က မိန်းမငယ်ကို အသာလက်ညိုးထိုးပြကာ....

"ဒါ ကျုပ်ရဲ့သမီးလေးဝေပါ"

ထို့ပြင် ဟို့တုန်းတို့ကို တဖန် လက်ညိုးညွှန်ပြကာ ဆက်လက်ပြီး....

"သမီးလေး အဲဒီ ဦးဦးနှစ်ယောက်က ဦးဦးဟို့တုန်းနဲ့ ဦးဦး ကျန်းကြည်တင်းလို့ခေါ်တယ်၊ သမီး ခပ်မြန်မြန် ဂါဝရ ပြုနှုတ်ဆက်လိုက်ပါကွယ်"

မိန်းကလေး 'ဝေ' သည် လှပစွာပြုံးပြီး ဟို့တုန်းတို့ရှိရာသို့ လျှောက်လှမ်းလာသည်။

ပြီးနောက်၊

ဟို့တုန်းကိုတလှည့်၊

ကျန်းကြည်တင်းကိုတလှည့်။

ဟို့တုန်းနှင့် ကျန်းကြည်တင်တို့ စိတ်ထဲတွင် အတော်လေး အံ့ဩနေသည်။

တွေးစရာကလည်း တပုံတပင်ကြီး။

သူတို့ သိရသလောက် ကွမ်းစုန်ကျင်သည် အိမ်သူဇနီး ရှိသူ မဟုတ်။

အိမ်သူဇနီးမရှိသူတယောက်က မည်သို့မည်ပုံသမီးတယောက် ရနေသနည်း။

ဘာပဲဖြစ်ဖြစ်၊

ကွမ်းစုန်ကျင်က သူ၏သမီးအဖြစ် မိတ်ဆက် ပေးသည်မို့ ဟိုတုန်းတို့ကလည်း လေးလေးစားစားပင် တုံ့ပြန်သည်ဂါရဝ ပြုလိုက်ကြသည်။

ဟိုတုန်းတို့သည် မိန်ကလေး 'ဝေ'နှင့် ပတ်သက်၍ မေးမြန်း ကြည့်လိုသည်များ အတော်များများ ရှိသည်။

သို့သော်....

အတိအလင်း ထုတ်ဖော်မေးမြန်းရန် မသင့်သောကြောင့် အသာ ငြိမ်နေကြသည်။

ကွမ်းစုန်ကျင်က မိန်းကလေး 'ဝေ'နှင့် ပတ်သက်ပြီး ရှင်းပြလေမလားဟု ဟိုတုန်းတို့က စောင့်နေကြသေးသည်။

ကွမ်းစုန်ကျင်ကမိန်းကလေး 'ဝေ'နှင့်ပတ်သက်၍ရှင်းမပြပါ။

ခုတင်နားသို့သာ လျှောက်သွားသည်။





ဖိန့်စစ်ချန်းကလည်း မိန်းကလေး 'ဝေ' အကြောင်း ရှင်းမပြပါ။

ထို့ကြောင့်၊

ဟိုတုန်းတို့နှစ်ယောက်မှာ ရင်ထဲတွင် တအုံ နွေး နွေး နှင့် ကြိတ်မှိတ်၍ နေကြရလေတော့သည်။

× × ×

## အခန်း (၁၁)

ကွမ်းစုန်ကျင်က၊
အဖြူရောင် ဗူးလေးကိုဖွင့်လိုက်သည်။
ပြီးနောက်၊
ဗူးထဲမှ အသီးတခုကို ထုတ်ယူလိုက်သည်။
အသီးမှာ ဇီးသီးအရွယ်ခန့် ဖြစ်သည်။
အရည်လဲ့ကာ ကြည်လင်နေသည်။
ဟို့တုန်းကျိုသုံးယောက်က အသီးကိုစိတ်ဝင်စားစွာ ကြည့်နေကြသည်။
ကွမ်းစုန်ကျင်က ပြုံးရယ်လိုက်ပြီး၊

"ဟောဒါကို သေသေချာချာ ကြည့်၍ မှတ်ထားကြပါ၊ ဒါဟာ သိုင်းလောကမှာ နာမည်ကျော်ကြားသလောက် အင် မတန်ရှားပါးတဲ့နှင်းကြာသီးဖြစ်တယ်၊ နောက်နောင်ကံကောင်း ထောက်မပြီး ကြုံကြိုက်တဲ့အခါမှာ တွေ့ရှိယင် အရယူထားနိုင် တာပေါ့"

ကွမ်းစုန်ကျင်၏အမူအရာမှာအေးအေးဆေးဆေးပင်ရှိသည်။

အလွန်ရှားပါးလှသည့် ပစ္စည်းတခုကို မိမိနှင့် လုံးဝသိကျွမ်း ခြင်းမရှိသည့် မိန်းမပျိုတယောက်အတွက် လက်လွတ်ခံ အသုံး ပြုရက်သည်ကို မယ်သုံမျှဝမ်းနည်းဟန်မပြ။

နှမြောဟန်လည်း မရှိ။

လူနာအမျိုးသမီးရဲ့ပါးစပ်ကို အသာ ဟပေးစမ်းပါကွယ်"

ကွမ်းစုန်ကျင်က ခုတင်ဘေး တဘက်တချက်တွင် ရပ်ကြည့် နေကျသည့် အစိမ်းရောင် ဝတ်စုံဝတ် မိန်းမပျိုနှစ်ယောက်ကို ပြောလိုက်သည်။

အစိမ်းရောင် ဝတ်စုံဝတ် အမျိုးသမီးနှစ်ယောက်က လူနာ အမျိုးသမီး၏ပါးစပ်ကို ဟလျက်သားဖြစ်သွားအောင်လုပ်ပေး လိုက်သည်။

သူတို့နှစ်ယောက်မှာ လူနာပြုစုသည့်နေရာတွင် ကောင်းစွာ ကျွမ်းကျင် တတ်မြောက်ထားကြဟန် တူသည်။





လုပ်ဆောင်ပုံများမှာ စနစ်ကျနကာညင်သာသည်။

မိန်းမပျို ပါးစပ် ပွင့်ဟ လာသည်။

ကွမ်းစုန်ကျင်က မိန်းမပျို၏ ဟနေသောပါးစပ်၏ အပေါ် နားတွင် နှင်းကြာသီးကို ညာလက်ညှိုး လက်မတို့ဖြင့်ကိုင်ကာ အသာအယာ ညှစ်လိုက်သည်။

ထိုအခါ၊

နှင်းကြာသီး၏အပေါ်လွှာ ကွဲသွားသည်။

အခန်းထဲတွင် မွှေးပျံ့သော ရနံ့ သင်းကြိုင်သွားသည်။

လူအားလုံး၏ စိတ်အစဉ်လည်း ရုတ်တရက်ကြည်လင် လန်း ဆန်းသွားရသည်။

နှင်းကြာသီးထဲမှ အစိမ်းရောင်အရည်များ တစက်ချင်း ကျ လာသည်။

ထိုအရည်ကြည်များသည် ဟနေသော မိန်းမပျို၏ပါးစပ်ထဲ သို့ ကျသွားသည်။

အရည်အားလုံးကုန်သွားသည်တွင်၊

ကွမ်းစုန်ကျင်ကကျန်နေသော ပါးလွှာသည့်အခွံကို အသာ အဖြူရောင်ဗူးထဲသို့ ပြန်ထည့် သိမ်းဆည်းထားလိုက်သည်။

"ဟောဒီအခွံလွှာကလည်း သိပ်ကိုအဖိုးတန်ပြီး ဆေးဘက်ဝင်ပါတယ်၊ ဒါကြောင့် သေသေချာချာ သိမ်းထားရမယ်"

ကွမ်းစုန်ကျင်က ဆက်လက်၍၊

ဟောဒီဗူးထဲမှာ နှင်းကြာပန်းနှင့်ဖော်စပ်ထားတဲ့ ဆေးမှုန့်တွေရှိတယ်၊ လူနာအမျိုးသမီးရဲ့ကိုယ်ခန္ဓာမှာစူးဝင်နေတဲ့ ပျံလွှားမြီး အဆိပ်အပ်ကိုဆွဲတုတ်ယူပြီး ဒဏ်ရာနေရာမှာ သိပ်ပေးရမယ် ဟဲလာကျုပ်တို့တတွေအခန်းပြင်ကိုထွက်ကြပါစို့၊ လူနာအမျိုးသမီးရဲ့ကိုယ်က ပျံလွှားမြီး အဆိပ်အပ်ကိုထုတ်ပြီး ဆေးလိမ်းပေးဖို့ကို သမီးလေးဝေကခေါင်းဆောင်ပြီး လုပ်ပါလိမ့်မယ်"

ပျံလွှားမြီးအဆိပ်အပ် အထိခံရသည့်နေရာကို မိန်းမပျိုက ပြောမပဲနေခဲ့သည်ကို ဟို့တုန်းတို့ သတိရမိသည်။

မမြင်အပ်သည့်နေရာ ဖြစ်မည်ကိုလည်း တွေးမိသည်။

ထို့ကြောင့်၊

ဘာမျှမပြောကြတော့ပဲ ကွမ်းစုန်ကျင်၊ ဖိန်စင်ချန်း တို့နှင့်အတူ အခန်းထဲမှ ထွက်လာကျသည်။

အခန်းထဲတွင်လူနာမိန်းမပျိုနှင့်အတူ ဝတ်စုံစိမ်းဝတ်အမျိုးသမီးနှစ်ယောက်၊ မိန်းကလေးဝေတို့သာ ကျန်နေခဲ့ကျသည်။

× × ×





အိမ်လေး၏အလယ်ခန်းကို ညှော်ခန်းသဘော အသုံးချထားသည်။

သက်တောင့်သက်သာထိုင်နေနိုင်သော ထိုင်ခုံများရှိသည်။

အခန်းထဲမှထွက်လာသော ကွမ်းစုန်ကျင်တို့ လေးယောက်၊ ထိုင်ခုံများတွင်ထိုင်လိုက်ကြသည်။

ထိုင်ပြီးသောအခါ၊ ဟို့တုန်းက။

"မိန်းမပျိုဆီကရထားတဲ့ဓားကို ဆရာကြီးတို့သိကြလိမ့်မယ် ထင်ပါတယ်"

ဟု မိမိမျိုသိပ်ထားရသည့် အကြောင်းကို စကားစပေးလိုက်သည်။

ကွမ်းစုန်ကျင်နှင့်ဖိန်စင်ချန်းတို့တယောက်မျက်နှာတယောက်ကြည့်လိုက်ကြသည်။

ပြီးမှ ကွမ်းစုန်ကျင်က။

"ဒီဓားဟာ အရှေ့ပင်လယ်က တုန်းယိဂိုဏ်းရဲ့ မျိုးဆက်လက်နက်ပဲ၊ သူ့နာမည်အပြည့်အစုံက အဆိပ်ဖြေလခြမ်းဓား၊ ဒါပေမယ့် သိုင်းလောကမှာတော့ လခြမ်းဓားရယ်လို့ပဲ ခေါ်ကြတယ်"

အရှေ့ပင်လယ်မှ တုန်းယိဂိုဏ်း

အဆိုပ်ဖြေလခြမ်းခေါ်း။

ဤအမည်များကို ဟို့တုန်းတို့လူစုကြားဖူးကြပေ။

ဖိန်စစ်ချန်းက ဟို့တုန်းတို့နှစ်ယောက်၏အရိပ်အကဲကို အကဲခတ်မိဟန်ဖြင့်။

"ဒီက တူမောင်နှစ်ယောက်က တုန်းယိဂိုဏ်းနဲ့ လခြမ်းခေါ်းတို့အကြောင်းကို ကြားဖူးကြမယ်မထင်ဘူး၊ အဲဒါတွေကို သူတို့နားလည်အောင်ရှင်းပြလိုက်ပါဦးလေ"

ကွမ်းစုန်ကျင်က ခေါင်း ညိတ်လိုက်ပြီး။

"ဟုတ်ကဲ့ ကျုပ်ကလည်း ရှင်းပြမလို့ပါပဲ၊ တုန်းယိဂိုဏ်းဆိုတာ သိပ်ကိုလျှို့ဝှက်တဲ့သိုင်းအဖွဲ့အစည်းတခုပဲ၊ ဂိုဏ်းဝင်တွေကလည်း တမိသားစုတည်း ကပဲ ဖြစ်ကြရတယ်၊ အပြင်လူမဝင်နိုင်ဘူး။ တုန် ယိဂိုဏ်းကခေါ်းသိုင်းဟာ နာမည်ကျော်တယ်၊ အထူးသဖြင့် နတ်ဆို နိုင်ခေါ်းကွက်ကို ယှဉ်နိုင်သူမရှိဘူးလို့တောင် ပြောကြတယ်။ လခြမ်းခေါ်းကလည်း တုန်းယိဂိုဏ်းဝင် ထိပ်တန်းအဆင့်သူတွေမှ ကိုင်ဆောင်နိုင်ကြတယ်။ ဒီခေါ်းဟာ အဆိပ်အမျိုးမျိုးကို ခုခံကာကွယ်နိုင်တဲ့ လက်နက်တခုလည်းဖြစ်တယ်။ တုန်းယိဂိုဏ်းဟာ သူတို့သီးသန့်နေပြီး သိုင်းလောကနဲ့လည်း ပတ်သက်ခဲတယ်။ ဒါကြောင့် သူတို့အကြောင်း လူသိနည်းတယ်၊





ကျုပ်တို့လိုသက်ကြီးရွယ်အို သိုင်းသမားတွေထဲမှာတောင် တုန်းယိဂိုဏ်းနဲ့လခြမ်းခေါ်းအကြောင်း သိတဲ့လူရှားတယ်"

ကျန်းကြည်တင်းကကြားဖြတ်၍။

"ဒါဆိုယင် အဲဒီမိန်းမပျိုဟာ တုန်းယိဂိုဏ်းဝင်တယောက်များဖြစ်နေမလား"

ကွမ်းစုန်ကျင်က ဖိန်စစ်ချန်းကိုလှမ်းကြည့်သည်။

ဖိန်စင်ချန်းက ခေါင်းကိုခါယမ်းပြီး။

"အဲဒါကတော့အဖြေခက်တယ်၊ တုန်းယိဂိုဏ်းဟာ သိုင်းလောကအရှုပ်အထွေးတွေမှာ မပတ်သက်ဘူး၊ ပြည်မကိုလည်း လာလေ့မရှိဘူး။ အရှေ့ပင်လယ်က တုန်းယိကျွန်းမှာပဲနေကြတာများတယ်။ ဒီမိန်းမပျိုက ပြည်မသိုင်းလောကမှာ လှုပ်ရှားနေပြီး၊ နတ်ဆိုးကြီး ချဲ့ယွင်ထိန်လိုလူနဲ့တောင် ရင်ဆိုင်တိုက်ခဲ့တာဆိုတော့ ကျုပ်ဖြင့် ဘယ်လိုယူဆရမှန်းတောင် မသိတော့ဘူး"

ကျန်းကြည်တင်းက စိတ်မကျေနပ်နိုင်သေးပဲ။

ဒီမိန်းမပျိုဟာ တုန်းယိဂိုဏ်းရဲ့ မျိုးဆက်မဟုတ်ယင် ဘာကြောင့် အဆိပ်ဖြေလခြမ်းခေါ်းကို ဆောင်ထားရတာလဲ"

ဖိန်စစ်ချန်းက ခေါင်းကိုခါယမ်းလိုက်ပြန်ကာ။

"အဲဒါကြောင့် အတွေးရခက်နေတာပေါ့၊ ဒီမိန်းမပျိုသာ တုန်းယိဂိုဏ်းရဲ့မျိုးဆက်ဆိုယင် လခြမ်းဓားကို သုံးပြီး ချဲ့ယွင်ထိန်ရဲ့ပျံလွှားမြီးအဆိပ်အပ်ကို ကောင်းကောင်းကာကွယ် တားဆီးနိုင်တယ်။ အခုလိုသေလောက်တဲ့အထိ ဒဏ်ရာပြင်းပြင်းထန်ထန် ရနေစရာအကြောင်းကိုမရှိဘူး"

ဟို့တုန်းကကြားဝင်ကာ။

"ကျွန်တော်တခုပြောပါရစေ"

ဖိန်စစ်ချန်းက ဟို့တုန်းကိုကြည့်လိုက်ပြီး။

"ဘာပြောချင်လို့လဲ"

"ဒီမိန်းမပျိုက လခြမ်းဓားကိုခိုးယူလာတာကော မဖြစ်နိုင်ဘူးလား"

ကွမ်းစုန်ကျင်နှင့်ဖိန်းစစ်ချန်းတို့နှစ်ယောက် ပြိုင်တူပင်ခေါင်းကိုခါယမ်းလိုက်ကြသည်။

ပြီးနောက်၊ ကွမ်းစုန်ကျင်က။

"အဲဒါ လုံးဝမဖြစ်နိုင်ဘူး တုန်းယိဂိုဏ်းရဲ့ မျိုးဆက် လက်နက်ကို ခိုးဖို့ဆိုတာနဲ့ တုန်းယိကျွန်းကို သွားရဲတဲ့လူတောင် မရှိဘူး၊ အေး တယောက်တလေက စွန့်စားပြီး သွားခိုးတယ် ဆိုယင်လည်း တုန်းယိဂိုဏ်းရဲ့ လက်ချက်နဲ့ သေရွာကျ မြန်းကြရမှာပဲ"





ဟို့တုန်းက သက်ပြင်းချကာ၊

"ဒီလိုဆို တယ်သည်းအတွေးရခက်ပါလား"

ကျန်းကြည်တင်းမှာလည်း အတော်ပင် စိတ်ပျက် အားလျော့သွားသည်။

မိန်းမပျိုထံတွင် တွေ့ရသော ထူးဆန်းသည့် ဓားမှနေ၍ မိန်းမပျို၏ ဗီဇဇစ်မြစ်ကို သိနိုင်မည်ဟု ကျန်းကြည်တင်း မျှော်လင့်ထားသည်။

ယခုမူ၊

ထိုဓား၏ အကြောင်းသိရသော်လည်း မိန်းမပျို၏ ဗီဇဇစ်မြစ်ကိုအား မဖော်ထုတ်နိုင်။

ပို၍ပင်ရှုပ်သွားသေးသည်။

× × ×

## အခန်း (၁၂)

နှင်းကြာပန်းနှင့် နှင်းကြာသီးတို့သည် တကယ်ပင် အစွမ်း ထက်မြက်လှသည်။

ထမင်းအိုးတလုံးကျက်ခန့် အချိန်ကြာပြီးသည်နှင့်၊

ကွမ်းစုန်ကျင်တို့ရှိရာသို့ သတင်းထူး ရောက်လာသည်။

သတင်းလာပြောသူမှာ မိန်းကလေး 'ဝေ' ဖြစ်သည်။

မိန်းကလေး 'ဝေ' ကို လှမ်းမြင်လိုက်သည်နှင့် သတင်း ကောင်း ဖြစ်ကြောင်းသိနိုင်သည်။

အဘယ်ကြောင့်ဆိုသော်၊

မိန်းကလေး 'ဝေ' က အားရဝမ်းသာ ပြေးလာသောကြောင့်ဖြစ်သည်။

အခန်းထဲသို့ ရောက်သည်နှင့် မိန်းကလေး 'ဝေ' က၊

"ဘိုးကိုးရေ လူနာဒေါ်ဒေါ်တော့ ကောင်းကောင်းသတိရလာပြီ"

ဤစကားကိုကြားရသည်နှင့်၊

လေးယောက်လုံး ထိုနေရာမှ ထလိုက်မိကြသည်။

ကွမ်းစုန်ကျင်က အလျင်ဦးစွာ၊

"ဟော ဟုတ်လား၊ သူ့ကိုယ်ပေါ်က ပျံလွှားမြီးအဆိပ်အပ်ကိုကော ထုတ်ယူနိုင်ပြီလား"

ဟုမေးလိုက်သည်။

"ရတယ် ကောင်းကောင်း ထုတ်ယူလို့ရတယ်၊ ဟောဒီမှာဘိုးဘိုး ကြည့်ပါဦး"

မိန်းကလေး 'ဝေ' က ဤသို့ပြော ပြီး၊ သူ့လက်ထဲတွင်ကိုင်လာသော ပျံလွှားမြီးအဆိပ်အပ်ကို ကွမ်းစုန်ကျင်အားပေးလိုက်သည်။

မိန်းကလေး 'ဝေ' သည် ပျံလွှားမြီးအဆိပ်အပ်ကို၊ ပိတ်စဖြူဖြူဖြင့် ပတ်ကာယူလာခြင်းဖြစ်သည်။





ကွမ်းစုန်ကျင်ကို ပေးအပ်ရာတွင်လည်း၊ ပိတ်စဖြူဖြင့် ရစ်ပတ်လျက်သား ပေးလိုက်သည်။

ကွမ်းစုန်ကျင်က ပိတ်စကို အသာဖြေဖွင့်သည်။

ဖိန့်စစ်ချန်း၊ ဟို့တုန်းနှင့် ကျန်းကြည့်တင်းတို့သုံးယောက်လည်း ပျံလွှားမြီးအဆိပ်အပ်ကို စိတ်ဝင်စားစွာ လှမ်းကြည့်လိုက်ကြသည်။

ဟို့တုန်းတို့သည် ပျံလွှားမြီး အဆိပ်အပ်အကြောင်းကြားဖူးထားသော်လည်း သေသေချာချာ တွေ့မြင်ဖူးခြင်း မရှိသေးပေ။

သိုင်းလောက တခုလုံးတွင် ဖိန့်ဖိန့်တုန်အောင် ကြောက်လန့်နေကြရသည့်၊ ပျံလွှားမြီးအဆိပ်အပ်ကို သူတို့ မြင်ကြတွေ့ကြရပါပြီ။

ပျံလွှားမြီးအဆိပ်မှာ လက်ရာမြောက်စွာ ပြုလုပ်ထားခြင်းဖြစ်ပါသည်။

အရှည်တလက်မခန့်ရှိ၏။

ထိပ်ပိုင်းတွင် ပြားပြားချွန်ချွန် ချိတ်ကောက်နှစ်ခု ပြုလုပ်ထားသည်။

ထိုချိတ်ကောက်လေး နှစ်ခုမှာ အလွန်ထက်မြက်ာ ချွန်…
သည်။

ပျံလွှားမြီးအဆိပ်အပ်ကို အကောင်းစား သံမဏိအ…
ဖြင့် ပြုလုပ်ထားသည်။

သို့ရာတွင်၊

အပ်၏အရောင်မှာ ပြာလဲ့လဲ့တောက်ပနေသည်။

အဆိပ်ရည်များဖြင့် သေသေချာချာ စိမ်ပြုလုပ်ထားသော…
ကြောင့် ပြာလဲ့တဲ့အရောင်ထွက်နေခြင်းဖြစ်ပါသည်။

အပ်အမြီးပိုင်းတွင် အလွန်ပါးလှပ်သည့် သံမဏိအရွက်ယ…
လေးနှစ်ခုပါရှိသည်။

ထိုအရွက်ငယ်လေးများမှာ ပျံလွှားငှက်၏ အမြီးပိုင်း အ…
သွင်သဏ္ဍာန်မျိုးဖြစ်သည်။

သေးငယ်လှသောကြောင့် ပစ်ပေါက်ရာတွင် အသံ သိ…
မထွက်နိုင်။

ပြီးတော့၊

မြင်နိုင်တွေ့နိုင်ရန်လည်း ခက်လှသည်။





အတွင်းအားကောင်းမွန်ပြီး သိုင်းပညာ အဆင့်အလွန်မြင့်မားသည့် သိုင်းပညာရှင်မဟုတ်လျှင် ဤ ပျံလွှားမြီးအဆိပ်အပ် လက်နက်ကို ခုခံတိမ်းရှောင်ရန် မလွယ်ပေ။

အားလုံး သေချာစွာ ကြည့်ရှုပြီးချိန်တွင် ကွမ်းစုန်ကျင်က ပျံလွှားမြီးအဆိပ်အပ်ကို ပိတ်စဖြူဖြင့် သေသေသပ်သပ် ပြန်ထုပ်လိုက်သည်။

ပြီးလျှင်၊

သေချာစွာ သိမ်းဆည်းထားလိုက်သည်။

"ဟော ဟိုမှာ"

မိန်းကလေး 'ဝေ' က အံ့ဩဟန်ဖြင့် အသံပြုသည်။

ကွမ်းစုန်ကျင်တို့သုံးယောက်လည်း ရုတ်တရက်ရင်ထိတ်သွားကာ လှမ်းကြည့်လိုက်ကြသည်။

အခန်းထဲသို့ လျှောက်လှမ်းလာသော လူတယောက်ကို မြင်ကြရသည်။

× × ×

အခန်းထဲသို့ လူတယောက် လျှောက်လှမ်း ဝင်ရောက်လာသည်။

ထိုသူမှာ အခြားလူမဟုတ်။

ဟိုတုန်းနှင့် ကျန်းကြည်တင်းတို့ ခေါ်ဆောင်လာခဲ့သည့် မိန်းမပျိုပင်ဖြစ်သည်။

ကွမ်းစုန်ကျင်ပြောသည်မှာ မှန်သည်။

နှင်းကြာပန်းနှင့် နှင်းကြာသီးတို့မှာတကယ်ပင် အစွမ်းအာနိသင်ထက်မြက်လှသည်။

အလွန် နာမည်သတင်း ကျော်ကြားမည်ဆိုကလည်းကျော်ကြားလောက်သည်။

ယခုလည်း ကြည့်လေ။

ပျံလွှားမြီးအဆိပ်အပ်ထိကာ အဆိပ်တက်၍ သေအံ့မူးမူးဖြစ်နေသော မိန်းမပျို။

အဆိပ်ပြယ်ကာ လမ်းပင်ထလျှောက်လာလေပြီ။

၄င်းအဖြစ်ကို မြင်ရသည့်အတွက်။

အားလုံးဝမ်းသာမိကြသည်။

မိန်းမပျို လျှောက်လှမ်းလာသည်မှာ ခြေလှမ်း ခပ်မှန်မှန်သာဖြစ်သည်။

သို့သော်....၊

ခြေနှုတ်ခြေသိမ်းသွက်သည်။





တခဏအတွင်းမှာပင် အခန်းထဲသို့ရောက်လာသည်။

ကွမ်းစုန်ကျင်တို့ လေးယောက်မှာ အလွန်ဝမ်းသာနေကြသည်။

ထို့ကြောင့်....၊

ရုတ်တရက် ဘာပြောမည်ကိုပင် မသိ။

ကြောင်အအ ဖြစ်နေကြသည်။

မိန်းမပျိုကို မေးမြန်း ပြောဆိုချင်သော အချက်တွေကား အများပင် ရှိပါသည်။

ဒါပေမယ့်။

ဘယ်ကစ၍ ဘယ်လိုမေးမြန်းရမည်ကို မသိတတ်။

မိန်းမပျိုက သူတို့အားလုံးကို မျက်စိတချက်ဝင့်ကာကြည့်လိုက်သည်။

စူးရှသော မျက်လုံးအစုံဖြင့် ကြည့်လိုက်သည့် အကြည့်မှာ အားအင်ပြည့်ဝကာ အစွမ်းသတ္တိတမျိုး ရှိနေသလိုထင်ရသည်။

ပြီးနောက်၊

မိန်းမပျိုက နှုတ်ခမ်းလွှာနှစ်ခုကို ဟကာ စကားဆိုသည်။

"သိပ်ကို ကျေးဇူးကြီးလှပါတယ်ရှင်၊ အခုလိုအားလုံးက စိတ်စေတနာ အပြည့်အဝထားပြီး ကူညီခဲ့တာကြောင့် ဒုက္ခ

သည် မိန်းမသား ကျွန်မမှာ သေကံမရောက်ခဲ့ရပါဘူး၊ ကျွန်မရဲ့ ကျေးဇူးရှင်တွေကို ဦးချကန်တော့ ပါတယ်ရှင်''

စကားဆုံးသည်တွင်မိန်းမပျိုက ကြမ်းပြင်ပေါ် ဒူးထောက်ထိုင်ချလိုက်သည်။

ပြီးနောက်၊

ကွမ်းစုန်ကျင်မှ အစပြုကာ ကျန်းကြည်တင်းအဆုံး တယောက်ချင်းစီ ဦးချကန်တော့သည်။

''ဒီလောက်တောင်လည်းမဟုတ်ပါဘူးကူညီရမယ့်လူကို ကူညီပေးတာကကျုပ်တို့အားလုံးရဲ့ ဝတ္တရားပါပဲ''

ကွမ်းစုန်ကျင်ကပြောသည်။

ကျန်လူများကလည်း ခေါင်းညိတ်ပြလိုက်ကြသည်။

ထိုအချိန်တွင် မိန်းမပျိုမှာ ဦးချကန်တော့ပြီးသွားပြီ ဖြစ်သည်။

မိန်းမပျိုသည် ဒူးထောက်ထိုင်နေရာမှ ထလိုက်ကာ....၊

''ကျွန်မ သတိပြန်ရလာပြီးတော့ ကျွန်မဘေးနားမှာ ရှိတဲ့ ညီမငယ်တယောက် ပြောပြလို့ ဆရာကြီးက သိပ်ကို အပိုးတန်ရှားပါးပြီး တသက်မှာ တခါတောင်မှ ရဖို့လမ်းမရှိတဲ့ နှင်း





ကြာပန်းနဲ့ နှင်းကြာသီးတို့ကို အသုံးပြုပြီး ကျွန်မကို အသက်ကယ် ကုသပေးမှန်း ကျွန်မသိခဲ့ရပါတယ်၊ ဒါဟာ သိပ်ကိုမွန်မြတ်တဲ့ စိတ်စေတနာကြောင့်ဖြစ်ပါတယ်၊ ကျွန်မကျေးဇူးတင်လို့ မဆုံးပါဘူး၊ ပြီးတော့ ကျွန်မကို အခုလိုသေတွင်းက ဆွဲထုတ်ကယ်တင်ပေး ခဲ့တဲ့အတွက် ဆရာကြီးတို့အပေါ်မှာ နတ်ဆိုးကြီး ချဲယွင်ထိန်ရဲ့ အန္တရာယ်စက်ကွင်း ကျရောက်လာမယ့်ဘေးကလည်း ရှိနေပါသေးတယ်၊ ဒီလိုဘေးအန္တရာယ်ကို ရင်ဆိုင်ပြီး ကူညီပေးတာ သိပ်ကိုကျေးဇူးတင်ပါတယ်ရှင်''

ကျန်းကြည်တင်းက ကြားဖြတ်၍....

''ခင်ဗျားက ဘယ်လိုကြောင့် နတ်ဆိုးကြီး ချဲယွင်ထိန်နဲ့ ရင်ဆိုင်မိတာလဲ''

ကွမ်းစုန်ကျင်ကလည်း—၊

''ဟုတ်တယ် အဲဒီအကြောင်းကို ပြောနိုင်မယ်ဆိုယင် ပြောပြပါလား''

ဖိန်စစ်ချမ်းနဲ့ ဟိုတုန်းကလည်း သိလိုကြောင်းပြောဆိုကြသည်။

မိန်းမပျိုက သက်ပြင်းချလိုက်ပြီး—၊

"ကျွန်မတို့ လင်မယားဟာ နတ်ဆိုးကြီး ဆိုင်တာမူရဲ့လက်ချက်ကြောင့် အသက်ဘေးကြုံနေတဲ့လူတယောက်ကို ကူညီကယ်တင်ပေးခဲ့တဲ့အတွက် နတ်ဆိုးကြီး ချဲယွင်ထိန်နဲ့ ရန်ငြိုးဖွဲ့တာခံခဲ့ရပါတယ်၊ လွန်ခဲ့တဲ့ လေးနှစ်လောက်ကပါပဲ...."

× × ×



## အခန်း (၁၃)

ကျွန်မတို့လည်း နတ်ဆိုးကြီးရဲ့ အန္တရာယ်စက်ကွင်းကလွတ်မြောက်ရအောင် တတ်နိုင်သမျှ ရှောင်တိမ်းနေခဲ့ပါတယ်၊

ဒါပေမယ့် အဲဒီအန္တရာယ်က ပြေးလို့ မလွတ်ခဲ့ပါဘူး။

တညမှာတော့ ကျွန်မတို့အိမ်ဘေးနားက စူးရှတဲ့ ငှက်အော်သံ သုံးခါကြားလိုက်ရပါတယ်၊

အသံတခုနဲ့တခုက မတူပါဘူး၊

ငှက်သုံး မျိုး ရဲ့ အော်သံသုံးမျိုးဖြစ်ပါတယ်။

ဒါပေမယ့် ... ။

စူးစူးရှရှရှိတာကတော့ အတူတူပါပဲ။

F.8

ဒီလိုခုတ္တုတဲ့ ငှက်အော်သံသုံးခု စူးစူးရှရှလုပ်တာဟာ နတ်ဆိုးကြီး ချဲ့ယွင်ထိန် ရောက်လာတော့မယ့် ရှေ့ပြေးအချက်ပြမှုဖြစ်ပါတယ်။

အဲဒီအချိန်တုန်းကတော့ ကျွန်မတို့ဟာ နတ်ဆိုးကြီး ချဲ့ယွင်ထိန်ရဲ့ ရှေ့ပြေးအချက်ပြမှုမှန်း မသိခဲ့ကြပါဘူး။

ငှက်အော်သံ ထူးဆန်းတယ်လို့ပဲ အောက်မေ့ကြပါတယ်။

ဒါကြောင့် သတိရှိရှိနဲ့ တကယ်လို့ အရေးပေါ်လာယင်လည်း ရင်ဆိုင်နိုင်ရအောင် အသင့်ပြင်ထား ခဲ့ကြပါတယ်။

ကျွန်မတို့ မျှော်လင့်ထားသလိုပါပဲ။

ငှက်အော်သံတွေ ကြားရပြီး မကြာမီမှာပဲ ရန်သူရောက်လာပါတော့တယ်။ ရောက်လာတဲ့ ရန်သူကတော့ နတ်ဆိုးကြီး ချဲ့ယွင်ထိန်ပါပဲ။

အဲဒီအခါကျမှ ထူးဆန်းတဲ့ ငှက်အော်သံသုံးခုဟာ နတ်ဆိုးကြီး ချဲ့ယွင်ထိန်ရဲ့ ရှေ့ပြေးအချက်ပေး သံဖြစ်ကြောင်း ကျွန်မတို့ သိရပါတော့တယ်။

ကျွန်မတို့ လင်မယား နှစ်ယောက်ပူးပေါင်းပြီး နတ်ဆိုးကြီး ချဲ့ယွင်ထိန်ကို တိုက်ခိုက်ကြပါတယ်။



နတ်ဆိုးကြီးချဲ့ယွင်ထိန်ကို သိုင်းပညာစွမ်းဘယ်လောက်ထက်တယ်ဆိုတာ ရှင်တို့လည်းအသိပဲ။

ကျွန်မတို့လင်မယားနှစ်ယောက်အနေနဲ့ သူ့ကို ဘယ်လိုယှဉ်နိုင်မှာလဲ၊

အတိုချုံးပြောရယင် မယှဉ်နိုင်တဲ့အဆုံးကျွန်မတို့ဟာအတင်းကိုယ်လွတ်ရုန်း ထွက်ပြေးခဲ့ရပါတယ်။

နတ်ဆိုးကြီးက ကျွန်မတို့နောက်ကိုမလိုက်ပါဘူး၊ ပျံလွှားမြီး အဆိပ်အပ်သုံးခုနဲ့လှမ်းပစ်လိုက်ပါတယ်၊

ကျွန်မတို့မိသားစု သုံးယောက်ကို ရည်ရွယ်ပြီး ပျံလွှားမြီးအဆိပ်အပ်သုံးခု ပစ်ခတ်ခဲ့တာပါ။

ကျွန်မယောကျ်ားက စွန့်စွန့်စားစား ခုခံ ကာကွယ်ပေးလို့ ကျွန်မနဲ့သမီးလေးဟာ ပျံလွှားမြီးအဆိပ်အပ်အထိမခံရပဲလွတ်ခဲ့ပါတယ်၊

ကျွန်မယောကျ်ားမှာတော့ ပျံလွှားမြီးအဆိပ်အပ်နှစ်ခုအထိခံလိုက်ရပါတယ်ရှင်၊

ကျွန်မလဲ ထက်နိုင်သမျှကြိုးစား ပြုစုပါသေးတယ်၊ ဘယ်လိုမှမရပါဘူး၊ သုံးရက်အကြာမှာ ကျွန်မယောကျ်ား သေဆုံးသွားခဲ့ပါတယ်၊

ကျွန်မမှာ သမီးလေးတယောက်နဲ့ မုဆိုးမဘဝကို ရောက်ရပါတော့တယ်၊

နတ်ဆိုးကြီးချဲယွင်ထိန် သိပ်ကိုအငြိုးကြီးမှန်းလဲ ကျွန်မတို့ သိရပါပြီ၊

သူဟာ အခဲခကျအုံ မှာ မဟုတ်သေးပါဘူး၊ ကျွန်မတို့သားအမိကိုလဲ ဆက်ရန်ရှာဦးမှာပဲဆိုတာ ကျွန်မ ကောင်းကောင်း သိပါတယ်၊

ဒါကြောင့်....

ကျွန်မယောကျာ်းရဲ့ဈာပနကိုကမန်းကတန်းစီစဉ်ပြီး အမြန်ဆုံး မြေမြှုပ် သင်္ဂြိုဟ်လိုက်ရပါတယ်၊

ကျွန်မနဲ့သမီးလေးဟာလဲ ဈာပနမြေမြှုပ်ပြီးတာနဲ့ဝေးရာကို ရှောင်ပြေးလာခဲ့ရပါတယ်၊

ကျွန်မတို့သားအမိအဖို့ အေးချမ်းစွာ ရှောင်ပုန်းနိုင်တော့မယ့်နေရာ မရှိသလောက်ဖြစ်ပါတယ်၊

နတ်ဆိုးကြီး ချဲယွင်ထိန်ကလည်း ကျွန်မနောက်ကို သဲသဲမဲမဲ လိုက်နေပါတယ်၊

အဲဒီလိုနဲ့ လေးငါးလလောက် အချိန်ကုန်လွန်သွားပါတယ်၊

အဲဒီအချိန် အတောအတွင်းမှာ ကျွန်မအဖို့တရက်မှစိတ်အေး ချမ်းရတယ်လို့ မရှိပါဘူး၊

အမြဲတမ်းရင်တထိတ်ထိတ်နေရပါတယ်၊

ကျွန်မတို့သားအမိအတွက် အားကိုးစရာလဲမမြင်ပါဘူး၊





နတ်ဆိုးချဲယွင်ထိန်ရဲ့ အန္တရာယ်စက်ကွင်း ကျရောက်နေတဲ့ ကျွန်မတို့ကို ဘယ်သူက အကူအညီ ပေးချင်မှာလဲရှင်၊

ဒီလိုနဲ့ ဟိုသွားသည်လာ ပြေးရှောင်နေယင်း ထုံပေါ့စန်းတောင်ပေါ် ဖြတ်ကျော်ပြီး ခရီးအသွားမှာ နတ်ဆိုးချဲယွင်ထိန်နဲ့ ရင်ဆိုင်ရတော့ပါပဲ၊

ကျွန်မအဖို့ ဘဝလမ်းဆုံးကိုရောက်ပြီလို့ တွေးမိပါတယ်၊

ဘာပဲဖြစ်ဖြစ် သမီးလေးလွတ်မြောက်စေဖို့အတွက် ကျွန်မ အစွမ်းကုန်တိုက်ခိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်၊

ဒါကြောင့် ကျွန်မဟာ သမီးလေးကို အမြန်ဆုံးထွက်ပြေး ခိုင်းပြီး ကျွန်မကတော့ နတ်ဆိုးကြီးချဲယွင်ထိန်ကို ရင်ဆိုင်ပါတယ်၊

ချဲယွင်ထိန်ဟာ ပျံလွှားမြီးအဆိပ်နဲ့ စတင်ပစ်ခတ်တိုက်ခိုက်ပါတယ်၊ ကျွန်မဘယ်လိုမှမခံနိုင်ပဲ ပျံလွှားမြီးအဆိပ်အပ်အထိ ခံလိုက်ရပါတယ်ရှင်။

(ဤနေရာတွင်ကျန်းကြည်တင်းက အဆိပ်ဖြေ လခြမ်းဓား ရှိလျက်နှင့် ပျံလွှားမြီးအဆိပ်အပ်ကို မည်သည့်အတွက် မခုခံနိုင် သနည်းဟု ဝင်မေးမည် ကြံမိသေးသည်။ သို့သော် မိန်းမပျို၏ စကားစ ပြတ်သွားမည်စိုးသောကြောင့် အောင့်အည်း နေလိုက် သည်)။

ပြီးတော့ ခေါင်းဒဏ်ရာလဲ နှစ်ချက်ရခဲ့ပြန်တယ်၊ ကျွန်မဟာ အဆိပ်ဒဏ်ရာရနေတဲ့ကြားမှ အားတင်းပြီးထွက်ပြေးခဲ့ပါတယ်။

× × ×

"ဒီလိုထွက်ပြေးယင်း တောင်ကမ်းပါးယံတခု ခြေချော်ပြီး အောက်ကိုလိမ့်ကျသွားပါတယ်၊ ဒီနောက်တော့ ကျွန်မသတိလစ်သွားပြီး ဘာကိုမှ မသိတော့ပါဘူး၊ ဟောဒီကအစ်ကိုနှစ်ယောက်သာ ကျွန်မကိုမတွေ့ခဲ့ယင် ကျွန်မဟာ နှင်းခဲပြင်အောက်မှာအသက်ပျောက်ရမှာ အမှန်ပါပဲရှင်"

မိန်းမပျိုသည် မမောတန်းပင်ပြောနေခဲ့သည်။

ယခု။

မိန်းမပျို၏စကားလက်စသတ်သွားပြီ။

သို့သော်၊ မရှင်းလင်းသည့်အကြောင်းတွေ အများကြီးကျန်ရှိနေသေးသည်။

မိန်းမပျိုသည် ချွဲယွင်ထိန်က သူတို့မိသားစုကိုအငြိုးကြီးစွာ လိုက်လံတိုက်ခိုက်သည့် အကြောင်းကိုသာ ပြောပြသွားသည်။

သူမ၏အမည်ကိုထုတ်မပြောသေး။





သူမ၏အမည်ကိုသာ မဟုတ်၊ သူ၏ယောကျ်ား အမည်ကိုပါ မပြောပေ။

သူတို့မိသားစုတွင် လျှို့ဝှက်စရာ အကြောင်းကိစ္စ ရှိသောကြောင့် ထုတ်မပြောသည်လား။

မိမိတို့အကြောင်းကိုမသိစေလို၍ ထိန်ချန်ထားသည်လား။

မပြောတတ်နိုင်ပေ။

မိန်းမပျိုပြောပြပြီးသောအခါ၊ ကွမ်းစုန်ကျင်က။

"အင်း၊ ချွဲယွင်ထိန်ဟာ သိပ်ကိုရမ်းကားရက်စက်ပါလား။ သူကျူးလွန်ခဲ့တဲ့မိုက်ပြစ်တွေအတွက် သက်ဆိုင်ရာတွေက တရားဥပဒေအတိုင်းအရေးယူကြပါလိမ့်မယ်။ မကောင်းမှုလုပ်သူဟာ မကောင်းမှုဒဏ်ကို ခံရမှာပါပဲ၊ ဟော ဒီ ထင်းရှူးစိမ်းဂေဟာဟာ ငြိမ်သက်အေးချမ်းပါတယ်၊ မိန်းကလေးအနေနဲ့ မငြင်းပယ်ဘူးဆိုယင်တော့ ထင်းရှူးစိမ်းဂေဟာမှာနေထိုင်ဖို့ဖိတ်ခေါ်ပါတယ်"

ကွမ်းစုန်ကျင်မှာ ဝါရင့်သိုင်းသမားကြီး ပီသလှသည်။ လူကြီးလည်း ပီသသည်။

မိန်းမပျိုကသူတို့၏အမည်နာမကိုထုတ်မပြောချင်သည့်အဖြစ်ကိုရိပ်မိသည်။

ထို့ကြောင့် မိန်းမပျို၏နာမည်ကိုမေးရန် လုံးဝစကားမစ။

မိမိဆောင်ရွက်ပေးနိုင်မည့် အကူအညီကိုသာ ပြောလိုက်သည်။

ကျန်းကြည်တင်းမှာမူ၊ မိန်းမပျို၏ အမည်ကို သာသိလိုနေသည်။

လခြမ်းမားနှင့် တုန်းယိဂိုဏ်း အကြောင်းလည်း မေးလိုနေသည်။

သို့သော်။

ကွမ်းစုန်ကျင်ကိုယ်တိုင်က ထိုအကြောင်းကို စကားမစသည့်အတွက်၊ ကျန်းကြည်တင်းမှာ မချင့်မရဲနှင့်ပင်ဆက်အောင့်အည်းနေရသည်။

အခွင့်အရေးရလျှင် မိမိသိလိုသည်များကိုထုတ်ဖော်မေးမြန်းမည်ဟုလည်းစိတ်ကူးထားသည်။

မိန်းမပျိုက ပေ်ယွဲ့ယွဲ့ပြုံးလိုက်သည်။

ထင်းရှူးစိမ်းဂေဟာတွင်နေထိုင်မည် မနေထိုင်မည်ဟူသော ဆုံးဖြတ်ချက်ကို၊ မိန်းမပျိုကမပြောနိုင်မီမှာပင်၊

မိန်းကလေး‘ဝေ’က၊ မိန်းမပျို၏အနားသို့ အပြေးလေးချဉ်းကပ်သွားသည်။

မိန်းကလေး‘ဝေ’သည်၊ မိန်းမပျို၏ အင်္ကျီစကိုအသာဆွဲကိုင်လိုက်ပြီး။

“ဒေါ်ဒေါ်အဖြစ်က သိပ်ကိုကြေကွဲစရာ ကောင်းပါတယ်၊ ကျွန်မဟာလဲ မိဘမဲ့အဖြစ် ကြီးပြင်းလာခဲ့ရတာပါ၊ ကျွန်မ





မေမေ၊ ဖေဖေတို့ဟာ ဖြူသလား၊ မည်းသလားတောင် ကျွန်မ မသိခဲ့ရပါဘူး ဒေါ်ဒေါ်၊ ကျွန်မတို့နဲ့အတူ နေပါလားဟင်၊ ကျွန်မအတွက် အဖော်လည်းရတာပေါ့၊ ဒေါ်ဒေါ်ပျော်အောင် ကျွန်မလုပ်ပေးပါ့မယ်”

မိန်းကလေး‘ဝေ’မှာ မိခင်မေတ္တာ ငတ်မွတ်နေသူလည်းဖြစ်သည်။

ထို့ကြောင့်။

မိန်းမပျို၏ အဖြစ်ကို အလွန်သနားကာ ယခုလို ပြောဆိုတောင်းပန်ခြင်းဖြစ်သည်။

တောင်းပန်ပြောဆိုယင်း ကလေးပီပီ မျက်ရည် ယစ်ဝဲကာ ငိုသံလည်းပါလာသည်။

မိန်းမပျိုမှာလည်း၊ မိမိတို့မိသားစု ကံကြမ္မာဆိုး ကြုံရပုံအကြောင်းကိုပြောပြနေစဉ်ကပင် စိတ်ထိခိုက်နေခဲ့သည်။

ဝမ်းနည်းကြေကွဲကာ မျက်ရည်ကျလုလုဖြစ်ခဲ့သည်။

သို့သော်။

မိန်းမပျိုက အတင်းအားခဲကာတင်းထားသည်။

မျက်ရည်မကျမိအောင်၊ မငိုမိအောင် မိမိကိုယ်မိမိထိန်းသိမ်းထားခဲ့သည်။

ယာခု။

မိန်းကလေး 'ဝေ'၏စကားကို ကြားသည်တွင် မိန်းမပျိုမှာ စိတ်ကို ဘယ်လိုမှ တင်းမထားနိုင်တော့။

ထိန်းသိမ်းအောင့်အည်းမထားနိုင်တော့။

မျက်လုံးအိမ်များမှ ပုလဲလုံးသဖွယ် မျက်ရည်များကျဆင်းလာသည်။

မျက်ရည်ဥများသည် မို့ဖောင်းသော ပါးပြင်ကိုဖြတ်ကာ အင်္ကျီရင်ဘတ်ပေါ်သို့ ကျသွားသည်။

မိန်းမပျို၏ လက်တဘက်ကလည်း။

မိန်းကလေး 'ဝေ' ၏ ခေါင်းပေါ်ရှိ ဆံနွယ်ကသာ များကို အသာအယာ ပွတ်သပ်၍ ပေးနေသည်။

ပါးစပ်မှလည်း....

"ဩော်....သမီးရယ်၊ သမီးအသက်က ဘယ်နှစ်နှစ်ရှိပြီလဲဟင်၊ သမီးနာမည်ကကော ဘယ်လိုခေါ်သလဲ"

ဟု မေးလိုက်သည်။

မိန်းကလေး 'ဝေ'က မိန်းမပျိုကို မော်ကြည့်သည်။

အကြည့်ချင်းဆိုင်မိသည်။

မိန်းကလေး 'ဝေ'၏ မျက်လုံးများတွင်လည်း မျက်ရည်တွေ ရစ်ဝိုင်းနေသည်။





မိန်းမပျို၏ မျက်လုံးတွင်လည်း မျက်ရည်များ ရစ်ဝိုင်းနေသည်။

မျက်ရည်လွှမ်းသော မျက်လုံးချင်း ဆုံမိသည်ဟု ဆိုရမည်။

မိန်းကလေး 'ဝေ' သည် မိန်းမပျိုကို ကြည့်လိုက်ပြီး။

"ကျွန်မနာမည် လုဝေပါ၊ ဘိုးဘိုးတို့ကတော့ သမီးလေးဝေလို့ပဲ ခေါ်ကြပါတယ်၊ ကျွန်မအသက် ဆယ့်နှစ်နှစ်ရှိပြီ"

ဤစကားကို ကြားရသည်တွင် မိန်းမပျိုမှာ ရင်နင့်သွားရသည်။

မိန်းမပျိုက လေသံတိုးတိုးဖြင့်....

"မိခင်မရှိတဲ့ ကလေးငယ်တွေရဲ့အဖြစ်ဟာ သိပ်သနားစရာကောင်းပါတယ်ကွယ်၊ ဒေါ်ဒေါ်သမီးလေးအာ ၁စန်းဟာဆိုယင် သမီးနဲ့ အသက်သိပ်မကွာဘူး၊ တနှစ်လောက်ပဲ ကြီးမယ်၊ သူ့အခု ဘယ်ရောက်နေပြီလဲ မသိဘူး၊ လူဆိုး လူရမ်းတွေလက်ထဲများ အဖမ်းခံနေရပြီလား၊ ဒါမှမဟုတ် သေဆုံး သွားပြီလား မပြောတတ်ပါဘူးကွယ်"

စကားများသည် မိန်းအလေး'ဝေ'ကို ပြောနေ လေသည်လား။ သူ့ဘာသာသူ ရေရွတ်နေသည်လား။

မပြောတတ်နိုင်။

ကာယကံရှင် မိန်းမပျိုကိုယ်တိုင်ပင် သိချင်မှသိမည်။

အတန်ကြာမှ မိန်းမပျိုက

"သမီးကို အဖော်ပြုပြီး နေမှာပေါ့ကွယ်"

ဤစကားကို ကြားရသည့်တွင် လုဝေသည် အလွန်ပျော်ရွှင်သွားသည်။

"ဟာ....ဝမ်းသာလိုက်တာ ဒေါ်ဒေါ်ရယ်၊ သမီး သိပ်ဝမ်းသာတာပဲ"

လုဝေက ဤသို့ပြောပြီး မိန်းမပျိုကိုကင်းကျပ်စွာ ဖက်ထားလိုက်လေသည်။

မိခင်မေတ္တာကို တောင်းတနေသော လုဝေ။

သမီးပျောက်ဆုံးနေ၍ ရဘက်ပွားနေသော မိန်းမပျို။

အေးမြသန့်စင်သောမေတ္တာဖြင့် ပေါင်းစပ်မိလေပြီ။

ချမ်းမြေ့ဖွယ်ရာ မြင်ကွင်းကိုကြည့်ယင်း ကွမ်းစုန်ကျင်တို့တတွေမှာ ဝမ်းသာ ဝမ်းနည်း ဖြစ်နေရသည်။

× × ×

"ရော့....ဟောဒီမှာ မင်းရဲ့လက်နက်၊ မင်းသတိလစ်နေတုန်းက ဟို့တုန်းကောက်ယူပြီး သိမ်းထားပေးခဲ့တာ"

ကွမ်းစုန်ကျင်က ဤသို့ပြောပြီး။ အဆိပ်ဖြေလခြမ်းဓားကို မိန်းမပျိုအား လှမ်းပေးလိုက်သည်။

ကျန်းကြည်တင်းသည် မိန်းမပျို၏ အမူအရာကို သေသေချာချာ အကဲခတ်ကြည့်နေသည်။



မိန်းမပျိုသည် ခပ်အေးအေးပင် ဓားကိုလှမ်းယူလိုက်သည်။ မည်သည့်ထူးခြားသော အမူအရာမျှ မိန်းမပျို၏ မျက်နှာပေါ်တွင် ပေါ်မနေ။

သာမန် ရိုးရိုး အမူအရာမျိုးသာ ရှိနေသည်။

ကျန်းကြည်တင်းသည် မနေနိုင်တော့ပဲ။

"အဲဒါလဲ လခြမ်းဓား မဟုတ်လား"

ဟို့တုန်းကလည်း၊

"ခင်ဗျားနဲ့ တုန်းယိဂိုဏ်းနဲ့ ဘယ်လိုပတ်သက်သလဲ"

မိန်းမပျို၏မျက်နှာ တချက် တင်းဂ.နဲဖြစ်သွားသည်။

"မင်းရဲ့လျှို့ဝှက်ချက်ကို စပ်စုတာကတော့ မဟုတ်ပါဘူး၊ ဗာကယ်လို့ မင်းအနေနဲ့ပြောပြနိုင်မယ်ဆိုယင် ပြောပြစေချင်ပါတယ်"

ကွမ်းစုန်းကျင်ကလည်း ဝင်ရောက် ပြောကြားလိုက်သည်။

မိန်းမပျိုက သက်ပြင်းတချက် ချသည်။

ပြီးနောက်....

တစုံတရာ ပြောကြားမည်ပြုသည်။

သို့သော်....

မိန်းမပျို၏ပါးစပ်မှ စကားမထိုနိုင်မီ ထူးဆန်းသော ငှက်အော်သံ သုံးချက် ရုတ်တရက်ပေါ်လာသည်။

× × ×

## အခန်း(၁၄)

စူးရှသော ငှက်အော်သံ သုံးချက်။

နတ်ဆိုးကြီး ခဲ့ယွင်ထိန်၏ ရှေ့ပြေးအချက်ပြမှု။

မကြာမီမှာပင် နတ်ဆိုးကြီးခဲ့ယွင်ထိန် ထင်းရှူးစိမ်းဂေဟာသို့ ရောက်လာပေတော့မည်။

နှုတ်ဟာမည် ပြုသောမိန်းမပျို စကားမဆိုနိုင်တော့။

ကျန်းကြည်တင်းတို့ကလည်း ဆက်မမေးနိုင်တော့။

အခန်းထဲတွင် တိတ်ဆိတ်၍နေသည်။

အခန်းထဲရှိလူများ တယောက်မျက်နှာ တယောက် ကြည့်လိုက်ကြသည်။

လူတိုင်း၏မျက်နှာပေါ်တွင် စိုးရိမ်ထိတ်လန့်သည့် အမူအရာများ ထိန်းမရအောင် ပေါ်လွင်နေသည်။

မိန်းမပျိုကိုကယ်တင်ပေးလိုက်မှုကြောင့် နတ်ဆိုးကြီး ခဲ့ယွင်ထိန်၏ ရန်ငြိုးဖွဲ့မှုကို ခံရမည်ဖြစ်ကြောင်း သူတို့သိကြသည်။

နတ်ဆိုးကြီး ခဲ့ယွင်ထိန်နှင့်တနေ့မဟုတ်တနေ့ ထိပ်တိုက် ရင်ဆိုင်ရမည်ကိုလည်း သူတို့သိထားကြသည်။

သို့သော်....

ဤမျှ မြန်မြန်ဆန်ဆန် နတ်ဆိုးကြီးခဲ့ယွင်ထိန် ရောက်လိမ့်မည်ဟူ၍ကား သူတို့ ထင်မထားကြပါ။

"ဟော....ငှက်အော်သံသုံးမျိုး ကြားကြတယ် မဟုတ်လား၊ နတ်ဆိုးကြီး ခဲ့ယွင်ထိန် ရောက်လာတော့မယ်၊ ရှင်တို့ဘတွေ အမြန်ဆုံးရှောင်ထွက်သွားကြပါ၊ သူ့ကိုကျွန်မ ရင်ဆိုင်မယ်"

မိန်းမပျိုက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည်။

ကွမ်းစုန်ကျင်က ခေါင်းကိုခါယမ်းကာ၊

"မင်းနေခဲ့ပြီး ကျုပ်တို့က ရှောင်သွားလို့ ဘယ်ဖြစ်မှာလဲ၊ ကျုပ်ကအိမ်ရှင်ဆိုတော့ နေခဲ့ချင်းနေခဲ့မယ် ကျုပ်သာနေရမှာပေါ့၊ ကျန်တဲ့လူတွေသာ အမြန်လွတ်အောင်ရှောင်ကြပါ"





ကျန်းကြည်တင်းက ကြားဝင်ကာ၊

"ရှောင်တိမ်းမယ်ဆိုယင် အချိန်ရတုန်း အားလုံးရှောင်သွားကြတာပေါ့၊ ဘယ်သူမှ နောက်ချန်နေခဲ့ပြီး နတ်ဆိုးကြီးနဲ့ ရင်ဆိုင်နေစရာမလိုပါဘူး"

"ဟုတ်တယ် ဒီအကြံကောင်းတယ်၊ အားလုံး ရှောင်တိမ်းသွားကြတာပေါ့"

ဗိုန်စစ်ချန်းကပြောသည်။

မိန်းမပျိုက သက်ပြင်းတချက် ချလိုက်ပြီး၊

"ရှောင်တိမ်းသွားလို့ မရတော့ပါဘူး"

ကျန်လူများက ပြိုင်တူပင်၊

"ဟင်....ဘာဖြစ်လို့လဲ"

"နတ်ဆိုးကြီး ခဲ့ယွင်ထိန် ရောက်လာနေပြီမို့ပါ"

မိန်းမပျို၏စကား ဆုံးသည်နှင့် ရယ်မောသံကြီးတခု ရုတ်တရက်ပေါ်လာသည်။

× × ×

ရယ်မောသံကြီး။

သိပ်တော့ မကျယ်လောင်။

သို့သော်၊

ကြားရသည်မှာ သည်းထိတ်ရင်ဖို စေလောက်သည့် အမင်္ဂလာ ရယ်မောသံကြီး။

ရယ်မောသံသည် အခန်းအပြင်ဘက် ခပ်ဝေးဝေး ဆီမှ ပေါ်လာခြင်းဖြစ်သည်။

မိန်းမပျိုမျက်နှာ ကွက်ကနဲပျက်သွားသည်။

မိန်းမပျိုသည် လုဝေကို ရုတ်တရက် သူ့ဘေးနားသို့ အသာဆွဲယူထား လိုက်မိသည်။

ကွမ်းစုန်ကျင်တို့ တစေ့မှာလည်း ရင်ထဲတွင် ထိတ်ကနဲဖြစ်သွားကြသည်။

သူတို့သည် အတွေ့အကြုံရင့်နေသော သိုင်းသမားကြီးများ ဖြစ်ကြပါသည်။

အသည်းထိတ် ရင်ဖိုဖွယ်ကောင်းသော တိုက်ပွဲမျိုးစုံ တွေ့ကြုံခဲ့ဖူးသည်။

သည်လိုတခါမျှ တုန်လှုပ်ခြင်း မဖြစ်ခဲ့ဖူးပေ။





ရယ်မောသံကြီးသည့် တစစနီးကပ်လာသည်။

ပိုလည်း ကျယ်လာသည်။

ကွမ်းစုန်ကျင်က အလျင်ဆုံးလှုပ်ရှားသည်။

ကွမ်းစုန်ကျင်သည် ညာလက်ဝါးကို ရင်ဘတ်ရှေ့တွင် ဖြန့်ကာ ကြိုတင်ကာကွယ်မှုလုပ်ပြီး အခန်းပြင်သို့ ပြေးထွက်သွားသည်။

ပြီးတော့ ဖိန်စစ်ချန်းနှင့် ဟို့တုန်းတို့နှစ်ယောက်။

ကြိုတင်ကာကွယ်မှုများပြုကာ ကွမ်းစုန်ကျင်နောက်မှ ပြေးလိုက်သွားကြသည်။

"သမီးလေး ဘာမျှမကြောက်နဲ့ ဘာသံကို ကြားရကြားရ ဘာတွေပဲဖြစ်ဖြစ် သမီးလေး အပြင်ကိုထွက်မလာနဲ့ကြားလား"

မိန်းမပျိုက လုဝေ၏နားဝသို့ကပ်ကာ တိုးတိုးပြောသည်။

လုဝေက ခေါင်းကိုညိတ်ပြလိုက်သည်။

မိန်းမပျိုသည် လုဝေပါးကို ကြင်နာစွာနမ်းသည်။

ပြီးနောက်၊

အခန်းအပြင်သို့ လှစ်ကနဲ ပြေးတွက်သွားသည်။

အခန်းထဲမှ ပြေးထွက်လာကြသူများထဲတွင် မိန်းမပျိုမှာ နောက်ဆုံးမှ ပြေးထွက်လာခြင်းဖြစ်သည်။

သို့သော်....။

ဟို့ တုန်းတို့နှစ်ယောက်ကို ဖြတ်ကျော်တက်ကာ ဖိန့်စစ်ချန်းနှင့် ပြိုင်တူပင် အပြင်သို့ ရောက်သွားသည်။

မိန်းမပျို၏ ပေါ့ပါးသွက်လက်လှသော ထိပ်တန်း ကိုယ်ဖော့ပညာစွမ်းကို မျက်ဝါးထင်ထင် တွေ့မြင် လိုက်ကြရသည်။

ထိုအချိန်မှာပင်၊

ပင်မအိမ်ဂေဟာနှင့် ထိုအိမ်လေးအကြားရှိ မြေကွက်လပ်ထဲသို့ အဘိုးအိုတယောက် ရောက်ရှိလာသည်။

× × ×

အဘိုးအို၊

အသက်(၇၀)ခန့်ရှိသည်။

ကိုယ်ခန္ဓာပိန်ပိန်လှီလှီ၊ အရိုးပေါ်အရေတင်။

ဆံပင်များက ဖွာလန်ကြဲနေသည်။ ဝတ်စားထားသည့် အဝတ်များကလည်း စုတ်စုတ်ပြတ်ပြတ်။





သို့သော်၊

ခြုံထားသည့် ဝတ်ရုံနက်ကြီးကတော့ သစ်လွန်လှပသော ပိုးသားဝတ်ရုံကြီးဖြစ်သည်။

ဖွာလကြဲနေသော ဆံပင်များကို အနီရောင်ပိတ်စဖြင့် ပတ်ကာ စည်းထားသည်။

ညာလက်တွင် တောင်ဝှေးတချောင်း ကိုင်ထားသည်။

တောင်ဝှေးမှာ မြွေတကောင်စန့်စန့်ကြီး ရှိနေသည့်ပုံပြုလုပ်ထားသည်။

အရင်းပိုင်းတွင် မြွေမြီးရှိကာ ထိပ်ပိုင်းတွင် မြွေခေါင်း ထုလုပ်ထားသည်။

ခြေထောက်များတွင် ဂုန်လျှော်ဖိနပ်ကို စီးထားသည်။

ပိုးကြိုးကို ခါးပတ်သဘောမျိုး ခါးတွင် စည်းထားသည်။

နှုတ်ခမ်းကိုတွန့်ကာ ရက်စက်သောအသွင်ရှိသည့် အပြုံးမျိုး ပြုံးနေသည်။

သူ၏မျက်တွင်းများမှာ သုံးမြှောင့်သဏ္ဍာန်ဖြစ်သည်။

မျက်လုံးတွေကမူ စိမ်းဖန့်ဖန့် အရောင် တောက်နေသည်။

အကြည့်အရှု စူးရှသည်။

ထိုမျက်လုံး စိမ်းစိမ်းများ၏ အကြည့်ကို ရင်ဆိုင်ရသူတိုင်း ရင်ထိတ်သွားကြရသည်။

ထို အတိုးအို့မှာသိုင်းလောကတခုလုံးတွင် ဖိန့်ဖိန့်တုန်အောင် သတင်းကြီးနေသည့် နတ်ဆိုးကြီး ချဲယွင်ထိန်ပင်ဖြစ်သည်။

ကွမ်းစုန်ကျင်က သိုင်းသမား အချင်းချင်း ပြုသည့် အရှိ အသေမျိုးပြုလိုက်ပြီး

"နတ်ဆိုးကြီး ချဲယွင်ထိန်ပါလား၊ ဘယ်လို အကြောင်းကိစ္စ ရှိလို့ ကျုပ်ရဲ့ ထင်းရှူးစိမ်း ဂေဟာကို ရောက်လာရတာပါလဲ"

ချဲယွင်ထိန်က မျက်မှောင်ကြုတ်လိုက်သည်။

ထိုသို့ မျက်မှောင်ကြုတ်လိုက်ရာတွင် သူ၏ မျက်ခုံးများက လေးကိုင်းလို ကွေးညွတ်သွားသည်။

ချဲယွင်ထိန်က ကွမ်းစုန်ကျင်ကို တုံ့ပြန် အရှိအသေမပေး၊ အေးစက်စက် ရယ်သံပြုလိုက်ပြီး

"သမားတော်ကြီး ကွမ်းစုန်ကျင်ဟာ နာမည်ကျော်မယ်ဆိုလဲ ကျော်ထိုက်ပါတယ်၊ ကျုပ်ရဲ့ ပျံလွှားမြီး အဆိပ်အပ်ထိထားလို့ အဆိပ်သင့်နေတဲ့လူနာကိုတောင် အဆိပ်ဖြေ ကုသပေးနိုင်တာဆိုတော့ ကျုပ်ကအများကြီး လေးစားပါတယ်ဗျာ၊ လေးစားပါတယ်"





ပြောပုံက လှောင်ပြောင်မှု အပြည့်နှင့်။

ကွမ်းစုန်ကျင်က အမူအရာမပျက်ပဲ၊

"ခင်ဗျားက ကျုပ်ကို သိပ်ချီးမွမ်းလွန်းနေပါပြီ၊ တကယ်တော့ ကျုပ်ရဲ့ဆေးအတတ်ပညာက ပါမွှားပါ"

ချဲယွင်ထိန်က ပျက်ရယ်ပြုသည့် အသွင်ဖြင့်-

"ဩော်... ဩော်...."

ကွမ်းစုန်ကျင်က ဆက်လက်ပြီး။

"ကျုပ်ဟာ သမားတော်တယောက် ဖြစ်နေတာဆိုတော့ အသက်ဘေးအန္တရာယ် ကြုံတွေ့နေရတဲ့လူကို ဒီအတိုင်းကြည့်မနေသာဘူး၊ ဒါကြောင့် ကျုပ်တတ်သမျှ ပညာလေးနဲ့ ကြိုးစားကုသလိုက်တာ လူနာကလဲ သေကံမရောက်တာကြောင့် သက်သာ ပျောက်ကင်းသွားခဲ့ပါတယ်၊ ကျုပ်ရဲ့ လုပ်ဆောင်ချက်ဟာ သိုင်းလောကစည်းကမ်းကို ဖောက်ဖျက်တာလဲ မဟုတ်ပါဘူး"

ချဲယွင်ထိန်က ခေါင်းတဆတ်ဆတ် ညိတ်ယင်း....

"ပြောပုံက သိပ်ကောင်းတယ်၊ အေး... ကျုပ်ကတော့ သိုင်းလောက စည်းကမ်းတို့၊ သမားတော်ကျင့်ဝတ်တို့ ဘာတို့ ညာတို့ နားမလည်ဘူး၊ ကျုပ်စိတ်နဲ့ တိုက်ဆိုင်ယင် ကောင်းတယ်၊

မဆိုင်ယင် မကောင်းဘူး၊ ဒါပဲသိတယ်၊ အခုကျုပ်က ပျံလွှား မြီးအဆိပ်အပ်နဲ့ ပစ်ခတ်ထားတဲ့ မိန်းမပျိုကို ခင်ဗျားကကြားက နေဝင် ကုသပေးတယ်ဆိုတော့ ကျုပ်ကို လူမထင်ပဲ စော်ကားတဲ့သဘောပေါ့၊ ဟုတ်တယ်မဟုတ်လား"

ချဲယွင်ထိန်မှာ ပြောယင်း စကားသံ ခက်ထန်မာကျောလာသည်။

နောက်ဆုံး စကားများကို ပြောသည့်အခါတွင်ကား ကျယ်လောင်စွာ အော်ဟစ်သည့်အသံပင် ဖြစ်လာသည်။

ကွမ်းစုန်ကျင်က စိတ်ကိုတည်ငြိမ်အောင် ထိန်းလိုက်ပြီး၊

"ဒီလိုကိုယ့်စိတ်နဲ့ကိုယ် လုပ်ကိုင်သွားတာဘယ်သင့်တော်မှာလဲ၊ ထောက်ထားရမယ့် စည်းကမ်းတွေ...."

ချဲယွင်ထိန်က ကြားဖြတ်ကာ....

"တော်တိတ် စကားထပ်မရှည်နဲ့ ဘာမှလေပြေ ထိုးမနေနဲ့ ခင်ဗျားရဲ့ခေါင်းကို ခင်ဗျားဘာသာ ဖြတ်ပစ်မလား ကျုပ်က ဖြတ်ပေးရမလား ဒါပဲပြော"

ကွမ်းစုန်ကျင်က ချဲယွင်ထိန်ကို မျက်မှောင်ကြုတ်ကာ ကြည့်လိုက်သည်။





"ခင်ဗျားကိုယ်ခင်ဗျား၊ တယ်အထင်ကြီးတာကိုး၊ ကျုပ်ကွမ်းစုန်ကျင်ကသေရမှာ မကြောက်ပါဘူး၊ဒါပေမယ့်ခင်ဗျားလိုလူတယောက် အမိန့်ပေးတာနဲ့ ကျုပ်ကိုကျုပ် သတ်သေလောက်အောင်တော့ မဟုတ်သေးပါဘူး"

ချဲယွင်ထိန်က ချောင်းတချက်ဟန့်လိုက်ပြီး။

"ဟား....ဟား....ဟား.... တယ်ဟုတ်ပါလား၊ အင်း ဒီလိုတော့လဲ ကျုပ်ကိုယ်တိုင်ပဲ ခင်ဗျားကို ဇီဝိန်ချွေပေးရတော့မှာပေါ့"

စကားဆုံးသည်နှင့် ချဲယွင်ထိန်၏ကိုယ်သည် ရိပ်ကနဲလှုပ်ရှားသွားသည်။

မည်သို့မည်ပုံ ခြေလှမ်း ရွှေ့လျားလိုက်သည်ကိုပင် မသိရပဲ ချဲယွင်ထိန်သည် ကွမ်းစုန်ကျင်အနားသို့ လှစ်ကနဲရောက်သွားသည်။

ထိုသို့ ရောက်သွားသည်နှင့်....

ချဲယွင်ထိန်က တိုက်ကွက်ကိုထုတ်လိုက်သည်။

ညာလက် ဘွင်ကိုင်ထားသော ခြင်္သေ့ခေါင်းကောက်ဆေးကြောက မည်သို့မျှ မလှုပ်ရှား။

လွတ်မနေသော ဗယ်လက်ဖြင့်သာ တိုက်ခိုက်ခြင်းဖြစ်သည်။ ချယ္ယွင်ထိန်၏ ဗယ်လက်လှုပ်ရှားတိုက်ခိုက်ပုံမှာ တမူဆန်းသည်။

လက်ဝါးဖြင့် ရိုက်သယောင်ယောင်။

လက်ဝါးစောင်းဖြင့် ခုတ်သယောင်ယောင်။

အကြောများကို လှမ်းပိတ်သယောင်ယောင်။

ထင်ယောင်မြင်မှားဖြစ်နေရသည်။

တိုက်ခိုက်ပုံမှာ လျှင်မြန်သလို ရက်စက်သည်။

ကြမ်းကြုတ်သလို ကောက်ကျစ်သည်။

ချယ္ယွင်ထိန်၏ တိုက်ကွက်ဝင်လာမည်ဖြစ်ကြောင်း ကွမ်းစုန်ကျင်က သိထားသည်။

ထို့ကြောင့်....

ကြိုတင်ပြင်ဆင်မှု ရှိနေသည်။

ချယ္ယွင်ထိန်၏ တိုက်ကွက်ဝင်လာချိန်မှာပင် ကွမ်းစုန်ကျင်ကလည်း တန်ပြန်တိုက်ကွက်ကို ချက်ချင်းထုတ်လိုက်သည်။

ကွမ်းစုန်ကျင်က ကိုယ်ခန္ဓာကို ဗယ်ဘက်သို့စောင်းကာ ရှောင်ရောင်းသည်။



ထိုသို့ရှောင်ပြောင်းယင်း ညာလက်ဝါးဖြင့် ချယ္ယွင်ထိန်၏ ဗယ်ဘက် တတောင်ဆစ်ရှိ 'ချိချိသွေးကြောကွက်'ကို ရိုက်နှက်တိုက်ခိုက်လိုက်သည်။

"ဟား....ဟား....ဟား"

ချယ္ယွင်ထိန်က အေးစက်စက်အသံဖြင့် ရယ်သည်။

ရယ်မောယင်း ဗယ်လက်မောင်းကို အောက်ဘက်သို့ဆတ်ကနဲ နှိမ့်ချပေးလိုက်သည်။

ပြီးနောက် ညာခြေဖြင့် ကွမ်းစုန်ကျင်၏ ဆီးခုံအောက်ရှိ 'ကွေးချန့် သွေးကြောကွက်'ကို ညာခြေဖျားဖြင့်လှမ်းကန်လိုက်သည်။

ဗယ်လက်မောင်းအောက်သို့နှိမ်အချနှင့် ညာခြေဖျားကန်အထုတ်တို့မှာ ပြိုင်တူလှုပ်ရှားသည်ဟု ဆိုရလောက်အောင်ပင် မြန်ဆန်လှသည်။

ကွမ်းစုန်ကျင်မှာ မိမိ၏တိုက်ချက်လွဲသွားပြီး မိမိ၏'ကွေးချန်သွေးကြောကွက်'ကို တန်ပြန်အတိုက်ခံလာရသည့် အတွက် ရင်ထဲ ထိတ်နဲဖြစ်သွားရသည်။

စိတ်ထဲမှလည်း....

"ချယ္ယွင်ထိန်ဟာ တကယ်ပဲ သိုင်းပညာစွမ်း မြင့်မားတယ်၊ သူ့ကိုရင်ဆိုင်ဖို့ မလွယ်ဘူး"

နေမင်းနိုင်စာပေ

ဟု တွေးလိုက်မိသည်။

ကွမ်းစုန်ကျင်သည် ချဲယွင်ထိန်ကို တန်ပြန် တိုက်ခိုက်ရန် မစဉ်းစားတော့။

ခြေကန်ချက်မတ်အောင်သာရှောင်ရန်ဆုံးဖြတ်ကာ နောက်သို့ တပတ်ကျွမ်းထိုးကာ ဆုတ်ပေးလိုက်သည်။

ဤသို့ ကျွမ်းထိုးရှောင်တိမ်း လိုက်သောကြောင့် ကွမ်းစုန်းကျင်သည် ချဲယွင်ထိန်နှင့် ငါးပေခန့်ကွာဝေးရာသို့ ရောက်သွားသည်။

ချဲယွင်ထိန်၏ခြေကန်ချက်မှလည်း လွတ်သွားသည်။

ချဲယွင်ထိန်က မြေရှပ်တောင်ဝှေးကို မြေကြီးတွင် ထောက်ကာ အားပြုပြီး လွှားကနဲခုန်လိုက်သည်။

ထိုအခါ....

ချဲယွင်ထိန်၏ကိုယ်ခန္ဓာသည် ငှက်ကြီးတကောင် ဝဲပျံသလို မြောက်ကြွသက်ကာ ကွမ်းစုန်ကျင် ဆုတ်သွားရာ အနောက်ဘက်သို့ ထက်ကြပ်မကွာ လိုက်ပါသွားနိုင်ခဲ့သည်။

ကွမ်းစုန်းကျင် မြေကြီးပေါ်ခြေချရပ်လိုက်ချိန်မှာပင် ယွင်ထိန်၏ ဗယ်ဘက်လက်ဝါးရိုက်ချက်က ပြင်းထန်သော လေလှုပ်ရှားမှုကိုဖြစ်စေလျက် တိုက်ခိုက်ရိုက်နှက်လာသည်၊





ကွမ်းစုန်ကျင်မှာ တ ကွက်ပြီး တ ကွက် အကျဉ်းအကျပ်အခြေအနေနှင့် ရင်ဆိုင်နေရလေတော့သည်။

ကြည့်နေသူများ ရင်ထိတ်ကုန်သည်။

ကွမ်းစုန်ကျင်တယောက် ချဲယွင်ထိန်၏ တိုက်ခိုက်မှုအောက်တွင် အရေးနိမ့်ရတော့မည်ဟုလည်း တွေးထင်မိကြသည်။

သို့သော်....

× × ×

# အခန်း (၁၅)

သို့သော်....

ကျွမ်းစုန်ကျင်သည် မြေပေါ်ထောက်ချမိသောခြေထောက်ကို အားပြုကန်ထုတ် ပြီး နောက်သို့ခုန်ရှောင်လိုက်သည်။

ချဲ့ယွင်ထိန်၏ အပိုင်ရိုက်နှက်လာသော လက်ဝါးရိုက်ချက်မှ သိသိလေးကပ်ကာ လွတ်သွားသည်။

ကမန်းကတန်း နောက်သို့ ခုန်ဆုတ်လိုက်ရသည့် အတွက်မူ ကျွမ်းစုန်ကျင်မှာ ဟန်ချက်အနည်းငယ်လွဲကာ ကိုယ်ခန္ဓာ ယိမ်းယိုင်သွားသည်။

နေမင်းနိုင်စာပေ

ဤလိုအခြေအနေမျိုးတွင် ချယ္လင်ထိန်က ဖိလိုက်ကာ တိုက်ခိုက်လျှင် ကွမ်းစုန်းကျင် အထိနာဖို့သာရှိသည်။

ဤအချက်ကို ဖိန်စစ်ချန်းက ရိပ်မိသည်။

ထို့ကြောင့်....

ဖိန်စစ်ချန်းသည် ပါးစပ်မှ အော်ဟစ်ယင်း တိုက်ပွဲထဲသို့ ပြေးဝင်သွားသည်။

မိမိ ဝင်ရောက် တိုက်ခိုက်လာသည်ကို ချယ္လင်ထိန် သိစေရန် ဖိန်စစ်ချန်းက တမင်အော်ဟစ် အသံပေးလိုက်ခြင်းဖြစ်သည်။

ပြေးဝင်လာယင်း တိုက်ကွက်ကိုထုတ်လိုက်သည်။

သူမရောက်မီဖိန်စစ်ချန်း၏လက်ဝါးရိုက်ချက်အားကချယ္လင်ထိန်ထံသို့ ဦးစွာရောက်ရှိသွားသည်။

ဖိန်စစ်ချန်း၏ လက်ဝါးရိုက်ချက်မှာ အလွန်ပင် ပြင်းထန်သည့်လေလှိုင်းအဟုန်က ချယ္လင်ထိန်၏ကျောကုန်းပေါ်သို့ထိနှိပ်ထိုးကျသွားသည်။

"ဟား ဟား ဟား... ဟား ဟား ဟား"





ချယ္လင်ထိန်က ထူးဆန်းသောအသံဖြင့် ဟစ်၍ရယ်မောလိုက်ပြန်သည်။

ရယ်မောယင်းမှ မြွေရုပ် တောင်ဝှေးဖြင့် နောက်ဘက်သို့ လက်ပြန်ရိုက်ထည့်လိုက်သည်။

တောင်ဝှေးရိုက်ချက်ကြောင့် ဖြစ်ပေါ်လာသည့် ပြင်းထန်သောလေလှိုင်း လှုပ်ရှားမှုက၊ သူ၏နောက်ကျောပေါ်သို့ ကျရောက်လာသော ဖိန်စစ်ချန်း၏လက်ဝါးရိုက်ချက်အားအဟုန်ကို တားဆီးချေဖျက်ပစ်လိုက်သည်။

ထိုမျှမက။

တောင်ဝှေးက ဖိန်စစ်ချန်း၏ရင်ဘတ်သို့ တန်းဝင်လာသည်။

ဖိန်စစ်ချန်းရင်ထဲထိတ်ကနဲဖြစ်သွားသည်။

ဖိန်စစ်ချန်းသည် ချက်ချင်းပင်ကိုယ်ရှိန်ကိုသတ်ကာ အပေါ်သို့မှန်လွှားတက်လိုက်သည်။

ဖိန်စစ်ချန်း၏ ကိုယ်ခန္ဓာသည် ပေါ့ပါးစွာပင် အပေါ်သို့ မြောက်ကြွတက်သွားသည်။

သိုင်းလောကတွင် ဖိန်စစ်ချန်းကို ငှက်ပျံကြီးဖိန်စစ်ချန်းဟု တင်စားခေါ်ဝေါ်ကြသည်။

F.10

သူ၏ကိုယ်ဖော့ပညာအလွန်ကောင်းလှသောကြောင့်၊ ဤသို့တင်စားခြင်းခံရခြင်းဖြစ်သည်။

ယခုလည်းကြည့်ပါဦး။

အပေါ်သို့ခုန်လွှား တက်လိုက်သည်မှာ ငှက်ကြီးတကောင်ပျံတက်သွားသလိုမျိုးဖြစ်သည်။

အပေါ်သို့ခုန်တက်ယင်း ကိုယ်ကိုကွေးညွတ်ကာ နောက်ကျွမ်းပစ်လိုက်သည်။

ငှက်ပျံကြီး ဖိန်စစ်ချန်း၏ကိုယ်မှာ နောက်ဘက်သို့ နေရာပြောင်းသွားသည်။

တိုသို့လေထဲတွင်နောက်ကျွမ်းပစ်ပြီးချိန်တွင်၊ သူ၏လက်နက်ကိုလည်း ထုတ်ယူလိုက်သည်။

ဖိန်စစ်ချန်း မြေကြီးပေါ် ခြေချရပ်မိချိန်တွင်၊ သူ၏ညာလက်၌ လက်နက်အသင့်ကိုင်လျက်သားရှိနေသည်။

ဖိန်စစ်ချန်း၏လက်နက်မှာ အဆစ် (၁၃) ဆက်ပါသော သံမဏိကျာပွတ် ဖြစ်သည်။





ဖြောင့်တန်းစွာလည်းရိုက်နှက်နိုင်သည်။

ကွေးညွတ်၍လည်းတိုက်ခိုက်နိုင်သည်။

မြေပြင်သို့ခြေချမိသည်နှင့် ဖိန်စစ်ချန်းသည် 'ရေတံခွန်သွယ်ဖြာဆင်း' သိုင်းကွက်ကိုသုံးကာ ချဲယွင်ထိန်ကို ကျာပွတ်ဖြင့်အုပ်မိုးရိုက်နှက်လိုက်သည်။

တဘက်တွင်၊

ချဲယွင်ထိန်သည်၊ ဖိန်စစ်ချန်းကို နောက်ပြန်တောင်ဝှေးရိုက်ချက်ဖြင့်လှန့်ထုတ်လိုက်ပြီးနောက်၊ ကွမ်းစုန်ကျင်အား လုံးလံတိုက်ခိုက်နေခဲ့သည်။

ထိုသို့သောအချိန်အခါတွင်၊ ဖိန်စစ်ချန်း၏ကျာပွတ် တိုက်ခိုက်မှုဝင်ရောက်လာခြင်းဖြစ်သည်။

မိမိကို ဖိန်စစ်ချန်းက ကျာပွတ်ဖြင့်တိုက်ခိုက်လာသည်ကိုသိရသည်နှင့် ချဲယွင်ထိန်မှာ အလွန်ဒေါသထွက်သွားမိသည်။

ချဲယွင်ထိန်သည်၊ ကွမ်းစုန်ကျင်ကို ဆက်မတိုက်တော့။

ကိုယ်ကိုဆတ်ကနဲလှည့်ကာ ဖိန်စစ်ချန်းကိုရင်ဆိုင်သည်။

ထိုသို့ရင်ဆိုင်မိသည်နှင့် ခဲ့ယွင်ထိန်က 'တိမ်ဖယ်လေတိုက်' သိုင်းကွက်(၈)ကွက်ကိုထုတ်သုံးကာ တရကြမ်းတိုက်ခိုက်သည်။

'တိမ်ဖယ်လေတိုက်'သိုင်းကွက်မှာ ခဲ့ယွင်ထိန်၏ ထိပ်တန်းသိုင်းကွက်များအနက်မှ တခုဖြစ်သည်။

ဤသိုင်းကွက်ကို ခဲ့ယွင်ထိန်သုံးခဲသည်။

ယခု။

ခဲ့ယွင်ထိန်မှာ ဒေါသထောင်းကနဲ ထွက်သွားသည့်အပြင်၊ ဖိန်စစ်ချန်းမှာလည်း နှယ်နှယ်ရရ လူတယောက်မဟုတ်ကြောင်း ရိပ်မိသည့်အတွက်၊ 'တိမ်ဖယ်လေတိုက်'သိုင်းကွက်ကို ထုတ်သုံးလိုက်ခြင်းဖြစ်သည်။

ခဲ့ယွင်ထိန်သည်၊ လူပုံက ပိန်ပိန် လှိုလှို ဖြစ်သော်လည်း၊ အတွင်းအား အလွန်ကောင်းသည်။ လက်မောင်းလည်း သန်လှသည်။

မြွေရှပ်တောင်ဝှေးကြီးကို ဝိခေါ်အောင် ဝှေ့ယမ်းလျက်၊ တိမ်ဖယ်လေတိုက် သိုင်းကွက်(၈)ကွက်ကို တခဏအတွင်းမှာပင် ကွက်ပြည့်ထုတ်သုံးရိုက်နှက်လိုက်သည်။





မြွေရှပ်တောင်ဝှေး ဝှေ့ယမ်းတိုက်ခိုက်သံ ဝှီးဝှီး မြည်နေသည်။

ရိုက်ချက်များက ဆန်းပြားကာ ပြင်းထန်လှသည်။

အလွန်လည်း ကြောက်စရာကောင်းသည်။

ဖိန်စစ်ချန်းမှာ ခဲ့ယွင်ထိန်ကိုတင်းတင်းမာမာ ရင်ဆိုင်မတိုက်ခိုက်ဝံ့။

'ရေစီးလှုပ်ရှား'သိုင်းကွက်များကိုသုံးကာ ကျာပွတ်ကို ဝှေ့ယမ်းခုခံယင်း နောက်တို့ တရွေ့ရွေ့ ဆုတ်ပေးနေရသည်။

ခဲ့ယွင်ထိန်က ဖိန်စစ်ချန်းကိုဒေါသတကြီးရိုက်နှက်တိုက်ခတ်နေသည့်အတွက်ကွမ်းစုန်ကျင်အဖို့ အသက်ရှူချောင်သွားသည်။

ကွမ်းစုန်ကျင်သည် ချက်ချင်းပင် အိမ်ထဲသို့ ပြေးဝင်သွားသည်။

မိမိ၏ အစွမ်းထက်မြက်ဆုံးသော လက်နက်ကို သွားယူခြင်းဖြစ်သည်။

မမျှော်လင့်သောအချိန်အခါတွင် ခဲ့ယွင်ထိန် ရောက်လာသောကြောင့် ကွမ်းစုန်ကျင်မှာ လက်နက်ကို ယူဆောင်မလာမိခဲ့ပေ။

ထို့ကြောင့် ချဲယွင်ထိန်နှင့် ရင်ဆိုင် တိုက်ခိုက်ရာတွင် လက်နက်မဲ့ ရင်ဆိုင်ခဲ့ရသည်။

ကွမ်းစုန်ကျင်သည် သူ၏လက်နက်များကို အသုံးမပြုလိုပေ။ တိုက်ခိုက်မှုများကိုလည်း တတ်နိုင်သမျှရှောင်ရှားလိုသည်။

ယခုတော့....

အမိုက်တကော့ထိပ်ခေါင်၊ အနက်ရောင်သိုင်းသမားဆိုးကြီး ချဲယွင်ထိန်က ရန်ပြု တိုက် ခိုက် လာ ပြီ မို့ ကွမ်းစုန်ကျင်အဖို့ မရှောင်မလွှဲသာတော့။

အမှန်ဘရားအတွက်၊ တရားမျှတမှု အတွက် ကွမ်းစုန်ကျင် လက်နက်ကိုင်ကာ တိုက်ပွဲဝင်ရတော့မည်။

ပထမပိုင်းတွင် ချဲယွင်ထိန်က အတင်းတရကြမ်း ဖိနှိပ်တိုက်ခိုက်နေသောကြောင့် ကွမ်းစုန်ကျင်အဖို့ လက်နက်သွားယူရန် အခွင့်အရေး မရခဲ့ပေ။

အခု....

ဖိန်စစ်ချုန်းက ဝင်ရောက်တိုက်ခိုက်လာပြီ ချဲယွင်ထိန်ကိုထိန်းပေးထားသည့်အတွက် ကွမ်းစုန်ကျင်အဖို့ လက်နက်ယူရန်အခွင့်ကောင်း ရသွားသည်။

ကွမ်းစုန်ကျင်သည် လက်နက်မျိုးစုံ ကိုင်တွယ်တိုက်ခိုက်တတ်သည်။

တကယ့် ရန်သူကြီးနှင့် ရင်ဆိုင်ရမည်မို့ ကွမ်းစုန်ကျင်သည်





သူ၏ အားအထားရဆုံးသောလက်နက်ကို ရွေးချယ် ယူဆောင်လာခဲ့သည်။

မကြာပါ....

ကွမ်းစုန်ကျင်သည် သူ၏ အားအထားဆုံးသောလက်နက်ကို ကိုင်ဆောင်ပြီး တိုက် ပွဲ ဖြစ် နေ ရာ မြေကွက်လပ်သို့ထွက်လာခဲ့သည်။

× × ×

# အခန်း(၁၆)

ကွမ်းစုန်ကျင်လက်နက်ကို 'ထိုက်ကျီဒိုင်း' ဟုခေါ်သည်။
ထိုက်ကျီဒိုင်းမှာသံမဏိနှင့်ပြုလုပ်ထားသော[illegible]ခုပုံသဏ္ဌာန် ဒိုင်းလက်နက် ဖြစ်သည်။

အနားစောင်းများကိုသေသေချာချာသွေးထားရာ ဓားသွား လို ထက်မြနေသည်။

လှံသွားသဏ္ဌာန် အချွန်လေးခုလည်း ပါရှိသည်။
ဓားလို ခုတ်ဖြတ်၍လည်း ရသည်။
လှံလို ထိုးနှက်၍လည်းရသည်။

နေမင်းနိုင်စာပေ

တဘက်ရန်သူ၏ တိုက်ခိုက်မှုများကို ခုခံ ကာကွယ်၍လည်း ရသည်။

အနည်းနည်းအဖုံဖုံ ပြောင်းလဲ အသုံးပြုနိုင်သော လက်နက်တခုဟု ဆိုရပေမည်။

ကျွမ်းစုန်ကျင် ထိုက်ကျိဒို င်းကိုသွားယူပြီး ပြန်လာသည်မှာ အချိန်သိပ်မကြာပါ။

သို့သော်....

ထိုအချိန်ပိုင်လေးအတွင်းတိုက်ပွဲအခြေအနေအတော်ပြောင်းလဲနေပြီဖြစ်သည်။

ဖိန်စစ်ချန်းသည် ချဲယွင်ထိန်၏ ပြင်းထန်ကြမ်းတမ်းလှသော တိုက်ခိုက်မှုကို အလူးအလဲခံနေရ၏။

ဟို့တုန်းက အဝေးမှခေါးပုံဖြင့် လှမ်းပစ်ပေါက် တိုက်ခိုက်ကာ ကူညီပေးသည်။

ဟို့တုန်းသည် ခေါးပုံပစ်ခတ်မှု အလွန်တော်သောကြောင့် ခေါးပုံဟို့တုန်းဟု နာမည်ရနေသူဖြစ်သည်။

သို့သော်....

ဟို့တုန်း၏ခေါးပုံသည်များသည် ချဲယွင်ထိန်ကိုတော့ မည်သို့မျှ ဒုက္ခမပေးနိုင်။





ချဲယွင်ထိန်က မြွေရုပ်တောင်ဝှေးဖြင့် ပုတ်ထုတ် ဖယ်ရှားပစ်သောကြောင့် ခေါးပုံများ လွင့်စင်ထွက်ကုန်သည်။

ကျန်ကြည်တင်းကလည်းဖိန်စစ်ချန်းနှင့်အတူ ကူညီတိုက်ခိုက်ပေးရန် ကြိုးစားသေးသည်။

သို့သော်....

ငွေ့ယမ်းရိုက်နှက်နေသော မြွေရုပ်တောင်ဝှေး စက်ကွင်းထဲသို့ တိုးမဝင်နိုင်။

နောက်သို့သာ လန်၍လာရသည်။

မိန်းမပျို၏အမူအရာမှာမူ ထူးခြားသည်။

မိန်းမပျိုသည် တိုက်ခိုက်နေသည်များကို မသိသလို မဆိုင်သလို အမူအရာမျိုး ရှိနေသည်။

တိုက်ခိုက်နေရာနှင့် ခပ်လှမ်းလှမ်းတွင် တည်ငြိမ်စွာ ရပ်နေသည်။

တိုက်ပွဲကို အရေးမစိုက်။

လှမ်း၍ပင်မကြည့်။

မျက်စိကိုစုံမှိတ်ထားသည်။

ကျောက်ရုပ်တခုလို တည်ငြိမ်စွာရပ်နေသည်။

စိတ်ကောင်း စေတနာကောင်း ကွမ်းစုန်ကျင်ပင်လျှင် မိန်းမပျို၏ အပြုအမူကို အားမလိုအားမရ ဖြစ်မိသည်။

"ဒီလိုတိုက်ခိုက်မှုဟာ သူ့ကြောင့်ဖြစ်လာခဲ့ရတာပဲ၊ သူကဘာကြောင့် ဒီလိုမျိုး အရေးမစိုက်သလိုလုပ်နေရတာလဲ၊ စောစောကတော့ ကျေးဇူးတင်လှချည်ရဲ့ ဘာရှဲနဲ့ သူက ဒဏ်ရာပျောက်ကင်းစမို့ တိုက်ပွဲမဝင်ဘူးထားအုံး တိုက်ပွဲကိုတော့ကြည့်ရှုပြီး နှုတ်ကဖြစ်ဖြစ် အားပေးနေဖို့ ကောင်းတယ်"

ကွမ်းစုန်ကျင်၏ စိတ်ထဲတွင် တွေးလိုက်မိသည်။

ထိုအချိန်တွင်။

ဖိန်စစ်ချန်းမှာ အတော်ပင် အခြေအနေဆိုးနေပြီဖြစ်သည်။

ဖိန်စစ်ချန်းကို ကူညီရန် အတင်းကြိုးစားကာ ဝင်ရောက်တိုက်ခိုက်သော ကျန်းကြည်တင်းမှာသည်းနောက်သို့ လန်ထွက်လာခဲ့သည်။

ဟို့တုန်းကတော့ ညာဘက်တွင် ဓားပျံနှစ်လက်ကိုကိုင်ကာ အချိန်အဆနှင့် ပစ်ကွင်းရှာနေသည်။





သည်အတိုင်းဆိုပါက ဖိန်စစ်ချန်း ခံရတော့မည်ဖြစ်ကြောင်း ကွမ်းစုန်ကျင် ရိပ်မိလိုက်သည်။

ထို့ကြောင့်....

"ဖိန်စစ်ချန်းနောက်ကို ပြန်ဆုတ်၊ ဒီနတ်ဆိုးကြီးရဲ့ မြွေရုပ်တောင်ဝှေး ဘယ်လောက်အစွမ်းထက်တယ်ဆိုတာ ကျုပ်စမ်းကြည့်ချင်တယ်"

ကွမ်းစုန်ကျင်က လှမ်းအော်ပြောလိုက်သည်။

ပြောပြီးသည်နှင့် တိုက်ကွက်ထဲသို့ ပြေးဝင်သွားသည်။

× × ×

ကွမ်းစုန်ကျင်က 'မိကျောင်းကုန်းတက်' သိုင်းကွက်ကို သုံးကာ တိုက်ပွဲထဲသို့ တိုးဝင်လာသည်။

ချဲယွင်ထိန်၏ မြွေရုပ်တောင်ဝှေး ရိုက်ချက်များက ထိုက်ကျိုင်းကို တဝုန်ဝုန်း ရိုက်ချသည်။

'မိကျောင်းကုန်းတက်' သိုင်းမှာ ရေပက် မဝင်နိုင်အောင် ခုခံကာကွယ်ထားသည့် ရန်သူ့သိုင်းကွက်ထဲသို့ တိုးဝင်ရာတွင် အစွမ်းထက်သော သိုင်းကွက်တခု ဖြစ်သည်။

ကွမ်းစုန်ကျင် တိုးဝင်လာသည့်အတွက် ဖိန်စစ်ချန်းအပေါ် ဖိနှိပ်တိုက်ခိုက်နေမှု လျော့ပါးသွားသည်။

ထိုအခါ....

ဖိန်စစ်ချန်းသည် နောက်သို့ဆုတ်သွားသည်။

အားကုန် အင်ကုန်သုံးကာ အသေအလဲ တိုက်ခိုက်ရသည်မို့ ဖိန်စစ်ချန်းမှာ အားကုန်သလောက် ဖြစ်နေသည်။

ခြေလှမ်းတွေပင် မခိုင်။

ဒယီးဒယိုင် ဖြစ်နေသည်။

တိုက်ပွဲမှ ဆက်လာပြီးနောက် ဖိန်စစ်ချန်းသည် တင်ပျဉ်ခွေထိုင်ကာ အတွင်းအား လေ့ကျင့်အနားယူနေရသည်။

ဖိန်စစ်ချန်း ဆုတ်သွားပြီးနောက်....

ကွမ်းစုန်ကျင်နှင့် ချဲ့ယွင်ထိန် ရင်ဆိုင်မိသည်။

ချဲ့ယွင်ထိန်က 'ထုတ်ထောက်မျှားတန်း' သိုင်းကွက် (၁၂) ကွက်ကိုသုံးကာ တိုက်ခိုက်သည်။

မြွေချပ်တောင်ဝှေးကိုစောင်းလျက်တနည်း၊တည့်တည့်တမျိုး ဝေ့ဝိုက်၍တဖုံ ရိုက်နှက်သည်။





ကွမ်းစုန်ကျင်က 'ပင်လယ်သိုင်းကွက်'ကိုသုံးကာ ခုခံသည်။

"ဝုန်း...."

ပြင်းထန်သော အသံ မြည်ဟိန်းသွားသည်။

ထိုက်ကျိဒိုင်းမှာ တုန်ခါ၍ပင်သွားသည်။

ထိုက်ကျိဒိုင်းကို ကိုင်ထားသောကွမ်းစုန်ကျင်၏ ညာလက်မှာလည်း ထုံကြဉ်သွားသည်။

သူ့လက်ထဲမှ ထိုက်ကျိဒိုင်းမှာ လွတ်ထွက်မတတ်ဖြစ်သွားသည်။

ထိုက်ကျိဒိုင်းလက်လွတ်မသွားစေရန် မနည်းပင် ကြိုးစား၍ ဆုတ်ကိုင်ထားလိုက်ရသည်။

ကွမ်းစုန်ကျင် အတော်ထိတ်လန့်သွားသည်။

စိတ်ထဲမှာလည်း....

ချဲ့ယွင်ထိန်ရဲ့ ရိုက်ချက် တယ်အားကြီးပါလား"

ဟု တွေးလိုက်မိသည်။

ကွမ်းစုန်ကျင်သည် စိုးရိမ်ထိတ်လန့်သွားသော်လည်း တိုက်ခိုက်မှုကတော့ လုံးဝမနှောင့်နှေးပါ။

ထိုက်ကျီဒုဝ်င်းကို ခပ်စောင်းစောင်းပြုကာချဲယွင်ထိန်၏ခါးပိုင်းကို ဖြတ်ခုတ်လိုက်သည်။

သည်အခါတွင်တော့-

ချဲယွင်ထိန်က လက်နက်ချင်းဆိုင်၍ တိုက်ခိုက်ခြင်း မပြုတော့ပါ။

ညာဘက်သို့ခြေလှမ်းကာ ခုန်ရှောင်လိုက်သည်။

ရှောင်ထွက်ပြီးသည်နှင့် ချဲယွင်ထိန်သည် မြွေရှပ်တောင်ဝှေးဖြင့် အောက်မှအထက်သို့ ဆတ်ကနဲပင့်တင်ကာ ရိုက်နှက်လိုက်သည်။

ထိုရိုက်ချက်က ထိုက်ကျီဒုဝ်င်းကို အပေါ်သို့ကော်တင်လိုက်သည့်သဘောဖြစ်သည်။

ကွမ်စုန်ကျင်၏လက်မှထိုက်ကျီဒုဝ်င်းလွတ်ထွက်မသွားသော်လည်း အပေါ်သို့တော့ အနည်းငယ် မြောက်ကြွသွားသည်။

ဤတွင်....

ကွမ်းစုန်ကျင်၏ခုခံကွက်တွင် ဟာကွက် လွတ်ကွက်လေးတခု ပေါ်လာသည်။





ချဲယွင်ထိန်က ထိုဟာကွက်မှနေ၍ မြွေရှပ် တောင်ဝှေး၏ဦးပိုင်းဖြင့် ဒူးပိုင်ထိုးနှက်ရန် ပြင်လိုက်သည်။

"ဆရာကြီး သတိထား"

ဟိုတုန်းက လှမ်းအော်သတိပေးသည်။

ပါးစပ်ကသတိပေးယင်း ညာလက်ကိုလည်း ဆတ်ကနဲလှုပ်ရှားလိုက်သည်။

"ဝှစ်...."

"ဝှစ်...."

ဓားပျံနှစ်လက် ချဲယွင်ထိန်ရှိရာသို့ လွင့်ပျံဝင်ရောက်သွားသည်။

ချဲယွင်ထိန်က မြွေရှပ်တောင်ဝှေးဖြင့် သူ့ထံသို့တန်းဝင်လာသည့် ဓားပျံနှစ်လက်ကို ရိုက်ထုတ်ဖယ်ရှားပစ်လိုက်သည်။

ထိုသို့ ဓားပျံနှစ်လက်ကို ရိုက်ထုတ် ဖယ်ရှားပစ်လိုက်ရမှုကြောင့် ကွမ်းစုန်ကျင်ကို တိုက်ခိုက်ရာတွင် တချက်နှေးသွားသည်။

ထိုအခါ....

ကွမ်းစုန်ကျင်အဖို့ နောက်သို့ခုန်ဆုတ်သွားရန် အချိန်ရလိုက်သည်။

ချဲယွင်ထိန်၏ တိုက်ခိုက်မှုကို တကွက် ရှောင်လိုက်နိုင်သော်လည်း ကွမ်းစုန်ကျင်၏ အခြေအနေမှာ သိပ်မဟန်။

ချဲယွင်ထိန်၏ ဆက်တိုက်ဝင်ရောက်လာသော ထိုးနှက်တိုက်ခိုက်မှုများကို အလူးအလဲပင် ခံနေရသည်။

တောင်ဝှေးအရိပ်များ၊
ထိုက်ကျိဒိုင်းအရိပ်များ၊
အထပ်ထပ် အလီလီ လှုပ်ရှားနေသည်။
ချဲယွင်ထိန်သည် ဒေါမာန်အလွန်ပြင်းနေပုံရသည်။
သူ၏ မြွေချုပ်တောင်ဝှေးရိုက်ချက်များက မိုးသက် မုန်တိုင်းကျရောက်တိုက်ခတ်ကဲ့သို့ ပြင်းထန်လှသည်။

ကွမ်းစုန်ကျင်၏ သေကွင်း သေကွက် နေရာများ သို့သာ ဦးတည်ရည်ရွယ်ကာ ထိုးနှက်နေသည်။
ကွမ်းစုန်ကျင်မှာ ချဲယွင်ထိန်ကို ပြန်မလှန်နိုင်။
ခုခံကွက်များသာ တကွက်ပြီးတကွက် ပြုလုပ်နေရသည်။
ထိုက်ကျိဒိုင်းမှာ အလွန်မာကြောကာ မြွေချုပ်တောင်ဝှေး၏ ပြင်းထန်သော ရိုက်ချက်များကို ကောင်းကောင်း ခံနိုင်သည့်အတွက်သာ ကွမ်းစုန်ကျင်အဖို့ ကံကောင်းနေခြင်းဖြစ်သည်။
သို့သော်....
ကွမ်းစုန်ကျင်အနေနှင့် မည်မျှကြာကြာဆက်၍တောင့်ခံနိုင်ဦးမည်နည်း။





ယခုအချိန်အထိ ချဲယွင်ထိန်သည် ပျံလွှားမြီးအဆိပ်ကို ထုတ်သုံးခြင်းမပြုသေးပေ။
မြွေချုပ်တောင်ဝှေးရိုက်ချက်အကြားတွင် ပျံလွှားမြီးအဆိပ်အပ်ကိုပါ ကြားညှပ်ကာသုံးခဲ့လျှင် ကွမ်းစုန်ကျင်အဖို့ ခုခံရခက်ပေမည်။
ဖိန်စစ်ချန်းသည် အမောသိပ်မပြေသေးသော်လည်း မိတ်ဆွေကြီး အခြေမလှ ဖြစ်နေသည်ကို မြင်ရသည့်အတွက် ထိုင်နေရာမှ ခုန်ထကာ တိုက်ပွဲထဲဝင်လာသည်။

× × ▪

# အခန်း (၁၇)

ကွမ်းစုန်ကျင်နှင့်ဖိန်စစ်ချန်းတို့နှစ်ယောက်ပေါင်းကာ တိုက်ခိုက်ကြသည်။

ဟိုတုန်းကလည်း အဝေးမှဓားပျံဖြင့် လှမ်းပစ်ကာ အားဖြည့်ကူညီပေးသည်။

ကျန်းကြည်တင်းကလည်း ဓားရှည်ကိုဆွဲထုတ်လျက် တိုက်ပွဲဝင်လာသည်။

ချဲယွင်ထိန် နောက်သို့ အနည်းငယ်ဆုတ်ပေးရသည်။

ပြင်းထန်သော တိုက်ခိုက်မှု အနည်းငယ် လျော့သွားသည်။

ကွမ်းစုန်ကျင်တို့ အားတက်လာသည်။

သို့သော်....

ဤအခြေအနေမှာ သိပ်မကြာပါ။

ခဲ့ယွင်ထိန်သည် ရုတ်တရက် အော်ဟစ်ကာ အပေါ်သို့ ခုန်လွှားတက်လိုက်သည်။

လေထဲသို့ ခုန်တက်ယင်း ဗယ်လက်ကို ဆတ်ကနဲ ဆွဲယမ်းလိုက်သည်။

"အမြန်ရှောင်ကြ"

"ကွမ်းစုန်ကျင် အလန့်တကြား အော်လိုက်သည်။

ခဲ့ယွင်ထိန်က ပျံလွှားမြီးအဆိပ်အပ် အသုံးပြုကာ တိုက်ခိုက်ပြီထင်၍ အော်လိုက်ခြင်းဖြစ်သည်။

သို့သော်....

ခဲ့ယွင်ထိန်က ပျံလွှားမြီးအဆိပ်အပ်နှင့် ပစ်ခတ်တိုက်ခိုက်ခြင်းမပြုပါ။

တမင်သက်သက် လှန့်ကွက်ဆင်လိုက်ခြင်းသာဖြစ်သည်။

ပျံလွှားမြီး အဆိပ်အပ်ဖြင့် ပစ်ခတ် တိုက်ခိုက်သည် ထင်၍ ကွမ်းစုန်ကျင်တို့ ရှောင်ကြ တိမ်းကြဖြစ်ကုန်ဆဲတွင်....

ခဲ့ယွင်ထိန်က သွက်လက်သော တောင်ဝှေး တိုက်ချက် သုံးချက် ဆက်တိုက် ရိုက်နှက်လိုက်သည်။





ပထမ တောင်ဝှေးရိုက်ချက်က ကွမ်းစုန်ကျင်၏ ညာပခုံးကို ထိသည်။

ထိုထိချက်ကြောင့် ကွမ်းစုန်ကျင်၏ ညာလက်မောင်းအဆစ်ကွဲကြေလုမတတ်ဖြစ်သွားသည်။

ညာလက်တွင် ကိုင်ထားသော ထိုက်ကျိဒုိင်းလည်းလက်မှလွတ်သွားသည်။

ကွမ်းစုန်ကျင်ညာလက်မောင်း လှုပ်ရှားမရတော့။

ဒုတိယ တောင်ဝှေးရိုက်ချက်က ဖိန်စစ်ချန်း၏ ဦးခေါင်းကို အုပ်မိုးရိုက်ချလာသည်။

ဖိန်စစ်ချန်း လိပ်ပြာလွင့်မတတ် ထိတ်လန့်ကာ ၁၃ ဆစ်ကျာပွတ်ဖြင့် တအားဆီးရိုက်ထုတ်လိုက်သည်။

ကျာပွတ်ရိုက်ချက်ကြောင့် မြွေရုပ်တောင်ဝှေးလမ်းကြောင်းလွဲသွားသည်။

သို့သော်....

ဖိန်စစ်ချန်းမှာ လုံးဝတော့မလွတ်ပါ။

ဗယ်ဘက်ပခုံးကို တောင်ဝှေးက ရှပ်ကာရိုက်မိသည်။

ရှပ်ကာရိုက်မိသည် ဆိုပေသော်လည်း ခံရချက်ဒဏ်ကမသေး။

ဖိနပ်စစ်ချွန်း၏ကိုယ်လုံး ချာလည် လည်ထွက်သွားသည်။

တတိယ တောင်ဝှေးရိုက်ချက် ကျန်းကြည်တင်းထံသို့ ဝင်လာသည်။

ကျန်းကြည်တင်းက ဓားရှည်ဖြင့် ဆီးကာ ခံဆောင်သည်။

"ချွမ်း"

ဓားရှည်နှင့် တောင်ဝှေးတို့ ပြင်းထန်စွာ ဆိုင်မိသည်။

ကျန်ကြည်တင်း၏ညာလက်မောင်း ထုံကြွင်သွားသည်။

လူလည်းနောက်သို့ယိမ်းကာ ဖင်ထိုင်လျက်လဲကျသွားသည်။

လက်တွင်ကိုင်ထားသော ဓား ရှည် မှာလည်း ကျိုးသွားလေပြီ။

"ဟား ဟား ဟား....ဟား ဟား"

ချွဲယွင်ထိန်က အသံနက်ကြီးဖြင့် ရယ်လိုက်သည်။

ရယ်သံကြီးက သေမင်းရယ်သံကြီးအလား။

ဟို့တုန်းက ရှိသမျှဓားပျံများကို ဆွဲထုတ်ကာ ချွဲယွင်ထိန်ထံ ဓားစကြာဖြန့်ကာ ပစ်ခတ်မည်ပြုသည်။

သို့သော်....

ဟို့တုန်းဓားပျံ တလက်မျှမပစ်ရသေးမီ ချွဲယွင်ထိန်က သူ့အနားသို့ လွှားကနဲ ရောက်လာသည်။





"ဟား ဟား... ဟား ဟား ဟား"

ချွဲယွင်ထိန်သည် ကြောက်မက်ဖွယ်ရာ ရယ်မောသံကြီးကိုပြုပြီး ဟို့တုန်းကို တောင်ဝှေ ဖြင့် ရိုက်ချလိုက်သည်။

ဟို့တုန်းရှောင်သေးသည်။

မရ။

ပြွေရှပ်တောင်ဝှေးက ဟို့တုန်း၏ ညာဘက်နံဘေးကိုရိုက်မိသည်။

"ဒုတ်"

"အား...."

ဟို့တုန်းမှာ နာကျင်စွာအော်ယင်း လွင့်ထွက်သွားသည်။

ခုခံသူလေးယောက်လုံး ထိခိုက် အနာတရ ဖြစ်ကုန်ကြပြီ။

"ဟား ဟား ဟား....ဟား ဟား ဟား"

ချွဲယွင်ထိန့်က အသံနက်ကြီးဖြင့် ရယ်သိုက်သည်။

ပြီးနောက်....

"မင်းတို့လေးယောက်ကို ပြီးမှ ကောင်းကောင်းညှဉ်းဆဲပြီး အဆုံးစီရင်မယ်၊ အခုတော့ ဟိုကောင်မလေးကို လက်စသတ်ရအုံးမယ်"

ဤသို့ပြောပြီးနောက်၊

ချယ်ငွင်ထိန်သည် မိန်းမပျိုရှိရာသို့လျှောက်လှမ်းသွားသည်။

× × ×

မိန်းမပျို၏ မှိတ်ထားသောမျက်လုံးများ ဖြတ်ကနဲ ပွင့်လာသည်။

မိန်းမပျိုက သူမထံသို့လျှောက်လှမ်းလာသောချယ်ငွင်ထိန်ကို စူးရှသောမျက်လုံးများဖြင့် ကြည့်လိုက်သည်။

မိန်းမပျို၏မျက်လုံးများမှာ ထူးထူးခြားခြားအရောင်လက်၍နေသည်။

တောက်ပြောင်နေသောမျက်လုံးများမှာ စူးရှသောအကြည့်ကြောင့် ချယ်ငွင်ထိန်ပင် ခြေလှမ်းတုံ့ရပ်သွားသည်။

မိန်းမပျိုက ခါးကြားမှ ဓားတလက်ကို ဆွဲထုတ်လိုက်သည်။

လခြမ်းဓား၏ ပြာလဲ့လဲ့အရောင်များ ဖြာသွားသည်။

"သိုင်းပညာဟာ သူတပါးကို အနိုင်ကျင့်ဖို့မဟုတ်ဘူး၊ ရမ်းကား သတ်ဖြတ်ဖို့ မဟုတ်ဘူး၊ အများ ကောင်းကျိုးကို လုပ်ဆောင်ပေးဖို့ပဲဖြစ်တယ်၊ သိုင်းသမားကျင့်ဝတ်မှာ အားနည်း





သူကို ကူညီရမယ်။ တရားဥပဒေစိုးမိုးရေးကို အားပေးထောက်ကူရမယ်၊ မတရားတာကို ဆန့်ကျင်ရမယ်ဆိုတာတွေ ပါတယ်၊ ရှင်ဟာ သိုင်းပညာထူးချွန်တာ မှန်ပါတယ်၊ ဒါပေမယ့် သိုင်းပညာကို အလွဲသုံးစားလုပ်ပြီး ရမ်းကားသတ်ဖြတ်ခဲ့တယ်၊ ရှင့်ရဲ့ မတရားမှုတွေကို တားဆီးဟန့်တားတဲ့ ကုန်မတ့်မိသားစုကိုလဲ အငြိုးကြီးကြီးနဲ့ ရန်ငြိုးဖွဲ့ခဲ့တယ် ချယ်ငွင်ထိန်၊ ဒီနေ့တော့ ရှင် မိုက်ဇာတ် သိမ်းရတော့မယ်"

မိန်းမပျိုက ချယ်ငွင်ထိန်ကို စူးစိုက်ကြည့်ပြီးပြောသည်။

ချယ်ငွင်ထိန်က ရယ်မောလိုက်ကာ၊

"မင်းဟာ ငါ့ရဲ့လက်ချက်ကလွတ်အောင် အသက်လု ထွက်ပြေးသွားခဲ့တာပါ၊ မင်းက ငါ့ကို ပြန်သုတ်သင်ဦးမယ်တဲ့လား ဟား ဟား ဟား"

မိန်းမပျိုကတော့အမူအရာမပျက်ပဲ။

"ဟုတ်ပါတယ်၊ ကျွန်မယောကျ်ားဟာ ရှင့်ရဲ့ ပျံလွှားမြီး အဆိပ်အပ်လက်ချက်ကြောင့်သေခဲ့ရပါတယ်။ ကျွန်မဟာ မုဆိုးမအဖြစ် ဝမ်းနည်းတဲ့အထိမ်းအမှတ် ငတ်စုံတောင် မဝတ်နိုင်ပဲ ရှောင်တိမ်းပြေးလွှားခဲ့ရပါတယ်။ ဒါတောင်မှ ရှင့်ရဲ့အန္တရာယ် စက်ကွင်းက မလွတ်ခဲ့ပါဘူး။ ရှင်က ကျွန်မတို့ နောက်ကိုတ

ကောက်ကောက်လိုက်ခဲ့တယ်၊ နောက်ဆုံး ရှင့်ရဲ့ ပုံလွှားမြီး အဆိပ်အပ်အထိခံရပြီး ကျွန်မသေလုနည်းပါး ဖြစ်ခဲ့ရတယ်”

ချယ့်ထိန်ကဘာမျှမပြော။

ကောက်ကျစ်ရက်စက်သော အပြုံးသာပြုံး၍နေသည်။

မိန်းမပျိုကဆက်လက်၍။

“လောကကြီးမှာ ရှင့်စိတ်တိုင်းကျမင်းမူနေလို့မရနိုင်ပါဘူး၊ မတရားမှုကို တရားမျှတမှုက နောက်ဆုံးအနိုင်ရမှာပဲ၊ အခုလဲ ကြည့်လေ၊ ရှင်က ရှင့်ရဲ့ ပုံလွှားမြီး အဆိပ်အပ်ထိမိယင် ကုသလို့မရပဲ သေပွဲဝင်ရမယ်လို့တထစ်ချ တွက်ထားခဲ့တယ်မဟုတ်လား၊ အခုတော့ ရှင့်ပုံလွှားမြီးအဆိပ်ရဲ့အဆိပ်တွေကို အဆိပ်ဖြေကုသနိုင်တဲ့နည်းရှိနေပြီး ကျွန်မအသက်ရှင်သန်ခဲ့ရတယ်”

ချယ့်ထိန်၏မျက်လုံးစိမ်းစိမ်းများ အရောင်ပိုတောက်လာသည်။

“အေး၊ တသောင်းမှာ တယောက်ဆိုသလို မင်းက ကံကောင်းထောက်မပြီး ပုံလွှားမြီး အဆိပ်အပ်ထိရက်နဲ့ အသက်မသေပဲ ချမ်းသာရာရခဲ့တာကိုး၊ ဒါပေမယ့် မင်းအသက်ကြာကြာမရှည်နိုင်တော့ပါဘူး။ မင်းသာမကဘူး၊ ငါ့အလုပ်မှာဝင်ရှုပ်တဲ့လူတွေပါအကုန်လုံး ဒီနေ့ လောကကြီးကို ကျောခိုင်းရတော့မယ်၊ မင်းကိုပထမဆုံး”





ချယ့်ထိန် စကားကိုဆုံးအောင်မပြော။

တဝက်တပျက်တွင် ရုတ်တရက် ရပ်တန့်သွားသည်။

သူ့မျက်လုံးများက အိမ်ဆောင်လေးဘက်သို့ ရောက်သွားသည်။

မိန်းမပျိုကလည်း ချယ့်ထိန်၏မျက်စိကြည့်ရာဘက်သို့ လှမ်းကြည့်လိုက်သည်။

အိမ်ဆောင်လေး ရှေ့နားတွင် ရပ်နေသော လုဝေကို တွေ့လိုက်ရသည်။

× × ×

ချယ့်ထိန်သည် ထူးဆန်းသောရယ်သံကိုပြုပြီး။

“ကောင်းတယ်၊ သိပ်ကိုကောင်းတယ်၊ ဒီကောင်မလေးလဲ ဒီမှာရှိနေတာကိုး၊ ဟုတ်လိုက်လေ ငါ့အဖို့ ဒီကောင်မလေးကို နေရာအနှံ့လိုက်ရှာဖို့အချိန်ကုန်သက်သာသွားပါပြီ၊ တခါတည်း ဒီမှာတင်ကိစ္စပြတ်အောင်လုပ်နိုင်တော့မယ်”

ဤစကားကိုကြားရသောအခါ၊

မိန်းမပျို၏ရင်ထဲတွင် စိုးရိမ်မှုနှင့်ဝမ်းသာမှုတို့ကို တပြိုင်နက် ခံစားလိုက်ရသည်။

စိုးရိမ်မှုမှာ....။

လုဝေကို သူမ၏သမီးထင်မတ်ကာ နတ်ဆိုးကြီးချဲယွင်ထိန်က ရန်ပြုတိုက်ခိုက်မှာ စိုးသောကြောင့်ဖြစ်သည်။

ဝမ်းသာသည်ကတော့....။

သူမ၏သမီးသည် ချဲယွင်ထိန်၏လက်ထဲသို့ကျရောက်မသွားပဲ အသက်ရှင်လျက်ရှိနေသေးကြောင်း သတင်းအစအန ပေါ်လာသောကြောင့်ဖြစ်သည်။

ဤနေရာ၌ လူအများ၏ ကံကြမ္မာသည် မိမိလက်တွင်ရှိနေကြောင်းကို မိန်းမပျို နားလည်သည်။

ဤလူများ၏ အသက်ဘေးအန္တရာယ်မှ လွတ်မြောက်နိုင်ရေး အတွက်။

သိုင်းပညာကိုအလွဲသုံးစားလုပ်ကာ လူအများကို ရန်ပြုရမ်းကားနေသော အမိုက်ဘကာ့ထိပ်ခေါင် အနက်ရောင်သိုင်းသမားကြီး ချဲယွင်ထိန်ကို ချေမှုန်းနိုင်ရေးအတွက်။

အရာရာကိုစွန့်လွှတ်ရန် မိန်းမပျို ဆုံးဖြတ်ထားပြီးဖြစ်သည်။

မိန်းမပျိုသည် ချဲယွင်ထိန်ကို စူးစိုက်ကြည့်လိုက်ပြီး။





"ဒီမယ် ချဲယွင်ထိန်၊ ရှင့်မျက်စိကို ရှင်ပွတ်သပ်ပြီးများကြည့်ပါဦး၊ အဲဒီကောင်မလေးဟာ ကျွန်မရဲ့သမီးဟုတ်ရဲ့လားဆိုတာ ရှင်အကဲခတ်ကြည့်စမ်းပါဦး၊ အရမ်းကာရော လျှောက်ပြောဆိုလုပ်ကိုင်မနေပါနဲ့"

ချဲယွင်ထိန်က လုဝေကိုစူးစိုက်ကြည့်လိုက်သည်။

သူ့စိတ်ထဲဘွင်ဇဝေဇဝါဖြစ်နေသည်။

ထို့ကြောင့် သေသေချာချာထပ်ကြည့်သည်။

နောက်ဆုံးတွင်တော့။

အမှန်ကို ချဲယွင်ထိန်သိရှိသွားသည်။

မိန်းမပျို၏သမီးမှာ ဤကောင်မလေးနှင့်နှိုင်းစာလျှင်၊ အရပ်အနည်းငယ်နိမ့်သည်။

ပြီးတော့။

မျက်လုံးအကြည့်၊
ဟန်ပန်အမူအရာ၊

မျက်နှာအသွင်အပြင်၊
ဒါတွေလည်းကွဲပြားခြားနားသည်။

ဤကောင်မလေးသည် မိန်းမပျို၏သမီး မဟုတ်နိုင်။
ချဲယွင်ထိန်က ခေါင်းကိုတချက်ညိတ်လိုက်ပြီး။

"အေး၊ ဒီကောင်မလေးက မင်းရဲ့သမီးမဟုတ်ဘူး၊ ဒါပေမယ့် ငါ့အလုပ်ကိုဝင်ရှုပ်တဲ့အိမ်က အိမ်သားတယောက်ယောက်တော့ဖြစ်နေဘယ်။ ငါ့အကြောင်းလဲမင်းအသိသားပဲ ငါ့အလုပ်မှာဝင်ရှုပ်တာဆိုယင် နည်းနည်းလေးမှ ခွင့်မလွှတ်နိုင်ဘူး။ မင်းကိုလက်စသတ်ပြီးယင် ဒီကောင်မလေး အပါအဝင် ဒီအိမ်ဂေဟာမှာရှိသမျှလူအားလုံးကို ဆက်ပြီးသေမင်းဆီပို့ပေးရမယ်"

ကွမ်းစုန်ကျင်သည်၊ ဒဏ်ရာရထားသည့်ကြားကပင်၊ လုဝေ၏သေးနားတွင်ရပ်ကာ ကာကွယ်ပေးထားလိုက်သည်။

ဖိန့်စစ်ချန်းလည်း ကွမ်းစုန်ကျင်နားသို့သွားရပ်သည်။

ချဲ့ယွင်ထိန်ကတော့ သူတို့နှစ်ယောက်ကို အရေးမစိုက်သည့်အသွင်ဖြင့် တချက်သာလှမ်းကြည့်သည်။

"ရှင့်ကိုယ်ရှင် သိပ်အထင်ကြီးလွန်းနေပြီ ဒီနေ့ သေမင်းဆီသွားရမှာက ရှင်ကိုယ်တိုင်ပါ ကျွန်မတို့ မဟုတ်ပါဘူး" မိန်းမပျိုကပြောသည်။

ချဲ့ယွင်ထိန်က မထီမဲ့မြင်ရယ်မောလိုက်ကာ။

"အေး၊ ဘယ်သူသေမင်းဆီ သွားရမလဲဆိုတာ အခုသိရမယ်"





စကားဆုံးသည်နှင့် ချဲ့ယွင်ထိန်က မြွေရုပ်တောင်ဝှေးကို ဆတ်ကနဲတော့တင်ကာ မိန်းမပျိုကိုရိုက်ချလိုက်သည်။

လျှပ်စစ် ပြက်ရိုက်ချက်။
မြန်သည်။
သွက်သည်။
အားအင်လည်းအပြည့်ပါသည်။

မိန်းမပျိုမှာ၊ အဆိပ်ဒဏ်မှ သက်သာပျောက်ကင်းကာစဖြစ်သည်။

သည်လိုအခြေအနေမျိုးဝယ် မိန်းမပျိုအနေဖြင့် ယွင်ထိန်၏ပြင်းထန်လှသော ရိုက်ချက်ကို ခံနိုင်ပါမည်လားဟု၊ ကွမ်းစုန်ကျင်တို့တတွေက စိုးရိမ်မိကြသည်။

သူတို့တွေးတောစိုးရိမ်နေမှုထက်၊ ချဲ့ယွင်ထိန်၏ရိုက်ချက်က ပိုမြန်သည်။

ထို့ပြင်....။

မိန်းမပျို၏လှုပ်ရှားမှုကတော့ အမြန်ဆုံးဖြစ်သည်။

ကြည့်လေ....။

ချဲ့ယွင်ထိန်က တောင်ဝှေးကို လှုပ်ရှားလိုက်ရုံ ရှိသေးသည်၊ မိန်းမပျိုက ချဲ့ယွင်ထိန်၏အနီးသို့ လှစ်ကနဲတိုးကပ်ရောက်ရှိသွားသည်။

P.12

ပြာလဲ့လဲ့ အရောင်များ လင်းလက်သွားသည်။

မျက်စိတမှိတ် လျှပ်တပြက်မျှပင် မရှိသော အချိန်ပိုင်းလေး အတွင်း၊ မိန်းမပျိုက ဓားချက်သုံးချက်ကို ထိုးနှက်တိုက်ခိုက်ပြီး သွားပြီ။

ချဲ့ယွှင်ထိန်မှာ တောင်ဝှေး ရိုက်ချက်ကိုပင် ကွက်ပြည့်မရိုက် နိုင်။

ရိုက်ချက်တဝက်တပြက်တွင် နောက်သို့ ကမန်းကတန်း ခုန် ဆုတ်ပေးလိုက်ရသည်။

ချဲ့ယွှင်ထိန်၏စိတ်ထဲတွင် စိုးရိမ်ထိတ်လန့်သွားသည်။

မိန်းမပျို၏ဓားချက်များက မထင်မှတ်နိုင်လောက်အောင်ပင် သွက်လက်လွန်းလှသည် မဟုတ်ပါလား။

× × ×



## အခန်း (၁၈)

ချဲ့ယွှင်ထိန်သာမဟုတ်။

ကွမ်းစုန်ကျင်၊ ဖိုန်စစ်ချန်းနှင့် ဟို့တုန်းတို့တတွေလည်း အံ့ ဩသွားကြရသည်။

မိန် မပျို၏ဓားသိုင်းပညာ၊ ဤမျှလောက်မြန်ဆန်သွက်လက် လိမ့်မည်ဟု သူတို့မထင်ခဲ့ကြပေ။

စောစောပိုင်းက သူတို့တတွေ ချဲ့ယွှင်ထိန်ကို ဝိုင်းဝန်းတိုက် ခိုက်နေကြချိန်ကသာ၊ မိန်းမပျိုက ဤလိုသွက်လက်သော ဓား ချက်များနှင့် တိုက်ခိုက်လျှင်၊ ချဲ့ယွှင်ထိန်ကို အနိုင်ယူနိုင်မည်ဖြစ် သည်။

ထိုအချိန်က မိန်းမပျို သည် တိုက်ပွဲကိုပင်မကြည့်ပဲ မျက်စိမှိတ် ကာရပ်နေခဲ့သည်။

ယခုမူ၊

သွက်လက်သောခြေချက်များဖြင့် တိုက်ပွဲဝင်လာသည်။

ဘာကြောင့်သည်လိုလုပ်ရသနည်း။

သူတို့မတွေးတတ်။

ချုယွင်ထိန်က ထူးဆန်းသောရယ်သံပြုလိုက်ပြီး။

"မင်းက နတ်ဆိုးနိုင်ခြေကွက်ကိုတောင် သုံးတတ်တာကိုး၊ ဘယ်တုန်းကများ လေ့ကျင့်ထားတာလဲ၊ ကောင်းပြီ မင်းရဲ့ နတ်ဆိုးနိုင်ခြေကွက်နဲ့ ငါ့ရဲ့တောင်ဝှေးလှန်းပျံသိုင်း ဘယ်ဟာပိုအစွမ်းထက်တယ်ဆိုတာကြည့်ရအောင်"

ချုယွင်ထိန်သည်၊ မြွေရုပ်တောင်ဝှေးကို တရကြမ်းဝှေ့ကာ ခပ်ကြမ်းကြမ်းတိုက်ကွက်ဆင်လေတော့သည်။

ချုယွင်ထိန်က ထိုးစစ်ကွက်တွေချည်းသုံးသည်။

တိုက်ကွက်တိုင်းက သေကွင်းသေကွက် နေရာတွေကိုညွှန်းနေသည်။

တောင်ဝှေးလှန်းပျံသိုင်းတွင် သိုင်းကွက် (၃၂) ကွက်ရှိသည်။ ချုယွင်ထိန်၏အားအကိုးဆုံးသောသိုင်းပညာဖြစ်သည်။





တောင်ဝှေးလှန်းပျံသိုင်း၏ သိုင်းကွက်(၃၂)ကွက်လုံးသည် ကြောက်စရာကောင်းလှသည်။

ယခု....။

ချုယွင်ထိန်က တောင်ဝှေးလှန်းပျံသိုင်းကွက်(၃၂)ကွက်ကို ကွက်ပြည့်သုံးကာတိုက်ခိုက်နေသည်။

တိုက်ရာတွင်လည်း၊

အမြန်ဆုံးလှုပ်ရှားသည်။

အပြင်းဆုံး ရိုက်နှက်သည်။

တောင်ဝှေးရိုက်ချက် အရိပ်ပေါင်းများစွာသည် တကွက်ပြီး တကွက်ပင် ဆက်တိုက်ပင် ပေါ်ထွက်နေသည်။

တောင်တန်းကြီးများ လိမ့်ပြိုကျသယောင်ယောင်။

ပင်လယ်ရေများ လျှံထွက်လာသယောင်ယောင်။

ပြင်းထန်လှသောတိုက်ကွက်အားများကကြောက်ခမန်းလိလိ ပေါ်ထွက်နေသည်။

တွေ့မြင်ရသည်က ထိတ်လန့်ဖွယ်။

ကြားရသည်က တုန်လှုပ်ဖွယ်။

သို့သော်....၊

မိန်းမပျိုကတော့ ကြောက်ဟန်မရှိ။

တုန်လှုပ်ဟန်မပြ။

လွှမ်းမိုးထားသောတောင်ဝှေးရိပ်များကြားတွင် သွတ်လက်စွာ လှုပ်ရှားနေသည်။

ပြာလဲ့သော ခေါ်ရောင်များသည် လက်ကနဲလက်ကနဲ ဖြစ်နေသည်။

ချယ်ထိန်၏ မြေရှမ်းတောင်ဝှေးက ငါးမေနည်းပါး ရှည်သည်။

မိန်းမပျို၏လခြမ်းဓားကတော့ နှစ်ပေခန့်သာသာ။

ပြီးတော့....

ချယ်ထိန်၏တောင်ဝှေးလွန်းပျံသိုင်းကလည်းလွှမ်းမိုးသည့် နယ်ပယ်ကျယ်ဝန်းကာ အလွန်ပင် ပြင်းထန်သည်။

သို့သော်....

ချယ်ထိန်မှာ မိန်းမပျို၏ဓားသိုင်းကွက်များကိုချုပ်ထိန်း၍ မရ။

ပြာလဲ့သော ဓားရိပ်ဓားရောင်များက တောင်ဝှေးရိုက်ချက်များကြားတွင် လက်ကနဲ လင်းကနဲ တိုးဝင်နေသည်။

မိန်းမပျို၏ဓားချက်များကပင် ချယ်ထိန်ကို ခြိမ်းခြောက်နေသည်။

မိန်းမပျို၏ ကိုယ်ဖော့ပညာကလည်း ကောင်းလှသည်။

ငှက်ပျံကြီး ဖိန်စစ်ချန်းကပင် မိန်းမပျို၏ ကိုယ်ဖော့ပညာကောင်းလှပုံကို စိတ်ထဲမှချီးမွမ်းနေမိသည်။

မိန်းမပျို၏ ကိုယ်ဟန်က လေဟုန်စီးသလို သွက်လက်သည်။

လှုပ်ရှားပုံများက လျှပ်ပျက်သလို မြန်ဆန်သည်။





ချယ်ထိန်၏ တောင်ဝှေး လွန်းပျံသိုင်းမှာလည်း အစွမ်းမသေး။

တကယ်ပင် အဆင့်မြင့်သည်။

တောင်ဝှေးရိုက်ချက်ပေါင်းများစွာသည် မိန်းမပျို၏ ကိုယ်ပေါ်သို့ နေရာပေါင်းစုံမှ ကျရောက်နေသည်။

သို့သော်....

ထိုတောင်ဝှေးရိုက်ချက်တွေက မိန်းမပျိုကို မည်သို့မျှထိခိုက်အောင်မလုပ်နိုင်။

မိန်းမပျိုသည် တောင်ဝှေးရိုက်ချက်အများအပြား လွှမ်းမိုးရိုက်နှက်နေသည့်ကြားမှ သွက်လက်စွာပင် လှုပ်ရှားတိုက်ပွဲဝင်နေသည်။

နှတ်ဆိုးကြီးချယ်ထိန်သည် ရှိသမျှအားအင်များကို ထုတ်သုံးကာအပြင်းထန်ဆုံး တိုက်ခိုက်သည်။

နှတ်ဆိုးကြီးချယ်ထိန်က မည်မျှပင် အစွမ်းကုန် တိုက်ခိုက်တိုက်ခိုက်၊

မိန်းမပျိုကို ဦးနှိမ်ခြင်းမပြုနိုင်။

မိန်းမပျိုမှာ နောက်ဆုတ်မသွား။

× × ×

အခန်း (၁၉)

မိန်းမပျိုနှင့် ခဲ့ယွင်ထိန်တို့ အသေအလဲ အသက်လု တိုက်ပွဲ ဆင်နေကြဆဲတွင်၊

ဖိန်စစ်ချန်းသည် ကွမ်းစုန်ကျုင်အနားသို့တိုးကပ်သွားသည်။

ဖိန်စစ်ချန်းက လေသံတိုးတိုးဖြင့်၊

ခင်ဗျားကြည့်စမ်း ဒီမိန်းမပျိုက နုတ်ဆိုးနိမ့် ဓားကွက်ကို တကယ်ပဲထိထိမိမိသုံးနိုင်ပါလားဗျ၊ သူ့ဓားချက်တွေကအံ့မခန်း အောင်ကို ထက်မြက်တယ်ဗျ၊ ဒါပေမယ့် သူက အဆိပ်ဒဏ်ရာ က သက်သာကာစဆိုတော့ အချိန်ကြာသွားယင် အားအင်ဗီလို့ တိုက်ထုတ်နိုင်တော့မှာ မဟုတ်ဘူး၊ သူ့အတွက် ကျုပ်စိုးရိမ် မိတယ်"

ကွမ်းစုန်ကျင်က ခေါင်းညိတ်ပြလိုက်ပြီး၊

ဟုတ်တယ် အချိန်ကြာယင် မိန်းမပျို့အခြေအနေ မကောင်းနိုင်ဘူး၊ အခုလိုအခြေအနေမှာ အမြန်ဆုံး အနိုင်ရမှုဖြစ်မယ်၊ အင်း ကျုပ်ဖြင့် အတွေးရခက်နေတယ်"

ကျန်းကြည်တင်းက ကြားဝင်၍၊

"ဘာကို အတွေးရခက်နေတာလဲ ဆရာကြီး"

ကွမ်းစုန်ကျင်က သက်ပြင်းတချက် ချလိုက်ပြီး၊

"မိန်းမပျို့ဟာ အားပြည့်အင်ပြည့်အခြေအနေမျိုးမှာ နတ်ဆိုးနှိမ်ဓားကွက်နဲ့ ချဲယွင်ထိန်ကို ကောင်းကောင်း အနိုင်ယူနိုင်တယ်၊ ဒါပေမယ့် သူကဘာကြောင့်ချယွင်ထိန်ရဲ့လက်ချက် အထိခံခဲ့ရတာလဲ၊ သူ့ယောကျ်ားလဲ ဘာကြောင့် အသက်သေခဲ့ရတာလဲ၊ ဒါက အတွေးရခက်စရာ ဖြစ်နေတယ်"

ဟုတ်သည်။

ကွမ်းစုန်ကျင်ပြောသည်မှာ မှန်သည်။

အခုလို အဆိပ်ဒဏ်မှ ပြန်လည်သက်သာကာစ အားအင်နည်းနေသည့်အချိန်ဘွင်ပင် မိန်းမပျို့သည် နတ်ဆိုးဓားကွက်ဖြင့် ချဲယွင်ထိန်ကို ကောင်းကောင်း ဒုက္ခပေးနိုင်သည်။





မိန်းမပျို့အနေနှင့် အားအင်ကောင်းမွန် ပြည့်ဖြိုးနေချိန်က ဆိုလျှင် ချဲယွင်ထိန်ကို ကောင်းကောင်းအနိုင်ယူနိုင်သည်။

ထိုသို့သောအခြေအနေ ရှိပါလျက်၊

မိန်းမပျို့၏လင်ယောကျ်ား ဘာကြောင့်သေဆုံးခဲ့ရသနည်း။

မိန်းမပျို့လည်း ဘာကြောင့် ပျံလွှားမြီးအဆိပ်အပ် ထိကာ သေလုမြောပါး အခြေဆိုက်ခဲ့ရသနည်း။

ကွမ်းစုန်ကျင်က ပြောပြန်သည်။

"နတ်ဆိုးနှိမ်ဓားသိုင်းဟာ တုန်းယိဂိုဏ်းရဲ့ လျှို့ဝှက် သိုင်းပညာဖြစ်တယ်၊ ဂိုဏ်းဝင်တိုင်းကိုတောင် သင်မပေးဘူး၊ တကယ့်အတွင်းကျကျ လူရင်းတွေကိုမှသင်ပေးတာ၊ ဒီမိန်းမပျို့နတ်ဆိုးနှိမ်ဓားကွက်တတ်နေတာကိုကာပဲ အတော်စဉ်းစားစရာ ကောင်းတယ်"

ကျန်းကြည်တင်က တခုခု တွေးမိဟန်ဖြင့်၊

"ဒီမိန်းမပျို့ဟာ တုန်းယိဂိုဏ်းဝင် ဖြစ်နေယင်ကော"

ကွမ်းစုန်ကျင်နှင့် ဖိန်စင်ချန်းတို့က ခေါင်းများကို ခါယမ်းလိုက်ကြသည်။

ပြီးနောက် ကွမ်းစုန်ကျင်က....

“တုန်းယိဂိုဏ်းဝင်တွေဟာပြည်မသိုင်းလောကမှာ မပါဝင်ကြဘူး၊ ပြည်မကိုလဲ အလာနည်းတယ်၊ တုန်းယိကျွန်းမှာပဲ နေကြတယ်၊ဒီမိန်းမပျိုဟာ တုန်းယိဂိုဏ်းဝင် ဖြစ်နေယင် ချဲယွင်ထိန်နဲ့ ပြဿနာဖြစ်စရာ အကြောင်းမရှိဘူး”

ဖိန့်စစ်ချန်းက ကြားဖြတ်ကာ....

“ပြီးတော့ ချဲယွင်ထိန် ဘယ်လောက်မိုက်ကန်း မိုက်ကန်း၊ တုန်းယိဂိုဏ်းကိုတော့ ရန်မရှာရဲဘူး”

ထိုအချိန်မှာပင် စူးရှသော အော်သံတချက် ပေါ်လာသည်။

“အား....”

အော်သံမှာ မိန်းမပျိုနှင့် ချဲယွင်ထိန်တို့ တိုက်ခိုက် နေကြသည့် နေရာဘက်မှ ပေါ်လာခြင်းဖြစ်သည်။

သူတို့လူစု စကားစပြတ်ကာ တိုက်ပွဲဘက်သို့ လှမ်းကြည့်လိုက်ကြသည်။

× × ×

ချဲယွင်ထိန်သည် မိန်းမပျိုကို တောင်ငှေး လွန်းပျံသိုင်းနှင့် ထိခိုက်အောင် မတိုက်နိုင်တော့သောအခါ ထိတ်လန့်လာသည်။





သူ၏ သိုင်းပညာများတွင် ပျံလွှား အဆိပ်အပ်မှလွဲလျှင် တောင်ငှေးလွန်းပျံ သိုင်းက အထက်မြက်ဆုံး။

ယခု တောင်ငှေးလွန်းပျံသိုင်းဖြင့် တိုက်ခိုက် သော်လည်း မိန်းမပျိုကို မထိခိုက်သောအခါ ချဲယွင်ထိန်အဖို့ ပျံလွှာ မြီး အဆိပ်အပ်ကို သုံးရန်သာ ကျန်တော့သည်။

ကွမ်းစုန်ကျင်က ပျံလွှားမြီး အဆိပ်အပ်၏ အဆိပ်ကို ဖြေဖျောက် ကုသပေးနိုင်သည့်အတွက် ချဲယွင်ထိန်မှာ ပျံလွှားမြီး အဆိပ်အပ်သုံးရန် အခက်တွေ့နေသည်။

ထို့ကြောင့်လည်း။

ချဲယွင်ထိန်သည် မြွေရပ်တောင်ငှေးဖြင့် အနိုင်ယူရန် ကြိုးပမ်းခဲ့ခြင်း ဖြစ်သည်။

ယခုတော့....

ပျံလွှားမြီးအဆိပ်အပ်ကိုပဲ သုံးရတော့မည်။

အယင်ဆုံး ဆေးကုပေးနိုင်သူ ကွမ်းစုန်ကျင်ကိုပစ်ခတ်မည်။

ပြီးမှ....

ကျန်လူများကို ဆက်လက်ပစ်ခတ် တိုက်ခိုက်မည်။

ချဲယွင်ထိန်က ဤအတိုင်း စိတ်ကူးလိုက်သည်။

ထိုသို့ ဆုံးဖြတ်ထားသော်လည်း ချဲယွင်ထိန်အဖို့ ပျံလွှားမြီး အဆိပ်အပ်ဖြင့် ပစ်ခတ်တိုက်ခိုက်ရန် ခက်နေသည်။

သူသည် တောင်ဝှေးလွန်းပျံသိုင်းဖြင့် တိုက်ကွက် ဆင်ရာတွင် လက်နှစ်ဘက်လုံး အသုံးပြုရသည်။

အခြားတောင်ဝှေး သိုင်းကွက်များတွင် မြွေရှပ်တောင်ဝှေးကို ညာလက်ဖြင့်သာ ကိုင်ဆောင်ကာ တိုက်ခိုက်နိုင်သည်။

တောင်ဝှေးလွန်းပျံသိုင်းတွင်တော့ ဤသို့မဟုတ်။

ဘယ်လက်ရော ညာလက်ပါသုံးကာ တောင်ဝှေးကို ကိုင်ရှယ်လှုပ်ရှားရသည်။

ထို့ကြောင့်....

ချယ်ွင်ထိန်မှာ ပျံလွှားမြီးအဆိပ်အပ်ကို ဆွဲထုတ်ရန် လက်မအားနိုင်ပဲ ရှိနေသည်။

ချယွှင်ထိန်သည် အပြင်းထန်ဆုံးသော တိုက်ကွက်သုံးကွက်ဆင့် တိုက်ခိုက်လိုက်သည်။

ပြီးလျှင်....

ဘယ်လက်ဖြင့် ပျံလွှားမြီး အဆိပ်အပ်များကို နှိုက်ယူလိုက်သည်။

ညာလက်ကမူ....

မြွေရှပ်တောင်ဝှေးကိုကိုင်ပြီး ဆက်သက်ခုတ့်ယမ်း တိုက်ခိုက်နေသည်။





ထိုသို့ ညာလက်တဘက်တည်းဖြင့်သာ ကိုင်တွယ်တိုက်ခိုက်သောကြောင့် တောင်ဝှေးရိုက်ချက်အားမှာ ယုတ်လျော့သွားခဲ့သည်။

ဤတွင် မိန်းမပျို၏ ဓားချက်သည် တောင်ဝှေး ရိုက်ချက်များကြားမှ တိုးဝင်ကာ ချယွင်ထိန်၏ ညာဘက်ပခုံးကို ခုတ်မိသည်။

ခုတ်ရာတွင်လည်း ရိုးရိုးခုတ်မိခြင်းမဟုတ်။

ပခုံးပေါ်ရှိ သွေးကြောကွက်နေရာကိုတိကျစွာထိုးခုတ်မိခြင်းဖြစ်သည်။

သွေးများ ထွက်လာသည်။

"အား...."

ချယွင်ထိန်သည် နာကြင်လှသောကြောင့် ပါးစပ်မှ အော်လိုက်မိသည်။

ချယွင်ထိန်၏ ညာလက်ဘွင်ကိုင်ထားသော မြွေရှပ်တောင်ဝှေး လက်မှလွှတ်ကျသွားသည်။

ချင်ယွထိန်၏ တကိုယ်လုံးလည်း ထုံကြင်သွားသည်။

ထိုအချိန်တွင် ချယွင်ထိန်သည် အတင်းပင်အားခဲကာ ဘယ်လက်ကို လှုပ်ရှားလိုက်သည်။

× × ×

## အခန်း (၂၀)

စူးရှသော အော်သံကြား၍ လှမ်းကြည့် လိုက်ကြသော ကွမ်းစုန်ကျင်တို့သည် ခဲ့ယွင်ထိန်၏ညာဘက်ပခုံးတွင် သွေးများ စိုနေသည်ကို တွေ့ရသည့်အတွက် အံ့ဩသွားကြသည်။

ထိုအချိန်မှာပင်....

ခဲ့ယွင်ထိန်၏ဗယ်လက်လှုပ်ရှားလိုက်သည်ကို မြင်ရပြန်သည်။

တဆက်တည်းပင်....

"ပျံလွှားအဆိပ်အပ်တွေ သတိထား"

ဟူသော မိန်းမပျို၏ အော်ဟစ်သံ ပေါ်လာသည်။

F.13

နေမင်းနိုင်စာစဉ်

ကွမ်းစုန်ကျင်သည် လှေဝကို အသာတွန်းထုတ်ပြီး ကိုယ်တိုင်လည်း မြေကြီးပေါ် လှမ်းချလိုက်သည်။

ကျန်လူများလည်း အသီးသီး အလန့်တကြားပင် ရှောင်တိမ်းလိုက်ကြသည်။

ချဲယွင်ထိန်သည် ဗယ်လက်ဖြင့် ပျံလွှားမြီး အဆိပ်အပ်များနှင့် ဂုဏ်ထုဂုဏ်ခတ်ပြီးနောက် ချာကနဲလှည့်ကာ သုတ်ခြေတင်ပြေးသည်။

ညာဘက်ပခုံးပေါ်မှ သွေးကြောကွက် နေရာ တည့်တည့် ဓားချက်ထိထားသည်မို့ အားအင်က အစကလို မရှိ။

ခြေလှမ်းများက သိပ်မသွက်လက်တော့။

မိန်းမပျိုက လှစ်ကနဲ ကိုယ်ကိုလှုပ်ရှားလိုက်သည်။

မိန်းမပျိုသည် ချဲယွင်ထိန်၏ နောက်နားသို့ ချဉ်းကပ်ရောက်ရှိသည်။

ပြီးနောက်၊

ချဲယွင်ထိန်၏ ပျော့ခွေခွေကြောကို ထိုးပိတ်လိုက်သည်။

ချဲယွင်ထိန် ဆက်မပြေးနိုင်တော့။





ပျော့ခွေကာလဲကျသွားသည်။

ကွမ်းစုန်ကျင်သည် မြေပြင်တွင် လှိမ့်ကာ ရှောင်တိမ်းရာမှ အသာခုန်ထလိုက်သည်။

ကွမ်းစုန်ကျင်သည် သက်ပြင်းတချက်ချလိုက်ကာ၊

"ချဲယွင်ထိန်ပစ်လိုက်တဲ့ ပျံလွှားမြီးအဆိပ်အပ်တွေက အားပျော့နေတယ် ဒါကြောင့် ကျုပ်တို့ရှောင်နိုင်တာပဲ မဟုတ်ယင် မလွယ်ဘူး"

ဖိုန့်စစ်ချန်းကလည်း၊

"ဟို မိန်းမပျိုလက်ချက်ကြောင့် သူဒဏ်ရာရပြီး အားကုန်ခန်းနေလို့ ပျံလွှားမြီး အဆိပ်အပ် ပစ်လွှတ်တဲ့နေရာမှာ အားပျော့သွားတာပါ၊ ကျုပ်တို့ကို ဒီမိန်းကလေးက ကယ်တင်ပေးလိုက်တာပဲ"

ဟို့တုန်းနှင့် ကျန်းကြည်တင်းတို့ကလည်း ခေါင်းများညိတ်လိုက်ကြသည်။

မိန်းမပျို၏ဓားချက်သာမဆိုစလောက်လေးနောက်ကျသွားလျှင်၊ မိမိတို့ ပျံလွှားမြီး အဆိပ်အပ် အထိခံရမည်ဖြစ်ကြောင်း ကောင်းကောင်းသိကြသည်။

ကျွန်းကြည်တင်းက မိန်းမပျိုကို လှမ်းကြည့်လိုက်သည်၊

မိန်းမပျိုသည် အကြောပိတ်ခံရပြီး လဲကျနေသော ခြုံယှဉ်ထိန်၏ ဘေးနားတွင်ရပ်နေသည်။

မိန်းမပျို၏ မျက်နှာမှာ ညိုရောင်သန်းနေသည်။

အသက်ကိုလည်း ခပ်ပြင်းပြင်းရှူနေသည်။

မိန်းမပျို၏ ကိုယ်မှာလည်း ဒယီးဒယိုင်နှင့်။

ပြိုလဲကျတော့မည့် အသွင်။

ကျွန်းကြည်တင်းက မိန်းမပျိုကိုပြေး၍ ဖေးမပေးမည်ကြံသည်။

သို့သော်....။

သူ့ထက်အလျင်ဦးသူရှိနေသည်။

ထိုသူမှာ၊

မိန်းကလေး လုဝေပင်ဖြစ်သည်။

× × ×





လုဝေက မိန်းမပျိုကို အသာ ဖေးမပေးလိုက်သည်။

ကွမ်းစုန်ကျင်က မိန်းမပျိုကို လှမ်းကြည့်ပြီး၊

"မိန်းကလေး ဘယ်လိုနေသလဲ နေလို့ကောင်းရဲ့လား"

မိန်းမပျိုက အားယူကာ ပြန်ပြုံးပြသည်။

"ခေါင်းနည်းနည်းမူးနေတာပါ၊ အေးအေးဆေးဆေး အနားယူလိုက်ပြီးယင် သက်သာသွားပါလိမ့်မယ်"

မိန်းမပျို၏ စကားသံမှာ သိသိသာသာ အားနည်းနေသည်။

ကွမ်းစုန်ကျင်က မျက်မှောင်ကြုတ်ကာ၊

"မင်းကိုကြည့်ရတာ အားနည်းနေသလိုပဲ"

မိန်းမပျိုက ခေါင်းညိတ်ကာ၊

"ကျွန်မ အစွမ်းကုန် တိုက်ခိုက်လိုက်လို့ အားတော့ အတော်ကုန်သွားတာ အမှန်ပဲ၊ အင်း.... နတ်ဆိုးကြီး ခြုံယှဉ်ထိန် ဒီတခါ တကယ်ပဲ အမိုက်ဇာတ်သိမ်းရတော့မယ်၊ ကျွန်မအနေနဲ့ ရှင်တို့ရဲ့ အသက်ဘေးအန္တရာယ်ကို ကာကွယ်ပေးရတာ သိပ်ကို ဝမ်းသာတယ်၊ ကျွန်မပေးထားတဲ့ကတိကိုဖျက်ပြီး...."

ညှိမျှသာပြောနိုင်သည်။

မဆက်နိုင်တော့။

မိန်းမပျို၏ ပါးစပ်မှ သွေးများအန်လာသည်။

လက်တွင်ကိုင်ထားသော လခြမ်းဓားလည်း လွတ်ကျသွားသည်။

ပြီးတော့....၊

သတိလစ်ကာ မေ့မြောသွားသည်။

လုဝေက အသာဖေးမထားသောကြောင့် မိန်းမပျိုမှာ မြေကြီးပေါ် လဲပြိုသွားခြင်း မရှိပေ။

ထို့ပြင်။

အိမ်ဆောင်လေးထဲမှ အစိမ်းရောင်ဝတ်စုံဝတ် မိန်းကလေးနှစ်ယောက်လည်း ပြေးထွက်လာကြသည်။

ထိုမိန်းကလေးနှစ်ယောက်က လုဝေနှင့်အတူ မိန်းမပျိုကို ဖေးမပွေ့ထူထားလိုက်ကြသည်။

"သမီးလေးဝေ ဒီမိန်းမပျိုကို အခန်းထဲ ခေါ်သွားပါ၊ အေးအေးဆေးဆေး အနားယူပါစေ၊ ဘိုးဘိုးလည်း လိုက်လာခဲ့ပါ့မယ်၊ သူ့ကိုနောက်တခါထပ် ဆေးကုသပေးရဦးမယ်"

ကွမ်းစုန်ကျင်ကပြောလိုက်သည်။





လုဝေက ခေါင်းညိတ်ပြပြီး၊

"ဟုတ်ကဲ့ ဘိုးဘိုး"

လုဝေသည် အစိမ်းရောင်ဝတ်စုံဝတ်မိန်းကလေးနှစ်ယောက် အကူအညီဖြင့် မိန်းမပျိုကို အိမ်ဆောင်လေးထဲသို့ မ,ယူခေါ်ဆောင်သွားသည်။

× × ×

# အခန်း (၂၁)

လုံဝေသည် မိဘမဲ့ကလေးတယောက်ဖြစ်သည်။

လုံဝေကို ငယ်ရွယ်စဉ်ကပင်၊ ကွမ်းစုန်ကျင်က ကောက်ယူ ကျွေးမွေး စောင့်ရှောက်ထားခဲ့သည်။

"လုံဝေက ကွမ်းစုန်ကျင်ကို 'ဘိုးဘိုး' ဟုခေါ်သည်။

သို့သော်....

သူ့စိတ်ထဲမှာတော့ ကွမ်းစုန်ကျင်ကို ဖခင်အဖြစ် မှတ်ယူ ထားသည်။

ကွမ်းစုန်ကျင်တွင် အိမ်တောင်မရှိပေ။

ထို့ကြောင့်။

စန္ဒမှင်းနိုင်စာပေ

လုဝေအဖို့သည်း မိခင်အဖြစ် သတ်မှတ်စရာအမျိုးသမီး မရှိဖြစ်ခဲ့ရသည်။

လုဝေသည် မိခင်မေတ္တာ ငတ်နေခဲ့သည်။

ကွမ်းစုန်ကျင်က လုဝေ၏ စိတ်ချမ်းသာမှုအတွက် အစွမ်းကုန်စိစဉ် လုပ်ဆောင်ပေးထားသည်။

ရှံရွှေဖော် မိန်းကလေးနှစ်ယောက်ကို လုဝေအနားတွင် ရှိနေစေသည်။

အစားအသောက်၊ အဝတ်အဆင်၊ အနေအထိုင် ဘာမှလိုလေသေးမရှိ။

ရှံရွှေဖော် မိန်းကလေးနှစ်ယောက် မှာ လု ဝေ ထက် အသက် လေးငါးနှစ်သာကြီးသည်။

သူတို့နှင့် လုဝေသည် စကားပြောဆို၊ ရယ်မောပျော်ရွှင်နေနိုင်သည်။

စားဖို့လည်း မပူရ။

ဝတ်ဖို့လည်း မပူရ။

သို့သော်....

မိခင်၏ အေးမြကြည်လင်သော မေတ္တာကိုကား လုဝေ မခံစားခဲ့ရ။



လုဝေသည် မိခင်တယောက်ယောက်ကိုတမ်းတနေခဲ့မိသည်။

ယခု။

လူနာမိန်းမပျိုကိုတွေ့ရှိခဲ့ရပြီးနောက် လုဝေသည် မိခင်ပမာချစ်ခင်ကြည်ညိုနေမိသည်။

ထို့ကြောင့်လည်း။

မိမိနှင့်အတူ နေ့ထိုင်ပါရန် ပြောဆိုတောင်းပန်ခဲ့သည်။

မိန်းမပျိုနှင့် ချဲ့ယွင်ထိန်တို့ အသေအလဲ တိုက်ခိုက်မှုကို လုဝေ ရင်တထိတ်ထိတ်ဖြင့် ကြည့်နေမိသည်။

စိတ်ထဲမှလည်း....

"မေမေကြီး နိုင်ရပါစေ၊ မေမေကြီး အနိုင်ရပါစေ"

ဟု ကြိတ်ကာ ဆုတောင်းနေမိသည်။

လုဝေက မိန်းမပျိုကို 'ဒေါ်ဒေါ်'ဟု ခေါ်ခဲ့သည်။

သို့သော်....

စိတ်ထဲကမူ မိခင်တယောက်အဖြစ် မှတ်ယူထားသည်။

ထို့ကြောင့်လည်း စိတ်ထဲမှကြိတ်ကာ ဆုတောင်းရာတွင် 'မေမေကြီး'ဟု သုံးနှုန်းခြင်းဖြစ်သည်။

ချဲ့ယွင်ထိန်ကို မိန်းမပျိုက အနိုင်ရလိုက်သည်ကို မြင်ရသောအခါ။

နေမင်းနိုင်စာပေ

လုဝေ အလွန်ဝမ်းသာခဲ့သည်။

သို့သော်....

မိန်းမပျို၏ အခြေမဟန်သည်ကို မြင်ရပြန်တော့။

လုဝေ စိုးရိမ်ရသည်။ ပူပန်ရသည်။

ယခုလည်း ကြည့်ပါအုံး။

မိခင်မေတ္တာငတ်မလေး လုဝေတယောက်ရယ်။

မိန်းမပျို လဲလျောင်းနေသော ခုတင်ဘေးတွင် မျက်နှာငယ်လေးနှင့် ထိုင်နေသည်။

လုဝေ၏ မျက်လုံးများထဲတွင် မျက်ရည်တွေ ရစ်ဝဲနေသည်။

သတိလစ် မေ့မြောနေသော မိန်းမပျိုကို မျက်ရည်ဝဲသော မျက်လုံးများနှင့် ကြည့်နေသည်။

ရံရွှေဖော် မိန်းကလေးနှစ်ယောက်က ဘေးနားတွင် ငြိမ်သက်စွာ ရပ်နေကြသည်။

လုဝေတို့သည် ကွမ်းစုန်ကျင်တို့ ရောက်အလာကို စောင့်နေကြသည်။

× × ×





မကြာပါ....

ကွမ်းစုန်ကျင်နှင့် ဖိန်စစ်ချန်းတို့ အခန်းထဲသို့ ဝင်ရောက်လာကြသည်။

ကွမ်းစုန်ကျင်က ဆေးသေတ္တာကို ကိုင်ထားသည်။

ဖိန်စစ်ချန်းကမူ မိန်းမပျို၏ လခြမ်းဓားကို ယူလာသည်။

ကွမ်းစုန်ကျင်က ဆေးသေတ္တာကို ခုတင်ဘေးရှိ စားပွဲပေါ်တွင်တင်သည်။

ပြီးနောက်....

မိန်းမပျိုကို သေသေချာချာ စမ်းသပ်ကြည့်သည်။

အခန်းထဲတွင် တိတ်ဆိတ်နေသည်။

ထိုအခန်းထဲရှိ လူအားလုံးသည် ကွမ်းစုန်ကျင်ကိုသာကြည့်နေကြသည်။

ကွမ်းစုန်ကျင်၏ မျက်နှာမှာ ပကတိ တည်ငြိမ်သည်။

ဝါရင့်သမားတော်ကြီး ပီသလှသည်။

မည်သို့မျှ မလှုပ်ရှား။

ဘယ်လိုမှ ဣန္ဒြေမပျက်။

တည်တည်ငြိမ်ငြိမ်ပင် စမ်းသပ် ကြည့်နေသည်။

မိန်းမပျို၏ ခန္ဓာကိုယ်တွင် သွေးလေလည်ပတ်မှုများ ပုံမှန်မရှိ။

လမ်းကြောင်းများ လွဲနေသည်။

အတွင်းဒဏ် ရထားခြင်းဖြစ်ကြောင်း ကွမ်းစုန်ကျင်သိလိုက်ရသည်။

မိန်းမပျိုမှာ အဆိပ်ပြေပျောက်ပြီးကာစ ဖြစ်သည်။

သည်လိုအခြေအနေမျိုးတွင် အတွင်းဒဏ် ထပ်မံရရှိပြန်ရာ....

စမ်းသပ်မှုများပြီးသွားသည်။

ကွမ်းစုန်ကျင်က ဘာမျှမပြောသေး။

စဉ်းစားနေသည်။

ဖိန်စစ်ချန်းသည် မစောင့်နိုင်တော့ပဲ၊

"မိန်းမပျိုကို အသက်ကယ်လို့ ရပါဦးမလား"

ဖိန်စစ်ချန်းက ကွမ်းစုန်ကျင်၏ အနားသို့ ချဉ်းကပ်သွားကာ ခပ်တိုးတိုး မေးလိုက်သည်။

ခပ်တိုးတိုး မေးလိုက်သော်လည်း တိတ်ဆိတ် နေချိန်မို့ လုဝေတို့လည်း ဖိန်စစ်ချန်း၏အမေးစကားကို ကောင်းကောင်းကြားကြရသည်။



လုဝေတို့သည် ကွမ်းစုန်ကျင်၏အဖြေကို ရင်တထိတ်ထိတ်နှင့် စောင့်နေကြသည်။

ကွမ်းစုန်ကျင် မည်သို့ အဖြေပေးမည်နည်း။

အဖြေမည်သို့ရှိမည်နည်း။

× × ×

## အခန်း(၂၂)

ကွမ်းစုန့်ကျင်သည် သက်ပြင်းတချက်ချလိုက်ပြီး....၊

"သူဟာ အဆိပ်ဒဏ်ကို ပြင်းပြင်းထန်ထန် ခံခဲ့ရတာ ခင်ဗျားတို့အသိပဲ၊ အဲ အဆိပ်ဒဏ်ပျောက်ကင်းပြီးစ အနားယူအားမွေးရမယ့် အချိန်မှာ ရှိသမျှအားတွေ အကုန်စုစည်းအသုံးချပြီး တိုက်ပွဲဝင်ခဲ့တယ်၊ သူတိုက်ပွဲကို ကြည့်တောင်မကြည့်ပဲ မျက်စိမှိတ်နေတာကိုတွေ့ရတုန်းက သူ့ကိုနေနိုင်လိုက်တာဆိုပြီး ဂရုဏာဒေါသ ဖြစ်ရသေးတယ်၊ အခုမှသူက အတွင်းအား အရနိုင်ဆုံး စုစည်းနေတာမှန်း သိရတယ်"

ကွမ်းစုန့်ကျင်က ဆက်လက်၍၊

"ချဲယွင်ထိန်နဲ့ အကြိတ်အနယ် တိုက်ခိုက်ရတော့ အားသိပ်ကုန်ခဲ့တယ်၊ သူဟာအားတင်းပြီး ချဲယွင်ထိန်ကို အနိုင်ရတဲ့အထိ အတင်းကြိုတ်မှိတ်တိုက်ခဲ့တယ်၊ အဲဒီလို လုပ်ခဲ့တဲ့အတွက် အခု သူဟာအားအင်သိပ်ကိုကုန်ခန်းနေပြီ၊ သက်စောင့်အားတောင် မကျန်တော့ဘူး၊ ဒီကြားထဲ သွေးလည်ပတ်မှုကလည်း လမ်းကြောင်းတွေအတော်လွဲနေတယ်၊ ဒါကြောင့်..."

ကွမ်းစုန်ကျင်က စကားကိုမဆက်သေးပဲ အသာရပ်ထားလိုက်သည်။

"ဒါကြောင့် ဘာဖြစ်လဲဟင် ဘိုးဘိုး ပြောစမ်းပါဦး"

လုဝေကမေးလိုက်သည်။

ကွမ်းစုန်ကျင်က ခေါင်းကိုခါယမ်းပြီး၊

"ဒီမိန်းမပျို့ရဲ့ အသက်ကို ကယ်ဖို့ မလွယ်တော့ဘူး"

ဖိန်စစ်ချန်း မျက်နှာပျက်သွားသည်။

အံကြိတ်လိုက်မိသည်။

လက်သီးကို ဆုပ် လိုက်မိသည်။

ဖိန်စစ်ချန်း၏ မျက်လုံးအိမ်များတွင် မျက်ရည်များ ဝဲလာသည်။





ဖိန်စစ်ချန်းမှာ တကယ့် သိုင်းသမားကြီး တယောက် ဖြစ်သော်လည်း စိတ်ထိခိုက်မှုကို မဖုံးကွယ်နိုင်။

လုဝေမှာမူ ဆိုဖွယ်မရှိတော့။

လုဝေသည် တအင့်အင့် ရှိုက်ငိုယင်း....၊

"ဘိုးဘိုးရယ် သူ့အသက်ကို ပြန်ရှင်လာအောင် ကူပေးပါနော်၊ ကူပေးပါ ဘိုးဘိုးရယ်"

ရုံရွှေဖော်မိန်းကလေးနှစ်ယောက်မှာလည်း ခေါင်းငုံ့ကာ ငိုရှိုက်နေကြသည်။

ကွမ်းစုန်ကျင်သည် လူနာမိန်းမပျို့ကို အမှတ်မထင် လှမ်းကြည့်လိုက်သည်။

ဘယ်အချိန်က သတိရနေသည်မသိ။

မိန်းမပျို့က မျက်လုံးများပွင့်နေသည်။

မိန်းမပျို့က အားပျော့သော အပြုံးတချက်ပြုံးလိုက်ပြီး၊

"ကျွန်မဒဏ်ရာ သိပ်ဆိုးရွားနေပါတယ်၊ ကုလို့ ရနိုင်မယ် မထင်ပါဘူး၊ အခုလို တဘ်နိုင်သုံးလုပ်ဆောင်ပေးတာ ကျေးဇူးတင်ပါတယ်၊ ကျွန်မအတွက် ဒုက္ခရှာမနေပါနဲ့တော့၊ ရှင်တို့ကို ဘေးအန္တရာယ် မကျရအောင် ကာကွယ်ပေးနိုင်တာကိုပဲ ကျွန်မ ဝမ်းသာပါတယ်...."

စကားအဆုံးတွင် မိန်းမပျို့၏ မျက်စိပြန်မှိတ်သွားသည်။

× × ×

မိန်းမပျို သတိတချက်ပြန်ရလာသောကြောင့် ကွမ်းစုန်ကျင် အံ့ဩသွားရသည်။

မိန်းမပျို၏ အခြေအနေမျိုးမှာ သတိရလာနိုင်စရာ အကြောင်း မရှိတော့။

စကားပြောဆိုဖို့ဆိုသည်ကား ဝေးလှသည်။

ကွမ်းစုန်ကျင် ခေါင်းထဲတွင် တစုံတခုကို စဉ်းစားမိလာသည်။

မိန်းမပျို၏ အခြေခံ အတွင်းအားမှာ သူထင်ထားသည်ထက်ပင် များစွာ သာလွန်ကောင်းမွန်နေသည်။

ထိုသို့ အခြေခံအတွင်းအား ကောင်းသောကြောင့်မိန်းမပျို သတိပြန်ရလာခြင်းဖြစ်သည်။

အခြေခံ အတွင်းအားကို နှင်းကြာသီး၏ အာနိသင်ဖြင့် ထောက်ကူပေးနိုင်သော်....

အကျိုးထူးတခုခုတွေ့ရမည်မလွဲ။

သို့သော်....။

ကွမ်းစုန်ကျင်ထံတွင် နှင်းကြာသီး တခုတည်းသာရှိသည်။

ထိုတခုတည်းသော နှင်းကြာသီးမှာလည်း၊





မိန်းမပျိုတွင် သင့်နေသော ပျံလွှားမြွေ အဆိပ်အပ်ကို အဆိပ်ဖြေ ကုသရာတွင် အသုံးချပြီးခဲ့လေပြီ။

ကွမ်းစုန်ကျင် ဆက်စဉ်းစားသည်။

နှင်းကြာသီးကို ကိုက်ကျွေးပြီးနောက် ကြွင်းကျန်သည့် အပြင်လွှာအခွံကို သိမ်းထားသေးသည်ကို အမှတ်ရလာသည်။

ထို အပြင်လွှာ အခွံမှာလည်း အာနိသင် အတော်ပင်ရှိသည်။

"သူ့ကို အသက်ကယ် ကုသနိုင်မယ့် လမ်းစတော့စဉ်းစားမိပြီ၊ ခဏလေး၊ ခဏလေး"

ကွမ်းစုန်ကျင်က ပြောသည်။

ကွမ်းစုန်ကျင်၏စကားကြောင့် အားလုံးပင် ဝမ်းသာအားတက်လာသည်။

မျှော်လင့်ချက် ကင်းမဲ့နေရာမှ မျှော်လင့်ချက်ရောင်ခြည် သန်းလာပြီ မဟုတ်ပါလား။

× × ×

ကွမ်းစုန်ကျင်သည်၊ နှင်းကြာသီးအပြင်လွှာအခွံကို အစိတ်သုံးကာ ဆေးတဖုံအမြန်ဖော်စပ်သည်။

အခြားအခွမ်းထက်မြက်သည့် အသက်ကယ်ဆေးများကိုရောထည့်သည်။

မကြာပါ။

ဆေးတခွက်ကျိုပြီးသွားသည်။

"သမီးလုဝေ ဒီဆေးကိုတိုက်လိုက်ပါ"

ကွမ်းစုန်ကျင်က ဆေးခွက်ကို လုဝေအား ပေးလိုက်ပြီးပြောသည်။

ပြီးနောက်....။

ကွမ်းစုန်ကျင်သည်၊ လူနာမိန်းမပျို၏ပါးစပ်ကို အသင့်ဖြစ်စေရန် ဆွဲဟပေးသည်။

လုဝေက ဆေးရည်ကို မိန်းမပျို၏ ဟနေသောပါးစပ်ထဲသို့ တစက်ချင်းလောင်းချပေးသည်။

လုဝေသည် ဆေးရည်တခွက်လုံးကုန်စင်အောင် စိတ်ရှည်ရှည်ပင်တိုက်ကျွေးပေးသည်။

ဆေးရည်တိုက်ကျွေးပြီးသောအခါ၊ ကွမ်းစုန်ကျင်က။





"သမီးလေဝေ၊ သူ့ကိုကောင်းကောင်းကြည့်ရှုပေးပါ၊ အခုတိုက်ကျွေးလိုက်တဲ့ဆေးရည် အစွမ်းထက်မထက်တော့ ဘိုးဘိုး ခန့်မှန်းဖို့ခက်တယ်၊ ဒါပေမယ့် ဒီမိန်းမပျို့ရဲ့အခြေခံအတွင်းအားဟာ သိပ်ကိုမြင့်မားနက်ရှိုင်းတယ်၊ သူ့အခြေခံ အတွင်းအားနက်ရှိုင်းမှုနဲ့ နှင်းကြာသီးရဲ့အာနိသင် ထက်မြက်မှုကို အခြေခံပြီး ဆေးဖော်စပ် တိုက်ကျွေးခဲ့တာပဲ။ ဒီဆေးကြောင့် သူ့အသက်အန္တရာယ်ကလွတ်ချင်လဲလွတ်မယ်၊ ဒီဆေးဟာ နောက်ဆုံးမျှော်လင့်ချက်ပဲ။ ဒီနေ့ညသန်းခေါင်ယံအချိန်ကျလို့မှ သူသတိပြန်မရလာဘူးဆိုယင်တော့ မျှော်လင့်ချက် မရှိတော့ဘူး။ ညသန်းခေါင်ယံမတိုင်မီ သတိရလာမယ်ဆိုယင်တော့ ဘာမျှမစိုးရိမ်နဲ့တော့၊ သမီးလေးဝေ စောင့်ကြည့်နေ ဟုတ်လား"

လုဝေ ခေါင်းညိတ်ပြပြီး....

"ဟုတ်ကဲ့ ဘိုးဘိုး"

လုဝေအား ပြောဆိုမှာကြားပြီးနောက်၊ ကွမ်းစုန်ကျင်နှင့် ဖိန်စစ်ချန်းတို့သည်၊ အခန်းထဲမှထွက်လာခဲ့ကြသည်။

သူတို့နှစ်ယောက် ဧည့်ခန်းဆောင်တွင်ထိုင်ကာ စကားပြောဆိုနေကြသည်။

ခဏအကြာတွင်....။

ဟိုတုန်းနှင့် ကျန်းကြည်တင်းတို့နှစ်ယောက် ပြန်ရောက်လာကြသည်။

သူတို့နှစ်ယောက်သည်၊

နတ်ဆိုး ကြီးချဲ့ယွင်ထိန်ကို လန်ယန်မြို့သို့ခေါ်သွားပြီး သက်ဆိုင်ရာများလက်သို့အပ်ရန် သွားရာမှ ပြန်ရောက်လာကြခြင်းဖြစ်သည်။

သူတို့နှစ်ယောက်မှာ နေပြည်တော်မှ ရာဇဝတ်မှုနှိမ်နင်းရေး တပ်ဖွဲ့ဝင်များဖြစ်ကြသည်။

ထို့ကြောင့်။

အမိုက်တကောင့်ထိပ်ခေါင် အနက်ရောင် သိုင်းသမားဆိုးကြီး ချဲ့ယွင်ထိန်ကိုဖမ်းဆီးကာ သက်ဆိုင်ရာများလက်သို့ အပ်ခဲ့ခြင်း ဖြစ်သည်။

နတ်ဆိုးကြီး ချဲ့ယွင်ထိန် ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက်၊ သက်ဆိုင်ရာများက တရားဥပဒေနှင့်အညီ စစ်ဆေးအပြစ်ဒဏ်ချမှတ်ပေမည်။

ညစာခန်းဆောင်ထဲရောက်လာသည်နှင့် ကျန်းကြည်တင်းက။

"ဟို မိန်းမပျိုရဲ့အခြေအနေ ဘယ်လိုရှိသလဲ ဆရာကြီး"

ဟု မေးသည်။

ဟို့တုန်းကလည်း....။

"ကျွန်တော်တို့မှာ ဝတ္တရားအရသာထွက်သွားရတယ်၊ အဲဒီမိန်းမပျိုအတွက် စိတ်မအေးဘူး၊ သူ့ကို ထပ်ပြီး ကုသလို့ရနိုင်တယ်မဟုတ်လား"

ကွမ်းစုန်ကျင်က သက်ပြင်းတချက်ချလိုက်သည်။

ပြီးနောက်။





"သူ့ရဲ့အခြေခံအတွင်းအားက သိပ်ကိုကောင်းတယ်၊ ကျုပ်ကလဲ နှင်းကြာသီးအပြင်လွှာအခွံကိုအခြေခံပြီး အထူးအသက်ကယ်ဆေးဖော်စပ် တိုက်ကျွေးထားတယ်။ အခုထက်ထိတော့ သတိမရသေးဘူး။ ဒီညသန်းခေါင်ယံအထိ စောင့်ကြည့်ရမှာပဲ၊ ညသန်းခေါင်ယံမတိုင်မီ သတိပြန်ရယင်တော့ ဘာမှစိုးရိမ်စရာမရှိတော့ဘူး"

"သူ့အနားမှာ ဘယ်သူစောင့်နေလဲ"

ကျန်းကြည်တင်းကမေးသည်။

"လုဝေကို အစောင့်ခိုင်းထားပါတယ်၊ ကျုပ်တို့ကတော့ ဒီကပဲစောင့်နေကြတာပေါ့"

"ဟုတ်ကဲ့ သန်းခေါင်မတိုင်မီ သူသတိပြန်ရလာပါစေလို့ပဲ ဆုတောင်းရမှာပဲ"

"ဒါပေါ့ကွယ်"

× × ×

## အခန်း (၂၄)

မိန်းကလေးလုဝေ။

ခုတင်ဘေးရှိထိုင်ခုံတွင်ထိုင်နေသည်။

ခုတင်ပေါ်တွင်တော့ မိန်းမပျိုမှာ ပက်လက် လဲလျောင်းလျက်သားရှိနေသည်။

လုဝေသည်အသက်ပင်ငယ်သော်လည်း၊ ဉာဏ်ရည်ထက်မြက်သည်။

အရွယ်နှင့်မလိုက်အောင်ပင် တတ်သိသည်။ နားလည်သည်။

သမားတော် သိုင်းသမားကြီး ကွမ်းစုန်ကျင်နှင့်အတူ နေခဲ့ရသူမို့၊ ဆေးပညာနှင့် သိုင်းပညာတို့အကြောင်း အတော်လေးသိကျွမ်းသည်။

လူကဲခတ်လည်းမညံ့။

စောစောက ချဲယွင်ထိန်နှင့်တိုက်ခိုက်ခဲ့သည့်တိုက်ပွဲကို လုဝေသေသေချာချာကြည့်ရှုခဲ့ရသည်။

ချဲယွင်ထိန်ကို သူမ၏ဘိုးဘိုး ကွမ်းစုန်ကျင်နှင့်ဖိန်စစ်ချန်းတို့ မယှဉ်နိုင်သည်ကို လုဝေသိခဲ့ရသည်။

ထို့ပြင်....။

ကွမ်းစုန်ကျင်၊ ဖိန်စစ်ချန်း၊ ဟို့တုန်းနှင့်ကျန်းကြည်တင်းတို့ လေးယောက်ပူးပေါင်းတိုက်ခိုက်သည့်တိုင်၊ ချဲယွင်ထိန်ကိုမထိမ်းနိုင်ခဲ့။

သို့သော်....။

ဤမိန်းမပျိုက ချဲယွင်ထိန်ကို အနိုင်ယူနိုင်ခဲ့သည်။

မိန်းမပျိုသည် ကျန်းကျန်းမာမာလန်းလန်းဆန်းဆန်းလည်း မဟုတ်။

အဆိပ်ဒဏ်မှ သက်သာပျောက်ကင်းကာစ။





မိန်းမပျို ကိုင်ဆောင်သည်ကလည်း နှစ်ပေသာသာခန့်သာရှိသည့်ဓား။

ချဲယွင်ထိန်ကိုင်သည်က ငါးပေကျော်ရှည်ပြီး တုတ်ခိုင်လေးလံလှသော တောင်ဝှေး။

ဤလို အခြေအနေမျိုးဖြင့်ပင် မိန်းမပျိုသည် ချဲယွင်ထိန်ကို အနိုင် တိုက်ခိုက်နိုင်ခဲ့သည်။

ထို့ကြောင့်၊

မိန်းမပျိုသိုင်းပညာမှာ ဘိုးဘိုး ကွမ်းစုန်ကျင်၊ ဘဘ ဖိန်စစ်ချန်းတို့ထက် သာလွန်ရမည်ဟု လုဝေအကဲခတ်မိသည်။

ထို့ပြင်၊

မိန်းမပျို ရုပ်ရည်သွင်ပြင်မှာလည်း မွန်ရည်သည်။

မိန်းမကောင်း မိန်းမမြတ်၏ သွင်ပြင်မျိုးဖြစ်သည်။

လုဝေသည် မိန်းမပျိုအပေါ်-

အထူးပင် ခင်မင်လာသည်။

တွယ်တာလာသည်။

ချစ်ခင်လာသည်။

မိန်းမပျိုသည် မိမိ၏မိခင်ဖြစ်ပါစေဟုပင် တမ်းတမ်းတတ ဆုတောင်းမိသေးသည်။

ဤမိန်းမပျိုတွင် မိခိနှင့်ရှယ်တူလောက်ဖြစ်သည့် သမီးလေး ရှိပြီး ကွဲကွာပျောက်ဆုံးနေသည်ကိုသိရပြန်သည့်အတွက် လုဝေမှာ ပို၍ပင်စာနာကာ သနားမိသည်။

မိန်းမပျိုကိုကြည့်ရှုစောင့်ရှောက်ရန် ဘိုးဘိုး ကွမ်းစုန်ကျင်က တာဝန်ပေးသည်တွင် လုဝေ အတော်ကျေနပ်သွားသည်။

လုဝေကိုယ်တိုင်ကပင်မိန်းမပျို ကိုစောင့်ကြည့်ပြုစုပေးချင်နေသည် မဟုတ်ပါလား။

တကယ်စင်စစ်၊

ကွမ်းစုန်ကျင်ကလည်း တမင်ပင် လုဝေအား မိန်းမပျိုကို စောင့်ကြည့်ရန် တာဝန်ပေးခဲ့ခြင်းဖြစ်သည်။

ကွမ်းစုန်ကျင်တွင် ရည်ရွယ်ချက်ရှိသည်။

ကွမ်းစုန်ကျင်က လူနာမိန်းမပျိုနှင့် လုဝေတို့ကို ရင်းနှီးစေလိုသည်။

ကျွမ်းဝင်စေလိုသည်။

ထိုသို့ ရင်းနှီးကျွမ်းဝင်ပြီးပါက မိန်းမပျိုသည် လုဝေကို သမီးအဖြစ်မွေးစားခြင်း၊ သို့မဟုတ် တပည့်အဖြစ် သိမ်းသွင်းကာ သိုင်းပညာသင်ပေးခြင်းများ ပြုလိမ့်မည်ဟုလည်း ကွမ်းစုန်ကျင်က မျှော်လင့်လာသည်။





ဤသို့ဆိုလျှင်၊

မိခင်မေတ္တာ ငတ်မွတ်နေသောလုဝေအတွက် မိခင်ကောင်း တယောက်ရမည်။

သမီးဖြစ်သူပျောက်ဆုံး၍ရတက်ပွေနေသောမိန်းမပျိုအတွက် လည်း သမီးအစားရမည်။

အားလုံး အဆင်ပြေ ချောမောသွားမည် မဟုတ်ပါလော။

× × ×

နေ့တခုကုန်တော့မည်။

နေဝန်းသည် အနောက်တောင်စွယ်တွင် မေးတင်နေသည်။ တိမ်ကင်းစင်သောကောင်းကင်တွင် နေရောင်က တောက်၍ နေသည်။

ဝင်လုဆဲဆဲ နေခြည်တန်းများက ပြတင်းပေါက်မှနေ၍ အခန်းထဲသို့ ထိုးဝင်နေသည်။

ပုစွန်ဆီရောင် နေခြည်နုများက သာမော ပီတိဖြစ်ဖွယ်ရာ ဖန်တီးလျက်။

အခန်းထဲတွင်တော့ ငြိမ်နေသည်။

ခုတင်ပေါ်ကမိန်းမပျိုလည်း သတိမရသေး။

ခုတင်ဘေးရှိ လုဝေကလည်း ငြိမ်ငြိမ်လေး ထိုင်နေဆဲ။

ဆောင်းရာသီ၏နေ့တာသည် အထူးပင်တိုတောင်းသည်။

နေ့တာ အချိန်ကုန်လွယ်လှသည်။

နေစောင်းပြီ- မကြာမီမှာပင် အလင်းရောင် ကွယ်ပျောက်သွားသည်။

လှပသောဆည်းဆာအချိန် ကုန်ဆုံးသွားပြီ။

မှောင်မိုက်သော ညဥ့်လွှာရုံက ကမ္ဘာမြေကို လွှမ်းခြုံလာသည်။

နေကွယ်ကာ အမှောင်ရောက်သည်နှင့် အအေးဓာတ်ကလည်း ပေါ်လာသည်။

လုဝေ ထိုင်ရာမှ ထသည်။

ခုတင်နားသို့ ကပ်သွားကာ မိန်းမပျိုကို စောင်ဖြင့်အသာ လွှမ်းခြုံပေးလိုက်သည်။

ထို့ပြင်....

ဆီမီးခွက်ကိုလည်း မီးထွန်းညှိလိုက်သည်။

ဆီမီးရောင်ကြောင့် အခန်းထဲတွင် လင်းသွားသည်။



လုဝေသည် ခုတင်ဘေးရှိ ထိုင်ခုံတွင် အသာပြန်ထိုင်လိုက်သည်။

လုဝေမျက်နှာလေး ညှိုးနွမ်းနေသည်။

စိုးရိမ်ပူပန်သည့်သဘောက ဒေါရိပ်ဒေါရောင်များ သန်းနေသည်။

ဟုတ်သည်။

လုဝေသည်မိန်းမပျို သတိပြန်ရမလာမှာကို စိုးရိမ်နေသည်။ ယခုပင် မိုးချုပ်နေပြီ။

သန်းခေါင်ယံမတိုင်မီ မိန်းမပျို သတိ ပြန်ရနိုင်ပါ့မလား။

လုဝေ စိုးတထိတ်ထိတ်နှင့် စောင့်လင့်နေရသည်။
အချိန်များ တရွေ့ရွေ့ ကုန်သွားသည်။
အတော်ပင် ညဥ့်နက်လာပြီ။

လုဝေလည်း ရင်ထိတ်သည်ထက် ထိတ်လာသည်။
"ဟူး...."

မိန်းမပျိုပါးစပ်မှ လေတချက်မှုတ်ထုတ်သံ ပေါ်လာသည်။

လုဝေ ထိုင်ရာမှ ထလိုက်မိသည်။

မိန်းမပျိုမျက်နှာကိုလည်း စူးစူး စိုက်စိုက်ပင် ကြည့်လိုက်သည်။

မိန်းမပျို၏ပါးစပ် ပွင့်ဟလာပြီး။

"သပိုးအာစန်း....သမီး... သမီး...."

ဟု ဂရောင် ဂတမ်း အော်ခေါ်နေသည်။

မိန်းမပျိုသည်ကိုယ်ခန္ဓာကိုလည်းတချက်လူးလွန့်လိုက်သည်။

ပြီးနောက်၊

ငြိမ်သွားသည်။

မိန်းမပျိုက သတိတချက်လည်လာပြီး သူမ၏ သမီးလေးအား တမ်းတကာ ဂယောင်ဂတမ်း ရေရွတ်လိုက်သည့် အသံမှာ လုဝေ၏ရင်ထဲကို နင့်ကနဲ ဖြစ်သွားစေသည်။

မိန်းမပျို၏နောင်ရမ်းခေါ်လိုက်သည့်အသံမှာသိပ်မှကျယ်ပါ၊ ခပ်တိုးတိုးလေးသာ။

သို့သော်....

ထိုခေါ်သံတွင်၊ မိခင်တယောက်၏ မေတ္တာ ကရုဏာနှင့် သံယောဇဉ်များ အပြည့်ပါသည်။

မိန်းမပျို၏ခေါ်သံကိုကြားလိုက်ရသည်တွင် လုဝေ၏တကိုယ်လုံး နွေးထွေးသွားသည်။

မိန်းမပျို၏ မိခင်မေတ္တာကသူ့ကိုပင် လွှမ်းခြုံလာသလို လုဝေ ခံစားရသည်။





လုဝေသည် အခန်းထဲမှ ဝမ်းသာအားရပင် ပြေးထွက်လာခဲ့သည်။

ယခု သန်းခေါင်မရောက်သေး၊

သန်းခေါင်မရောက်သေး၊ မိန်းမပျို သတိတချက်ပြန်လည်လာသည်မှာ ကောင်းသောလက္ခဏာမဟုတ်ပါလား။

ဤအကြောင်းကို ဘိုးဘိုးကွမ်းစုန်ကျင်တို့အား အမြန်ဆုံးသတင်းသွားပေးရမည်။

× × ×

ဧည့်ခန်းဆောင်ထဲတွင်၊

လူစုံနေသည်။

ကွမ်းစုန်ကျင်၊ ဖိန်စစ်ချန်း ဟိုတုန်း၊ ကျန်းကြည်တင်းတို့ လေးယောက် လက်ဖက်ရည်ကြမ်းသောက်ယင်း စကားပြောနေကြသည်။

လုဝေ ပြေးဝင်လာသည်ကို မြင်ရသောအခါ....

ကွမ်းစုန်ကျင်က-

"သမီးလေးဝေ....ဘာသတင်းထူးလို့လဲ"

ကျန်လူသုံးယောက်ကလည်း လုဝေထံသို့ လှမ်းကြည့်လိုက်သည်။

လုဝေ၏အဖြေစကားကို အားလုံးနားစွင့်နေကြသည်။

လုဝေက အားရဝမ်းသာပင်၊

"ဟို ဒေါ်ဒေါ် သတိတချက် ပြန်ရလာတယ်၊ ပါးစပ်က လေပူတချက်မှုတ်ထုတ်ပြီး သမီးလေး အာစန်းလို့ ညည်းတယ်"

ထိုအခါ၊

ကြားရသူအားလုံး ဝမ်းသာသွားကြသည်။

ကွမ်းစုန်ကျင်က ထိုင်နေရာမှ ထရပ်လိုက်ပြီး....

"ဟင်....ဟုတ်လား၊ ဒါဆို သွားကြည့်ကြရအောင်"

ကျန်လူများလည်း ထိုင်နေရာမှ ထရပ်လိုက်ကြသည်။

ပြီးနောက်....၊

ကွမ်းစုန်ကျင်က ရှေ့ဆောင်ကာ မိန်းမပျိုရှိရာ အခန်းသို့ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လှမ်းသွားကြသည်။

လုဝေလည်း နောက်ကျမခံ။

ကွမ်းစုန်ကျင်တို့နှင့်အမီလိုက်နိုင်ရန် ပြေး၍လိုက်သွားသည်။

× × ×



## အခန်း(၂၄)

မိန်းမပျိုရှိရာအခန်းထဲသို့ ရောက်လာကြသည်။

မိန်းမပျိုသည် အသက်မှန်မှန်ရှူလျက် ရှိသည်။

မျက်နှာညှိုရောင်သန်းနေသည်မှာလည်း ပျောက်သွားပြီ။

သို့သော်...

မိန်းမပျို၏ မျက်နှာမှာ ဖြူဖပ်ဖြူလျော်တော့ ဖြစ် နေသေးသည်။

ကွမ်းစုန်ကျင်က မိန်းမပျို လဲလျောင်းနေရာ ခုတင်အနီးတွင် ရပ်သည်။

ကျန်လူများက ခပ်လှမ်းလှမ်းမှရပ်ကာ ကြည့်နေကြသည်။

သွေးတို့နှင့်၊ နှလုံးခုန်နှုန်းတို့ကို စူးစမ်းသည်။

ပြီးနောက်....

ခေါင်းကိုဘချက်ညိတ်ကာ၊

"ဒီမိန်းမပျိုရဲ့ သွေးလေလည်ပတ်မှုတွေကတော့ တဖြည်းဖြည်းနဲ့ ပုံမှန်ပြန်ဖြစ်လာနေပါပြီ၊ ဘာမှစိုးရိမ်စရာမရှိတော့ဘူး။ သွေးလေလည်ပတ်မှု ပိုကောင်းလာအောင် အားဖြည့်ကုပေးဖို့ပဲလိုတော့တယ်"

ကွမ်းစုန်ကျင်က၊ မိန်းမပျို၏ကိုယ်ပေါ်တွင်လွှမ်းခြုံထားသောစောင်ကို အသာဖယ်ခွာလိုက်သည်။

ကွမ်းစုန်ကျင်သည် မိန်းမပျို၏ကိုယ်ခန္ဓာပေါ်ရှိ အဓိကသွေးကြောကွက်(၁၂)တို့ကို ဆက်တိုက်အပြန်အလှန် ဖိထောက်နှိပ်နယ်ပေးသည်။

ကျန်လူများတုတ်တုတ်ပင် မလှုပ်ကြ။

ကွမ်းစုန်ကျင် အကြောထောက်ကုသပေးသည်ကို ငြိမ်သက်စွာကြည့်နေကြသည်။

"သမီးလေးဝေ ဘာသတင်းထူးလို့လဲ"

ကျန်လူသုံးယောက်ကလည်း လုဝေထံသို့ လှမ်းကြည့်လိုက်ကြသည်။




[library stamp]

ထမင်းအိုးတလုံးချက်ခန့် အချိန်ကြာသွားသည်။

ကွမ်းစုန်ကျင်၏တကိုယ်လုံးလည်း ချွေးများစို့ရွှဲနေသည်။

ကွမ်းစုန်ကျင်၏ငယ်ထိပ်မှ အဖြူရောင် အခိုးအငွေ့များပင်လွင့်တက်လာသည်။

ကွမ်းစုန်ကျင်သည် သူ၏အတွင်းအားကို အမြင့်မားဆုံးသုံးကာ မိန်းမပျို၏ အကြောများကို ဖိထောက်ပေးနေကြောင်းအားလုံးကသိကြသည်။

ကွမ်းစုန်ကျင်၏ သမားတော်ကောင်းပီသပြီး၊ စိတ်စေနာပြည့်ဝပုံကို အားလုံးကပင်ချီးမွမ်းမိသည်။

ဤလိုအတွင်းအားသုံးကာ အကြောထောက် နှိပ်နယ်ပေးခြင်းသည်၊ အလွန်ပင် အားအင်ကုန်ခမ်းကာ အတွင်းအားဆုံးရှုံးရသည်မဟုတ်ပါလား။

"ဆရာကြီး ကွမ်းစုန်ကျင်ဟာ စေတနာ တကယ်ကောင်းတယ်၊ ပြီးတော့ သူ့ရဲ့အတွင်းအားကလဲ အတော်မြင့်မားနက်ရှိုင်းပါလား။ ဒီလိုလူမျိုးရဲ့ကုသမှုကိုခံရတာ ဒီမိန်းမပျိုအဖို့ကံကောင်းတာပဲ"

ကျန်းကြည်တင်း၏စိတ်ထဲတွင် တွေးလိုက်မိသည်။

မိန်းမပျို၏အဓိက သွေးကြောကြက်ကြီး(၁၂)လုံးတွင် သွေးလေသည်ပတ်မှု ကောင်းအောင် နှိပ်နယ်ကုသ ပေးပြီးနောက်၊ ကွမ်းစုန်ကျင်က နောက်သို့အသာဆုတ်လိုက်သည်။

အခန်းထဲရှိလူအားလုံး၏ မျက်လုံးများက မိန်းမပျိုကိုစူးစိုက်ကြည့်နေကြသည်။

ခဏအကြာတွင်....။

မိန်းမပျို၏မျက်နှာပေါ်၌ သွေးရောင်များ လျှမ်းလာသည်။

"ဟူး...."

မိန်းမပျို၏ပါးစပ်မှ လေပူတချက်မှုတ်ထုတ်လိုက်သည်။

ပြီးနောက်....။

"ဟင်း"

သက်ပြင်းတချက်ချသည်။

ထို့ပြင်

မိန်းမပျို၏မျက်လုံးများလည်းပွင့်လာသည်။

အားလုံးဝမ်းသာသွားကြသည်။

× × ×





မိန်းမပျိုက မျက်စိဖွင့်ကြည့်လိုက်ပြီး။

"ရှင်တို့ကို ဒီဘဝ ထပ်မြင်တွေ့ရမယ်လို့ ကျွန်မ မထင်ရပါဘူး၊ အခု ကျွန်မရဲ့အသက်ကို ရှင်တို့က တခါထပ်ကယ်တင်ပေးကြပြန်ပြီ ရှင်တို့ရဲ့ကျေးဇူးကို ကျွန်မဖြင့်ဘယ်လိုပြန်ဆပ်ရတော့မယ်မသိပါဘူး။ ကျွန်မမှာ ရှင်တို့ပေးတဲ့အသက်ပဲ ရှိပါတော့တယ်။ ကျွန်မအဖို့ အသစ်တဖန် ပြန်လည်မွေးဖွားလာရတော့ဘယ်လိုပဲအောင့်မေ့ပါတယ်"

ကွမ်းစုန်ကျင်က ခေါင်းတဆတ်ဆတ်ညိတ်ပြီး။

"မင်းအဖို့ အသက်ဘေးက လုံးဝကင်းလွတ်ခဲ့ပါပြီ၊ ကျုပ်ရဲ့ဆေးစွမ်းလို့ချည်းမဟုတ်ပါဘူး။ မင်းရဲ့အခြေခံ အတွင်းအားကလဲကောင်းလှတာကြောင့် အခုလို အသက်အန္တရာယ်ဘေးက ကင်းလွတ်ခဲ့ရတာပါ၊ နောက်ထပ် တလ၊ နှစ်လလောက်အနားယူလိုက်ယင် ကောင်းကောင်းကျန်းမာသွားမှာပါ၊ ကျုပ်တို့ကို ကျေးဇူးတင်စကားတွေ ပြောနေစရာမလိုပါဘူး၊ ကျေးဇူးဆပ်စရာလဲမလိုပါဘူးတွယ်"

မိန်းမပျိုသည် လဲလျောင်းနေရာမှ အသာထလိုက်သည်။

လုဝေသည်၊ ခုတင်နားသို့အသာကပ်လာသည်။

မိန်းမပျိုက လုဝေကို လှမ်းကြည့်ကာ....။

"ဒီကိုလာပါဦး သမီးလေးရယ်"

လုဝေသည် မိန်းမပျိုနားသွားထိုင်သည်။

မိန်းမပျိုက လုဝေကို ကြင်နာစွာသိုင်းဖက်လိုက်သည်။

"သမီးလေးလဲ ဒေါ်ဒေါ်ကို စောင့်ကြည့်ပြုစုပေးနေရတာ အတော်ပင်ပန်းနေပြီပေါ့နော်"

မိန်းမပျိုက ကြင်နာသောလေသံဖြင့်ပြောလိုက်သည်။

လုဝေမှာ မိခင်မေတ္တာကို တမ်းတနေသူလေးဖြစ်သည်။

ယခု....။

မိန်းမပျိုက မိခင်တယောက်၏ ကြင်နာမှုမျိုးဖြင့် သိုင်းဖက်ကာပြောဆိုနေသည်တွင် လုဝေ အလိုလိုဝမ်းနည်းလာသည်။

လုဝေစိတ်မထိန်းနိုင်တော့။

"မေမေကြီး"

လုဝေ၏ပါးစပ်မှ လွတ်ကနဲခေါ်လိုက်သည်။

ထို့ပြင်....။

လုဝေသည် မိန်းမပျို၏ ရင်ခွင်ထဲသို့တိုးဝင်ကာ ရှိုက်ကြီးငင်ကြီးပင်ငိုချလိုက်သည်။

မိန်းမပျိုက လုဝေကိုတင်းကျပ်စွာ ပြန်ဖက်ထားလိုက်သည်။

မိန်းမပျိုသည် မျက်စိများကိုမှိတ်ထားလိုက်သည်။

မျက်စိကိုတင်းတင်း ပိတ်ထားသော်လည်း၊ ရစ်ဝဲလာသောမျက်ရည်များကိုထိန်း၍မရ။





ပုလဲကုံးတကုံး ကြိုးပြတ်ကာ ပုလဲလုံးများ ကျလာသလို၊ မိန်းမပျို၏မျက်လုံးမှ မျက်ရည်ဥများစီးကျလာသည်။

တယောက်ကိုတယောက် ပွေ့ဖက်ကာ ငိုကြွေးနေကြသော မိန်းမပျိုနှင့် လုဝေတို့ကိုကြည့်ယင်း၊ ကွမ်းစုန်ကျင်တို့မှာ ဝမ်းနည်းလာမိသည်။

သူတို့ဆက်မကြည့်လိုကြတော့။

အသာတဖက်သို့ မျက်နှာလွှဲကာ ကျောခိုင်း နေလိုက်ကြသည်။

မိန်းမပျိုက လုဝေကို အငိုတိတ်ရန်ဖြေသိမ့်သည်။

"သမီးလေးကလဲကွယ်လိမ္မာသားနဲ့ မငိုပါနဲ့တော့၊အားလုံးအေးချမ်း ကောင်းမွန်သွားပြီပဲ၊ ငိုနေတာကိုကြည့်ပြီး လူကြီးတွေ စိတ်မကောင်းဖြစ်ကုန်ကြပြီ၊ တိတ် တိတ်"

ဖြေသိမ့်နေသော မိန်းမပျို၏ အသံမှာ ငိုသံပါနေသည်။

လုဝေမှာ အားရပါးရ ငိုပစ်လိုက်ရသောကြောင့် စိတ်ထဲတွင် ပေါ့သွားသည်။

မိန်းမပျိုမှာလည်း ဝမ်းနည်းမှု အတော် ပြေငြိမ်းသွားသည်။

ထို့ကြောင့်....၊

နှစ်ယောက်လုံး အငိုတိတ်သွားကြသည်။

လုဝေသည် မိန်းမပျို၏ရင်ခွင်ထဲခေါင်းအပ်ကာ ငိုနေရာမှအသာဖယ်ခွာသည်။

မိန်းမပျိုကလည်း လုဝေကို သိုင်းဖက်ထားသည့် လက်ကို ဖြေလွှတ်ပေးလိုက်သည်။

လုဝေ၏မျက်ရည်စများကိုလည်း မိန်းမပျိုကယုယကြင်နာ စွာသုတ်ပေးသည်။

"အေး....ဒီလိုမှပေါ့ကွယ်၊ ကဲ ကဲ ပြုံးလိုက်စမ်း"

မိန်းမပျိုက ပြောသည်။

လုဝေက ပြုံးပြလိုက်သည်။

မိန်းမပျိုကလည်း ပြုံးရယ်နေပါသည်။

ထိုအခါ၊

ကွမ်းစုန်ကျင်တို့လည်း စိတ်ချမ်းမြေ့သွားကြသည်။

အစိမ်းရောင်ဝတ်စုံဝတ် မိန်းကလေး နှစ်ယောက်က စား သောက်ဖွယ်ရာများယူလာသည်။

မိန်းမပျိုအသက်ဘေးမှ ကင်းဝေးခဲ့ရသည့် မင်္ဂလာအောင် ပွဲအဖြစ် စားပွဲဝိုင်းခင်းကျင်းကာ စားသောက်ကြသည်။

မိန်းမပျိုအတွက်မူ ဆေးအရက်နှင့် အသားပြွန်းသော သံ ပြုတ်များ စီမံပေးသည်။

စားသောက်ပြီးသောအခါ မိန်းမပျိုက...၊

"ကျွန်မဘဝရဲ့ဇစ်မြစ်အမှန်ကို ရှင်တို့ကို ပြောမပြရသေးဘူး၊ အခုလို ကျွန်မအသက်ကယ်တင်ပေးပြန်တယ်ဆိုတော့ ကျွန်မရဲ့ ဘဝဇာတ်ကြောင်းကိုလည်းကိုလည်း ဆက်ပြီး လျှို့ဝှက်မထား သင့်တော့ဘူးလို့ ကျွန်မထင်ပါတယ်"





အားလုံးသည် မိန်းမပျို၏ ထူးခြားသော ဇာတ်ကြောင်း ကို သိလိုနေကြသည်။

ထူတ်ဖော်မေးမြန်းလျှင် ရိုင်းရာကျမည် စိုးသောကြောင့် သာ မျိုသိပ်နေကြခြင်းဖြစ်သည်။

ကျွန်းကြည်တင်းက၊

"ဟုတ်တယ် ကျွန်တော်တို့က ခင်ဗျားဟာ သာမန်သိုင်း လုံမေတယောက် မဟုတ်ဘူးဆိုတာ အဖဲခတ်မိပါတယ်၊ ဒါ ကြောင့် ခင်ဗျားရဲ့ ဇာတ်ကြောင်းကို ပြောပြမယ်ဆိုယင် သိ ချင်ပါတယ်"

မိန်းမပျိုက ခေါင်းညိတ်ပြပြီး....၊

"ဟုတ်ကဲ့ ပြောပြပါ့မယ် ကျွန်မနာမည်က လီယန်ယင်းလို့ ခေါ်ပါတယ်၊ ကျွန်မအဖေကတော့ တုန်းယိဂိုဏ်းချုပ် လီ တတ်ကြည်ပါ"

မိန်းမပျိုဆက်လက်၍ သူမဘဝဇာတ်ကြောင်း၊ ဇာတ်လမ်း ပုံပြင်ကို ပြောပြသည်။

× × ×

## အခန်း (၂၅)

လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ဆယ်ကျော်က၊

တုန်းယိဂိုဏ်းသည် ပြည်မသိုင်းလောကနှင့် ကင်းကင်း ရှင်းရှင်း နေခြင်းမရှိသေးပေ။

မိမိဘာသာ သီးသန့်နေထိုင်သော်လည်းလည်း ပြည်မသိုင်းလောကနှင့် အခါအားလျော်စွာ ပါဝင်ပတ်သက်မှုများရှိနေသည်။

ပြည်မသိုင်းလောက အရှုပ်အထွေးတခုတွင် ပါဝင်မိရာမှ တုန်းယိဂိုဏ်းချုပ် လီတတ်ကြည်၏ ဇနီးသေဆုံးခဲ့သည်။

ဤအတွက်ကြောင့်၊

လီတတ်ကြည်သည်၊ ပြည်မသိုင်းလောကနှင့် ပတ်သက်ခြင်း မပြုတော့။

တုန်းယိကျွန်းပေါ်တွင်သာ သီးသီးခြားခြား နေထိုင်ခဲ့သည်။

လီယန်ယင်းသည် လီတတ်ကြည်၏ တဦးတည်းသောသမီး ဖြစ်သည်။

မိတဆိုးသမီးကို လီတတ်ကြည် အလွန်ချစ်သည်။

မိမိ၏ သိုင်းပညာ အမွေခံမျိုးဆက်အဖြစ်လည်း သတ်မှတ်ထားသည်။

ထို့ကြောင့်၊

လီယန်ယင်းကို ငယ်စဉ်ကပင်အကြောအဆစ်သန်မာအောင် ဆေးဖေးများလိမ်းကာ နှိပ်နယ် ပြုစုပေးခဲ့သည်။

အခြေခံအတွင်းအားကောင်းအောင် စနစ်တကျ လေ့ကျင့်ပေးခဲ့သည်။

သွေးလေလည်ပတ်မှုကောင်းမွန်စေမည့် ဆေးကောင်းဝါးကောင်းများ၊ အစာအဟာရကောင်းများကိုလည်း တိုက်ကျွေးခဲ့သည်။





လီယန်ယင်း အသက် ခုနစ်နှစ်သမီးအရွယ်တွင် သိုင်းပညာများကို စတင်လေ့ကျင့်သင်ကြားပေးသည်။

ထိုအချိန်တွင် လီယန်ယင်းမှာ အခြေခံအတွင်းအား အတော်ပင် ကောင်းမွန်နေပြီဖြစ်သည်။

ဖခင်ကိုယ်တိုင်၏ ကြပ်မတ်လေ့ကျင့်ပေးမှုဖြင့်လီယန်းယင်း၏ သိုင်းပညာလေ့ကျင့်မှုမှာ အထူးပင်ကောင်းမွန်ခဲ့သည်။

အချိန်တရွေ့ရွေ့ ကုန်လာသည်။

လီယန်ယင်း၏ သိုင်းပညာမှာလည်း ထူးချွန်သည်ထက် ထူးချွန်လာသည်။

လီတတ်ကြည်သည် သမီးဖြစ်သူ၏ သိုင်းပညာ ထူးချွန်မှုကြောင့် အထူးပင် စိတ်တက်ကြွနေသည်။

လီယန်ယင်း အသက်(၁၅) နှစ်အရွယ်တွင် တုန်းယိဂိုဏ်း၏ လျှို့ဝှက်သိုင်းပညာဖြစ်သော နတ်ဆိုးနိုင်ဓားကွက်၏ လေ့ကျင့်ကွက်ကိုလေ့ကျင့်ပေးသည်။

အစကတော့၊

လီယန်ယင်း အသက်(၂၀)ပြည့်မှ နတ်ဆိုးနိုင်ဓားကွက်ကို လေ့ကျင်ပေးမည်ဟု လီတတ်ကြည် စိတ်ကူးထားသည်။

ယခုမူ၊

16

လီယန်ယင်း၏ သိုင်းပညာလေ့ကျင့်မှု တိုးတက်နှုန်း မြန်လှသောကြောင့် အသက် (၁၅) နှစ်ပြည့်၍ နတ်ဆိုးနိုင်ဓားကွက်ကို စတင်လေ့ကျင့်သင်ကြားပေးခြင်းဖြစ်သည်။

ထူးခြား တိုက်ဆိုင်သည်ဟုဆိုရမည်။

လီယန်ယင်း အသက် (၁၅)နှစ်ပြည့်၍ နတ်ဆိုးနိုင်ကွက် စကာင်သင်ကြားပေးသည့်နေ့မှာပင် တုန်းယိသို့ ထူးခြားသော ဧည့်သည်ရောက်လာသည်။

ရောက်လာသူမှာ ယောင်မင်ဖြစ်သည်။

× × ×

ယောင်မင်....

သူ့ကို ရေလက်ဝါး ယောင်မင်ဟုလည်း ခေါ်ကြသည်။

နန်ယိဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်သည်။

လီတတ်ကြည်နှင့် ရင်းနှီးခင်မင်သည်။ ပြည်မ သိုင်းလောကကို လီဘက်ကြည် အဆက်အသွယ်ဖြစ်ခဲ့ရာတွင် ယောင်မင် တယောက်တည်းနှင့်သာ ဆက်ဆံမှု ဆက်ပြုလုပ်နေသည်။





ယောင်မင်သည် လီယန်ယင်း အသက်(၁၅)နှစ် ပြည့်ချိန်တွင် တုန်းယိကျွန်းကို အလယ်ရောက်ရှိလာခဲ့သည်။

ယောင်မင်နှင့်အတူ တပည့်ရင်းဖြစ်သူ ယိခွန်လွန်လည်း ပါလာသည်။

ယိခွန့်လွန့်မှာ တုန်းယိကျွန်းသို့ ပါလာချိန့်ကအသက်(၁၈) နှစ်ခန့်ရှိသည်။

ယိခွန့်လွန့်သည် ယောကျ်ားပီသသည်။

ရုပ်ရည် ခန့်ငြားရည်မွန့်သည်။
ပြီးတော့....

သိုင်းပညာစွမ်းရည်လည်း ထက်မြက်သည်။

အပြောအဆို ယဉ်ကျေးသည်။
နောက်ပိုင်းနှစ်များတွင်။

ယောင်မင်သည် တနှစ်တခါဆိုသလို တုန်းယိကျွန်းသို့ အလည်ရောက်လာတတ်သည်။ ယောင်မင်လာတိုင်း ယိခွန်လွန် ပါလာသည်။

ထို့ပြင်....

ယောင်မင်၏ စေခိုင်းချက်အရလည်း ယိခွန်လွန်သည် မကြာခဏဆိုသလိုပင်တုန်းယိကျွန်းပေါ်သို့ ရောက်လာခဲ့သည်။

ယိခွန်လွန်နှင့် လီယန်ယင်းတို့ ရင်းနှီးခင်မင်ခဲ့ကြသည်။

အစကတော့ ရိုးရိုးခင်မင်မှုသာ။

သို့သော်....

တစစနှင့် ခင်မင်မှုမှနေ၍ သံယောဇဉ်ဖြစ်လာသည်။

ယိခွန်လွန်ကလည်း လူငယ်လူရွယ်။

လီယန်ယင်းကလည်း အရွယ်ရောက်စ မိန်းမငယ်။

ကြိုးချင်းတား ကြိုးချင်းညိဆိုသလို မကြာမီမှာပင် သူတို့နှစ်ယောက် တယောက်နှင့်တယောက် မေတ္တာမျှသွားကြသည်။

လီယန်ယင်းက ယောကျာ်းပီသပြီး ရဲရင့် တည်ကြည်သည့် ယိခွန်လွန်ကို အသည်းစွဲချစ်သည်။

ယိခွန်လွန်ကလည်း နတ်မိမယ်လေးလို တနေ့တခြား လှပလာသော လီယန်ယင်းကို ငုံထားမတတ် မြတ်နိုးသည်။

ယိခွန်လွန်၏ဆရာနှင့် လီယန်ယင်း၏ ဖခင်တို့ကလည်းအလွန်ပင် ရင်းနှီးခင်မင်သည့် မိတ်ဆွေများဖြစ်သည်။

သည်တော့...

မိမိတို့၏ ဘဝရှေ့ရေးသည် ချမ်းမြေ့ပျော်ရွှင်စရာ ဖြစ်လိမ့်မည်ဟု ယိခွန်လွန်နှင့် လီယန်ယင်းတို့က ထင်ထားကြသည်။





သို့သော်....

အချစ်စစ် အချစ်မှန်တို့သည် ဖြောင့် ဖြူး သော လမ်းကို မလျှောက်ရဟု ဆိုရမည်လားမသိ။

ယိခွန်လွန်နှင့် လီယန်ယင်းတို့၏ ဘဝခရီးမှာ သူတို့ထင်သလို မဖြောင့်ဖြူးခဲ့ပေ။

ထိုသို့ မဖြောင့်ဖြူးရခြင်းမှာ....

လီဘတ်ကြည့် တသွဲ့ဆံပင်ကောင်းသော မာနကြောင့်ဖြစ်သည်။

× × ×

## အခန်း (၂၆)

တုန်းယိဂိုဏ်း၏ နတ်ဆိုးနိုင် ဓားကွက်သည် အလွန်ဆန်းပြား အဆင့်မြင့်သော ထိပ်တန်းဓားသိုင်းကွက်တခုဖြစ်သည်။

တုန်းယိဂိုဏ်း၏ အတွင်းအားကျင့်စဉ်နှင့် အခြားသိုင်းပညာများမှာလည်း ထူးခြားဆန်းပြားသည်။

လီတာတ်ကြည်သည် တုန်းယိဂိုဏ်း၏ သိုင်းပညာများအပေါ် မာန်တက်နေသည်။

တုန်းယိဂိုဏ်း၏ သိုင်းပညာများကို အပြင်သို့ မရောက်စေလို။

မိမိတို့ မိသားစုသာ တတ်မြောက်စေချင်သည်။

ထို့ပြင်....

လီယန်ယင်းမှာ အချိန်အရွယ်ရောက်နေပြီ ဖြစ်သော်လည်း ချစ်သူမရှာသင့်ဟု လီတတ်ကြည်က ယူဆထားသည်။

လီယန်ယင်းကို သိုင်းပညာ လေ့ကျင့်မှုသာ ဖိဖိစီးစီးလုပ်စေခဲ့င်သည်။

မိမိ၏ သိုင်းပညာ မျိုးဆက်အမွေကို ဆက်ခံ ရယူ စေချင်သည်။

အခြားယောကျ်ားတယောက်ကိုချစ်သူရှာကာမိမိတို့တုန်းယိဂိုဏ်း၏ ထိပ်တန်းသိုင်းပညာများ ပြန့်ပွားသွားမည်ကို လီတတ်ကြည်မလိုလား။

ထို့ကြောင့်....

ယိခွန်လွန်နှင့် လီယန်ယင်းတို့ ချစ်ကြိုက် နေကြကြောင်း သိသည်နှင့် လီတတ်ကြည်မှာ အကြီးအကျယ် မကျေမနပ် ဖြစ်ခဲ့သည်။

လီတတ်ကြည်သည် သမီးကိုခေါ်ယူကာ....

"သမီးကို ဖေဖေ့ရဲ့သိုင်းပညာမျိုးဆက် အမွေခံ ဖြစ်စေချင်တယ်၊ သိုင်းပညာ လေ့ကျင့်မှုကိုပဲ ဖိဖိစီးစီး လုပ်စေချင်တယ်၊





ဖေဖေတို့ရဲ့ မျိုးဆက်သိုင်းပညာတွေ အခြားလူတွေဆီ ပြန့်နှံ့သွားတာကိုလဲ ဖေဖေမလိုလားဘူး၊ ဒါကြောင့် သမီး ချစ်သူမရှာနဲ့၊ ဖေဖေနဲ့ပဲ အသက်သက်ဆုံး အေးအေး ချမ်းချမ်းနေပါပဲ ဖေဖေပြောချင်တယ်"

ဟု အတိအလင်း တားမြစ်ခဲ့သည်။

သို့သော်....

လူငယ်ဆိုသည်မှာ ခက်သည်။

လူ့သဘာဝကိုလည်း တားဆီးပိတ်ပင်၍ မရ။

လူမဆိုထားဘိ....

သစ်ပင်ပန်းပင်များပင် အချိန်အခါရောက်လာလျှင် သီးချိန်တန်သီး၍ ပွင့်ချိန်တန် ပွင့်ရမည်။

ဒါ လောကဓမ္မတာ။

လီတတ်ကြည်က မည်သို့တားဆီး ပိတ်ပင်သော်လည်း ယိခွန်လွန်နှင့် လီယန်ယင်းတို့၏ အချစ်ဇာတ်လမ်းမှာ မပျက်ပြယ်သွားခဲ့။

တခုသာရှိသည်။

ယိခွန်လွန်အနေဖြင့် ယခင်ကလို တုန်းယိကျွန်းသို့ ပြောင်ပြောင်တင်းတင်း လာ၍မရတော့။

တိတ်တဆိတ်သာလာရောက်ပြီး ချစ်သူချင်းတွေ့ကြရသည်။

သူတို့နှစ်ယောက်မှာ တယောက်အပေါ်တယောက် မခွဲနိုင်မခွာရက်အောင်ပင် ချစ်နေကြလေပြီ။

လီယန်ယင်းသည် သိုင်းလေ့ကျင့်မှုလည်းမပျက်ခဲ့ပါ။

အချိန်မှန်မှန်ပင် ကြိုးစားလေ့ကျင့်နေခဲ့သည်။

ထို့ကြောင့်၊

နတ်ဆိုးနိုင်ဓားကွက်ကို ကျွမ်းကျင်ပိုင်နိုင်စွာတတ်မြောက်ခဲ့သည်။

လီတတ်ကြည်က အဆိုပ်ပြေလခြမ်းဓားကိုပင် လီယန်ယင်းအားပေးအပ်ခဲ့သည်။

ဝိမိ သိုင်းပညာထူးချွန်စွာ လေ့ကျင့် အောင်မြင် ပြီးလျှင်ဖခင်ဖြစ်သူကို ဖျောင်းဖျပြောဆိုကာ ယိခွန်လွန်နှင့် လက်ထပ်နိုင်မည်ဟု လီယန်ယင်းကတွက်ထားခဲ့သည်။

သို့သော်၊





လောကကြီးတွင် မျှော်လင့်ထားသလို ဖြစ်မလာပဲ မမျှော်လင့်သောဖြစ်ရပ်များ ဖြစ်ရသည်မှာ အများအပြားပင်။

ယခုလည်း၊

လီယန်ယင်း မျှော်လင့်ထားသလို ဖြစ်မလာခဲ့ပေ။

× × ×

## အခန်း (၂၄)

တနေ့တွင်၊

ယိခွန်လွန် တုန်းယိကျွန်းသို့ တိတ်တဆိတ်ရောက်လာသည်။

ယိခွန်လွန်သည် မိမိစီးနင်းလာသောလှေကို ကျွန်း၏ချောင်ကျကျကမ်းစပ်ရှိ ကျူတောကြားတွင် ဝှက်ထားခဲ့ပြီး ကျွန်းပေါ်တက်လာသည်။

ပြီးနောက်၊

လီယန်ယင်းနှင့် တွေ့ဆုံနေကျနေရာသို့လာခဲ့သည်။

သူတို့နှစ်ယောက် တွေ့ဆုံနေကျနေရာမှာ ကျွန်း၏ မြောက်ဘက်စွန်းတွင်ဖြစ်သည်။

နေမင်းနိုင်စာပေ

ထိုနေရာတွင် ကျောက်စွန်းကြီးတခုရှိသည်။

ကျောက်စွန်းကြီးသည်၊ ပင်လယ်ပြင်ကို အုပ်မိုးထိုးထွက်နေသည်။

မကျောက်စွန်းကြီးပေါ်တွင် အတူထိုင်ကာ ပင်လယ်ပြာပြာကြီးကိုလှမ်း ကြည့်နိုင်သည်။

ပင်လယ်လေ၏ တသုန်သုန်တိုက်ခတ်နေမှုကိုလည်း ခံနိုင်သည်။

အေးချမ်း တိတ်ဆိတ်ပြီး လူသူအရောက်အပေါက်လည်း နည်းသည်။

ယိခွန်လွန် ကျောက်စွန်းကြီးသို့ ရောက်သွားချိန်တွင် လီယန်ယင်းရောက်မလာသေးပေ။

ဒါပေမယ့်၊

ကျောက်စွန်းကြီးပေါ်တွင် ပန်းဝါလေးတပွင့်ကို ယိခွန်လွန်တွေ့ရသည်။

ဒါကလည်း သူတို့ချစ်သူနှစ်ယောက် အချိန်းအချက်အမှတ်အသားပင်။

ထိုကျောက်စွန်းကြီးသို့ အလျင်ရောက်သူက တနေရာရာသို့





သွားလိုလျှင် ပန်းပွင့်ဝါလေးတပွင့် လေကွယ်ရာ နေရာတွင်ချထားကာ အချက်ပြခဲ့ရသည်။

နောက်မှရောက်လာသူကို ခဏစောင့်ဆိုင်းရန် ပြောသည့်သဘောမျိုး။

ယိခွန်လွန်သည် ကျောက်စွန်းကြီးပေါ်တွင် အသာထိုင်ချလိုက်သည်။

ပင်လယ်ပြင်ကို ငေးမောကြည့်ယင်း လီယန်ယင်းရောက်အလာကို စောင့်နေသည်။

မကြာပါ၊

"ဟော....အစ်ကိုတောင်ရောက်နေပြီကိုး၊ ကျွန်မက စောစောက တခေါက် ဒီကို ရောက်သေးတယ်၊ အစ်ကိုမရောက်လာသေးလို့ ဟိုဘက်နားလှည့် လမ်းလျှောက်နေတာ"

ကြည်သာချိုအေးသော စကားသံလေးနှင့်အတူလီယန်ယင်းရောက်လာသည်။

ယိခွန်လွန်က အသာပြန်ပြုံးပြယင်း၊

"လေကြောင်းမသင့်လို့ နည်းနည်းနောက်ကျသွားတာပါ"

လီယန်ယင်းကပြန်ပြုံးပြပြီး ယိခွန်လွန်ဘေးတွင် ထိုင်လိုက်သည်။

နှစ်ယောက်သား အတူယှဉ်ထိုင်ကာ စကားပြောမည်အပြုမှာပင်....၊

"ဩြော်....တယ်လိမ္မာတဲ့သမီးပါလား၊ ဒီမှာလာပြီး ရည်းစားနဲ့ ချိန်းတွေ့နေတယ်"

ဒေါသတကြီး ပြောလိုက်သံ ပေါ်လာသည်။

× × ×

ယိခွန်လွန်နှင့် လီယန်ယင်းတို့ လန့်သွားကြသည်။

ထိုင်နေရာမှ ခုန်ထမိကြသည်။

နောက်သို့ လှမ်းကြည့်လိုက်ကြရာ။

တင်းမာခက်ထန်သောမျက်နှာထားဖြင့်ရပ်နေသည့် လီတတ်ကြည် ကိုတွေ့လိုက်ရသည်။

နှစ်ယောက်သား ဘာပြောရမည်ကို မသိကြတော့။





မျက်လုံးအကြောင်သား ပါးစပ်အဟောင်းသားနှင့် လီတတ်ကြည်ကို ကြည့်နေကြသည်။

သူတို့နှစ်ယောက်အဖို့ ထွက်ပြေးရန်လည်းမဖြစ်။

လီတတ်ကြည်က ကျောက်စွန်းကြီး၏ အောက်သို့ အဆင်းအတက် ပြုနိုင်သည့် အောက်ခြေနေရာတွင် ရပ်နေသည်။

ယိခွန်လွန်နှင့် လီယန်ယင်းတို့က ကျောက်စွန်းထိပ်တွင်ထိုင်နေကြသည်။

သူတို့နှစ်ယောက် ဆင်းပြေးနိုင်မည့် တခုတည်းသောလမ်းကို လီတတ်ကြည်က ပိတ်ဆို့ကာ ရပ်နေသည်။

တဘက်တွင် ပင်လယ်ပြင်၊

တဘက်တွင်လီတတ်ကြည်၊

သူတို့နှစ်ယောက်က ကြားတွင်ပိတ်မိနေကြသည်။

လီတတ်ကြည်က ခက်ထန်သော အမူအရာနှင့် သူတို့နှစ်ယောက်ကို စိမ်းစိမ်းကြီးကြည့်နေသည်။

မည်သူမျှ စကားမဆိုကြသေး။

ခပ်ထန်ထန် တိုက်ခတ်နေသော ပင်လယ်လေ တိုက်သံသာ မြည်နေသည်။

အတန်ကြာအောင် ငြိမ်နေပြီး လီတတ်ကြည်က....

"ယိခွန်လွန်...."

ဟု ခေါ်လိုက်သည်။

ယိခွန်လွန်မှာ ရင်ထဲတွင် ထိတ်ကနဲဖြစ်သွားပြီး။

"ခင်ဗျာ...."

"မင်းက ယန်ယင်းကို တကယ်လက်ထပ်ချင်သလား"

ယိခွန်လွန်က ခေါင်းညိတ်ပြလျက်...

"ဟုတ်ကဲ့...."

"ဒါဆိုယင် မင်းကို စမ်းသပ်မှုတခု လုပ်ရမယ်၊ မင်းအစမ်းသပ် ခံနိုင်ပါ့မလား"

"ဟုတ်ကဲ့...."

ယိခွန်လွန်မှာ ခေါင်းသာ ညိတ်လိုက်ရသည်။

ဘယ်လိုစမ်းသပ်ချက်မျိုး ရင်ဆိုင်မည်နည်းဟု စိတ်ထဲက တွေးနေမိသည်။

"ငါတို့တတွေက သိုင်းသမားတွေဆိုတော့ သိုင်းပညာစွမ်းကိုပဲ စမ်းသပ်ရမှာပေါ့"

ယိခွန်လွန်စိတ်ထဲတွင် ပေါ့သွားသည်။

သိုင်းပညာ စမ်းသပ်မှုကိုတော့ ယိခွန်လွန် မကြောက်ပါ။

အစမ်းသပ် ခံရဲသည်။





"ဟုတ်ကဲ့ ဖြစ်ပါတယ်"

"ကောင်းပြီ ဒါဆို ဘယ်လို စမ်းသပ်မယ်ဆိုတာ ပြောပြမယ်"

ယိခွန်လွန်က ဘာမျှပြန်မပြော။

လီတတ်ကြည်ပြောမည့် စကားကိုသာ နားထောင်နေသည်။

လီတတ်ကြည်က ချောင်းတချက် ဟန့်လိုက်ပြီး။

"ငါ့ရဲ့ဓား သိုင်းကွက် သုံးကွက်ကို **မင်း** ခုခံရမယ်၊ ဓားသိုင်းကွက် သုံးကွက်ပြည့်အောင် ခုခံနိုင်ယင် **မင်းနောက်ကို** ယန်ယင်းထည့်ပေးလိုက်မယ် ဒီကျွန်းကလဲထွက်သွားခွင့်ပြုမယ်"

ယိခွန်လွန်နှင့်လီယန်ယင်းတို့နှစ်ယောက် တယောက်မျက်နှာ တယောက် ကြည့်လိုက်ကြသည်။

လီဘတ်ကြည်မှာ အထင်ကရ၊ သိုင်းသမားကြီးတယောက်ဖြစ်သည်။

သူ၏ ဓားသိုင်းပညာစွမ်းသည် သိုင်းလောကတွင် ပြိုင်ဘက်ကင်းသည်ဟုပင် သတင်းကြီးနေသည်။

သူ၏ နတ်ဆိုးနိုင် ဓားကွက်များကို မည်သူမျှ မယှဉ်နိုင်ဟုလည်း ပြောနေကြသည်။

သည်လို တကယ့်ထိပ်တန်း သိုင်းသမားကြီး တယောက်၏ အစွမ်းအထက်ဆုံးဓားသိုင်းကွက်သုံးကွက်ကို ခုခံရမည်ဆိုတော့။

လီတာတ်ကြည်၏ စမ်းသပ်မှုသည် ယိခွန်လွန်ကို သေဒဏ်ပေးသည့် သဘော မျိုးပင် ဖြစ်နေသည်။

လီယန်ယင်းက တစုံတရာ ဝင်ပြောမည်ပြုသည်။

ယိခွန်လွန်က လက်ကာပြလိုက်သည့်အတွက် ငြိမ်နေလိုက်ရသည်။

မိမိအနေဖြင့် သေမင်း နှုတ်ခမ်းဝတွင် လျှောက်ရမည်ကို ယိခွန်လွန် သိပါသည်။

သို့သော်....

ယိခွန်လွန် မကြောက်ပါ။

ချစ်သူအတွက် စွန့်စားရန် ဆုံးဖြတ်လိုက်သည်။

"ကောင်းပါပြီ၊ ကျွန်တော် ဓားချက် သုံးချက်ကို ခုခံပါ့မယ်"

ယိခွန်လွန်က မိမိ၏ ဆုံးဖြတ်ချက်ကို ပြောလိုက်သည်။

လီဘာတ်ကြည်၏မျက်နှာတွင် အေးစက်သော အပြုံးတခု ပေါ်လာသည်။

× × ×





လီတာတ်ကြည်၏ ဓားသိုင်းပညာစွမ်းကို သမီးဖြစ်သူ လီယန်ယင်းက အသိဆုံးဖြစ်သည်။

မိမိချစ်သူအတွက်လည်း အလွန်စိုးရိမ်ပူပန်နေမိသည်။

လီယန်ယင်းမှာ နှစ်ဘက်ကြားတွင် ဗျာများ နေရသည်။

တဘက်က မွေးသဖခင်....

တဘက်ကလည်း ချစ်သူ။

လီတာတ်ကြည်၏ ပြင်းထန်လှသော ဓားချက် သုံးချက်ကို ယိခွန်လွန် ခုခံနိုင်ပါမည်လား။

မခုခံနိုင်ပဲ ယိခွန်လွန် ထိခိုက်သေကြေသွားလျှင်။

လီယန်ယင်းမှာ ဘာလုပ်ရမည်မသိ ဖြစ်နေသည်။

လီတာတ်ကြည်ပြောသော စမ်းသပ်မှုကို လက်ခံမည်ဟု ယိခွန်လွန်က သဘောတူပြီးပြီမို့ လီယန်ယင်းမှာ ကြားဝင်တားဆီးရန်လည်း မဖြစ်နိုင်တော့။

လီယန်ယင်းသည် စိုးရွံ့တုန်လှုပ်စွာပင် ရပ်ကြည့်နေရတော့သည်။

စမ်းသပ်မှု စပေတော့မည်။

လီတာတ်ကြည်၏ ပြိုင်ဘက်ကင်းသော ဓားသိုင်းပညာစွမ်းကို ယိခွန်လွန် ခုခံနိုင်ပါမည်လား။

× × ×

## အခန်း (၂၈)

"ကဲ....စတော့မယ်"

လီတတ်ကြည်က ပြောသည်။

ဓားကိုလည်း ရှမ်းကနဲ ဆွဲထုတ်လိုက်သည်။

လီတတ်ကြည်၏ဟန်မှာ မာန်အပြည့်နှင့်....

တကယ်ပင် အသေအကြေ ခုတ်ပိုင်းတော့မည်မှာ သံသယဖြစ်ဖွယ်မရှိ။

ယိခွန်လွန်ကလည်း သူ၏ဓားရှည်ကို ထုတ်လိုက်သည်။

ယိခွန်လွန်က မပြုံးမရယ်၊ ခပ်တည်တည် အမူ အရာနှင့်

"ကျွန်တော်ကလဲ အသင့်ပါပဲ စနိုင်ပါပြီ"

ယိခွန်လွန်က ဓားရှည်ကိုလည်း ခုခံကွက်ဆင်ရန် အသင့်ပြင်ဆင်ထားလိုက်သည်။

"ဒီဓားချက်ကို မင်းက ရှောင်လို့ တိမ်းလို့ မရဘူးနော်၊ တော့တော့ဆိုင်ဆိုင် ခုခံရမယ်"

လီတတ်ကြည်က ပြောသည်။

လီယန်ယင်းမှာ မနေသာပဲ....

"ဖေဖေ့ဓားချက်ကို ခုခံဘာသဲဟာ ဘေးကိုရှောင်တိမ်းပြီး ခုခံတာကိုလဲ ခွင့်ပေးသင့်ပါတယ် ဖေဖေရယ်"

လီယန်ယင်းက တောင်းပန်သည်။

မရ....

လီဘတ်ကြည်က ခက်ထန်စွာပင်။

"သမီး ဝင်မရှုတ်နဲ့ အသာနေ"

ထိုသို့ပြောပြီးနောက် လီဘတ်ကြည်သည် ဓားရှည်ကို လှစ်ကနဲ လှုပ်ရှားကာ ယိခွန်လွန်ကို ခုတ်ပိုင်းချလိုက်သည်။

"ဝှီး...."

ဓားခုတ်ချက်မှာ မြန်သည်။

အားပြင်းသည်။





သိုင်းဟန်ကလည်း ဆန်းသည်။

သည်သို့ဓားချက်မျိုးကို မရှောင်မတိမ်းပဲ ရင်ဆိုင်ခုခံရမည်ဆိုခြင်းမှာ မလွယ်ပေ။

သို့သော်....

ယိခွန်လွန်သည် ကြိုးစားကာ အားအင်များကို စိုက်ထုတ်ကာ မိမိလက်ရှိ ဓားရှည်ကို ပင့်မြှောက်ခုခံလိုက်သည်။

"ချွမ်း...."

ဓားနှစ်လက် ဆိုင်ခုတ်မိသည်။

ယိခွန်လွန်၏ ညာလက်မောင်းတခုလုံး အောင့်သွားသည်။

ဖိနှိပ်လာသည့်အားအဟုန်ကို ယိခွန်လွန် တောင့်၍ မခံနိုင်။

နောက်သို့ ခြေလှမ်းယိမ်းယိုင်ကာ ဆုတ်သွားသည်။

လီယန်ယင်းမှာ အသက်ရှူရန်ပင် သတိမရ။ အသက်ကို အောင့်ကာ မျက်တောင်မခတ်တမ်း ကြည့်နေမိသည်။

ယိခွန်လွန်သည် နောက်သို့ ခြေလှမ်းငါးလှမ်းမျှ ယိမ်းယိုင်သွားပြီးမှ ကိုယ်ဟန်ကိုထိန်းကာ မတ်တပ်ရပ်နိုင်သည်။

လီယန်ယင်းမှာလည်း ဤအခါတွင်မှ အောင့်ထားသော အသက်ကို မှုတ်ထုတ်လိုက်သည်။

ပထမဓားချက်ကိုတော့ ယိခွန်လွန် ခုခံနိုင်ပေပြီ။

သို့သော်....

နောက်ထပ်ဓားချက်နှစ်ချက် ကျန်သေးသည်။

ယိခွန်လွန် ခုခံနိုင်ပါမည်လား။

ယိခွန်လွန်သည် အားတင်းကာ တောင့်ခံထားရသော်လည်း တကယ်တော့ ခံရချက် မသက်သာပါ။

လီတတ်ကြည်မှာ ယိခွန်လွန်ထက် အစစ အရာရာသာသည်။

အတွင်းအားတွင်ပဲကြည့်ကြည့်။

သိုင်းပညာ စွမ်းချင်းပဲယှဉ်ယှဉ်။

အတွေ့အကြုံချင်းပဲ တိုင်းတာတိုင်းတာ။

လီတတ်ကြည်က အစစတွင်သာသည်။

အကယ်၍ လီယန်ယင်းအပေါ် ကြီးမားသော ချစ်စိတ်သာ မရှိဟုဆိုလျှင် ယိခွန်လွန်မှာ လီတတ်ကြည်၏ ဓားချက်ကို ခံနိုင်မည်မဟုတ်ပါ။

ယခုမူ....

လီယန်ယင်းကို ချစ်မိသည့်စိတ်ကို အားအင်အဖြစ် အသုံးပြုကာ လီတတ်ကြည်၏ ဓားချက်ကို ကြိုးစား ခုခံလိုက်နိုင်ခြင်း ဖြစ်သည်။





အချစ်စိတ်သည် လူငယ် လူရွယ်များကို ကြီးမားသော အားအင်များ ပေးနိုင်သည် မဟုတ်ပါလား။

× × ×

ယိခွန်လွန်က လီယန်ယင်းကို လှမ်းကြည့်သည်။

လီယန်ယင်းက လှပစွာ ပြုံးပြသည်။

လီယန်ယင်း၏ အပြုံးသည် ယိခွန်လွန်အတွက် ကြီးမားသော အားဆေးကြီးပင် ဖြစ်သည်။

ယိခွန်လွန်က လီတတ်ကြည်ကို လှမ်းကြည့်ပြီး။

"နတ်ဆိုးနိုင်ဓားကွက်ဟာ တကယ်ပဲ ထက်မြက်ပြင်းထန်ပါတယ်၊ ကဲ....နောက်ထပ်ဓားချက် ခုတ်နိုင်ပါပြီ"

လီတတ်ကြည် ဒေါသ ထောင်းကနဲ ထွက်သွားသည်။

လီတတ်ကြည်သည်ဓားကိုတချက်ဝင့်သည်။

ပြီးနောက် ယိခွန်လွန်ကိုဝိုက်ကာ ပိုင်းလိုက်သည်။

ဒုတိယခုတ်ပိုင်းချက်။

သည်ခုတ်ချက်သည် ပထမဓားချက်ထက် ပို အာ ကွက်ဆန်းသည်။

ပိုလည်းအားပြည့်သည်။

ပိုလည်း မြန်ဆန်သည်။

ဓားလှုပ်ရှားသည်ကိုပင် မမြင်ရ။

ဓားရောင်တချက်သာ လက်ကနဲ ဖြစ်သွားသည်။

ဓားချက်လွှမ်းမိုးမှုကလည်း လေပြင်းမုန်တိုင်းကြီး ပြင်းထန်စွာ တိုက်ခတ်လာသည့် အသွင်မျိုး။

လီယန်ယင်း ရင်ထိတ်သွားရပြန်သည်။

အသက်ကို အောင့်ထားသည်။

မျက်တောင်ပင်မခတ်။

လှုပ်ရှားမှုကို တခုမလွတ်ရအောင် ကြည့်နေသည်။

သည်ဓားချက်ကို ယိခွန်လွန် ခုခံနိုင်ပါမည်လား ဟုလည်း ရင်ထဲတွင် စိုးရိမ်ထိတ်လန့်နေသည်။

ယိခွန်လွန် ကိုယ်တိုင်မှာလည်း ရင်ထိတ်နေသည်။

စိတ်လှုပ်ရှားနေသည်။





သည်လိုအခြေအနေမျိုးတွင်စိတ်လှုပ်ရှား၍မဖြစ်မှန်း ယိခွန်လွန် သိပါသည်။

သို့သော်....

ဘယ်လိုမှ စိတ်ကိုတည်ငြိမ်အောင် လုပ်၍မရ။

ယိခွန်လွန်သည် ရှိသမျှ အားအင်များကို အကုန်ထုတ်သုံးကာ ဇွတ်မှိတ်၍ ခုခံလိုက်သည်။

"ချွမ်း...."

ဓားချင်းဆိုင် ထိမိပြန်သည်။

သည်တကြိမ် ဖိနှိပ်လာသည့်အားအဟုန်ကလည်း စောစောက တကြိမ်ထက် ပိုမိုပြင်းထန်သည်။

ယိခွန်လွန်မှာ ရင်တွေတုန်သွားသည်။

အသက်ရှူလည်း မှားသွားသည်။

မျက်လုံးများ ဝေသွားသည်။

လက်ထဲမှဓားရှည် လွတ်မထွက်သွားအောင်ပင် မနည်းထိန်းသိမ်းထားရသည်။

ခေါင်းထဲတွင် မိုက်ကနဲဖြစ်ကာ ဒူးညွှတ် လဲကျလုမတတ်ပင် ဖြစ်သွားသည်။

မနည်းပင် အားတင်းကာ ရပ်နေရသည်။

မည်သို့ဖြစ်စေ....

ယိခွန်လွန်သည် လီဘတ်ကြည်၏ ဒုတိယ ဓားချက်ကိုလည်း ခုခံလိုက်နိုင်ပေပြီ။

လီ ယန်ယင်းသည်အသက်အောင့်ထားရာမှလေပူကြီးတချက် မှုတ်ထုတ်လိုက်သည်။

"ဟူး...."

× × ×

လီတတ်ကြည်....

အတော်ပင် အံ့သြနေသည်။

မယုံနိုင်အောင်လည်း ဖြစ်နေသည်။

ယိခွန်လွန်သည် မိမိ၏ ဓားချက်တချက်ကို၂င် ရင်ဆိုင် ခုခံခြင်း မပြုနိုင်ဟု လီတတ်ကြည် တွေးထင်ထားခဲ့သည်။

ယခုတော့....

ယိခွန်လွန်က ဓားချက်နှစ်ချက်ကို၂ါ ခံနိုင်နေသည်။

ဘာကြောင့်ပါနည်း။





ယိခွန်လွန်၏ အတွင်းအား သိုင်းပညာနှင့် အတွေ့ အကြုံ တို့မှာ မိမိထက် များစွာ အားနည်းနေသည်။

ဓားချက်များကို ရင်ဆိုင်ရာတွင်လည်း ယိ ခွန် လွန် သည် ယိမ်းယိုင်ကာ လဲကျလုမတတ် အခြေအနေ ဆိုးသွားသည်ကို လည်း လီဘတ်ကြည် တွေ့ရသည်။

သို့သော်....

ယိခွန်လွန်သည် တောင့်ခံနိုင်သည်။ လဲကျမသွား။

ဤသို့ ကြံ့ကြံ့ခံနိုင်အောင် မည်သည့်နေရာက အားအင် များ ရရှိလေသနည်း။

ယခု....

တတိယဓားချက်သာ ကျန်တော့သည်။

တတိယနှင့် နောက်ဆုံးဓားချက်။

သို့မဟုတ်....

အဆုံးအဖြတ် ပေးတော့မည့် ဓားချက်။

ဤဓားချက်ကို ယိခွန်လွန် ခုခံနိုင်လျှင်။

လီတတ်ကြည်အဖို့ သမီးကို ဆုံးရှုံးလက်လွှတ်ရတော့မည်။

လီယန်ယင်းကို ယိခွန်လွန်နောက်သို့ ထည့်လိုက် ရမှုသည် လီဘတ်ကြည်အတွက် သမီးတယောက်ဆုံးရှုံးခြင်းသာမဟုတ်....

မျိုးဆက်သိုင်းပညာကို ယိခွန်လွန်ထံ ပေးလိုက်ရခြင်းလည်း ဖြစ်သည်။

ထို့ပြင်....၊

လီတတ်ကြည်၏မာန၊ ဂုဏ်သိက္ခာနှင့် အမည်တို့ အရေးနိမ့်ရခြင်းလည်း ဖြစ်မည်။

သည်ဓားချက်တွင်တော့ အနိုင်ရမှ ဖြစ်မည်။

နိုင်အောင်ခုတ်ရမည်။

အစွမ်းကုန်သုံးကာ ခုတ်ရမည်။

လီဘတ်ကြည် စိတ်ထဲတွင် မိမိကိုယ်မိမိ အားပေးနေမိသည်။

× × ×



## အခန်း (၂၉)

လီတတ်ကြည်က နောက်ဆုံးဓားချက် ခုတ်ချလိုက်ပြီ။

မိမိ ရှိသမျှစွမ်းအား၊ မိမိတသက်လုံး လေ့ကျင့်ထားခဲ့မှု၊ ဒါတွေအားလုံးကို လီတတ်ကြည်က ဤဓားချက်ထဲတွင်တော့ ထားခဲ့သည်။

ခုတ်ချရာတွင်လည်း ပထမနှင့်ဒုတိယ ဓားချက်များတုန်းကလို ဓားကွက်ဘာကွက် ဓားဟန်တချက်ဖြင့် ခုတ်ချခြင်းမဟုတ်။

ဓားရှည်ကို နတ်ဆိုးနိုင်ဓားကွက် ကွက်ပြည့် လှုပ်ရှားပြီးမှ နတ်ဆိုးနိုင်ဓားကွက်၏ အထက်မြက်ဆုံးဖြစ်သော ဓားချက်ဖြင့် ထိုးနှက်လိုက်ခြင်းဖြစ်သည်။

လီဘတ်ကြည်သည် ယိခွန်ယွန်ကို အပြတ်နှိမ်ချင်စိတ်လွန်ကဲလှသောကြောင့် ညှိမျှရက်စက်ကြမ်းတမ်းသော ဓားချက်ကို ထုတ်သုံးလိုက်ခြင်းဖြစ်သည်။

လီတတ်ကြည်က ဓားချက်ကိုစလိုက်သည်နှင့် မမျှော်လင့်သောအဖြစ် ပေါ်ပေါက်လာသည်။

"ဖေဖေကြီး...."

လီယန်ယင်းက အလန့်တကြားအော်လိုက်သည်။

အော်သံကြောင့် လီတတ်ကြည်သည် ဓားကွက်ကို ထိုးနှက်ယင်း လီယန်ယင်းကိုလှမ်းကြည့်လိုက်သည်။

မြင်ရချက်မှာ သက်သာဖွယ်ရာမရှိ။

အကြောင်းမှာ....

လီယန်ယင်းသည် သူ့ကိုသူသေကြောင်းကြံတော့မည့်အဖြစ်ကို မြင်လိုက်ရသောကြောင့်ပင်။

တွေ့ရပုံကိုကြည့်ပါဦး။

လီယန်ယင်းသည် လခြမ်းဓားကို ညာလက်တွင် ကိုင်ထားသည်။

ဓားသွားက လည်ပင်းတွင် တေ့ကပ်လျက်။





ဓားကိုတချက်ဆွဲလိုက်သည်နှင့် လည်ပင်းပြတ်သွားမည်။

လီယန်းယင် အသက်နှင့်ကိုယ် အိုးစားကွဲသွားမည်။

ဤမြင်ကွင်းကြောင့်၊

လီတတ်ကြည် စိတ်လှုပ်ရှားသွားသည်။

အာရုံတွေပြားသွားသည်။

ထိုအခါ....၊

ခုတ်ပိုင်းထိုးနှက်လိုက်သော ဓားချက်မှာ အင်အား လျော့သွားသည်။

ပြင်းထန်သင့်သလောက် မပြင်းထန်တော့။ ထက်မြက် သင့်သလောက် မထက်မြက်တော့။

သိုင်းသမားများအဖို့ သိုင်းကွက် လှုပ်ရှား တိုက်ခိုက်ရာတွင် စိတ်အာရုံတည်ငြိမ်ရန်မှာ အထူးပင်အရေးကြီးလှသည်။

စိတ်အာရုံလှုပ်ရှားပါက အမှားတွေ့တတ်သည်။

ယိခွန်လွန်သည် ကျန်ရှိသမျှသော အားဇင် စွမ်းပကားအကုန်ထုတ်သုံးကာ လီတတ်ကြည်၏ဓားချက်ကိုခုခံလိုက်သည်။

"ချွမ်း"

ဓားနှစ်လက် တတိယအကြိမ်အဖြစ် ပြင်းထန်စွာ ဆိုင်မိသည်။

ယိခွန်လွန်သည် လီတတ်ကြည်၏ တတိယဓားချက်ကိုလည်း ခုခံလိုက်နိုင်သည်။

သို့သော်....၊

ပြင်းထန်သောအားအကုန်ဖိနှိပ်မှုကြောင့် ယိခွန်လွန် နောက်သို့လွင့်ထွက်သွားသည်။

ဓားရှည်ကိုလည်း မြဲမြံစွာမကိုင်နိုင်တော့။

ယိခွန်လွန်၏လက်မှ ဓားရှည်လွတ်ထွက်သွားသည်။

ယိခွန်လွန်၏ပါးစပ်မှလည်း သွေးတွေအန်ကျလာသည်။

ရင်ဘတ်တွင် အောင့်နေသည်။

အသက် ကောင်းကောင်းမရှူနိုင်။

အကယ်၍....၊

လီယန်းယင်ကသာ လီတတ်ကြည်ကို စိတ်အာရုံ လှုပ်ရှားအောင်မလုပ်ခဲ့လျှင်ယိခွန်လွန်အဖို့ဓားချက်ကိုခုခံနိုင်မည်မဟုတ်။

လီတတ်ကြည်၏ ပြင်းထန်သောဓားချက်ကြောင့် ယိခွန်လွန်အသက်နှင့်ကိုယ် အိုးစားကွဲရမည်သာဖြစ်သည်။





ယိခွန်လွန်မှာ ဒဏ်ရာရခဲ့သော်လည်း စိတ်ထဲတွင် ဝမ်းသာနေသည်။

ဓါးချက်သုံးချက်ကို ခုခံနိုင်ပြီမို့၊

ချစ်သူကို သိမ်းပိုက်နိုင်တော့မည် မဟုတ်ပါလား။

× × ×

ယိခွန်လွန်သည် ဒဏ်ရာကိုအားတင်းခံကာ အားရဝမ်းသာတချက်ခုန်လိုက်သည်။

ပြီးနောက်၊

လီတတ်ကြည်ထံသို့ လျှောက်သွားသည်။

လီတတ်ကြည်ရှေ့တွင် ဒူးထောက်ထိုင်ကာ ရိုသေစွာ ဦးချကန်တော့သည်။

ပါးစပ်မှလည်း....

"ကျွန်တော့် အပေါ် သက်ညှာပြီး ဓားချက်ကို အားလျှော့ခုတ်ပိုင်းခဲ့တာကြောင့် ကျွန်တော် အသက်ရှင်သန်ခဲ့ရပါတယ်၊ ယောက္ခမကြီးကို ကျွန်တော်ရိုသေစွာကန်တော့ပါတယ်"

လီတတ်ကြည်၏မျက်နှာထား တင်းမာသွားသည်။

လီတတ်ကြည်က ခက်ထန်သောလေသံဖြင့်၊

"ဟေ့ ကောင်ဘာစကားပြောနေတာလဲ၊မဟုတ်တရုတ်တွေဘယ်သူက. မင်းယောက္ခမလဲ၊ တောက် ငါထပ်ပြီးခုတ်ချလိုက်ရလို့ သေတော့မှာပဲ၊ မင်း....မင်း ကြပ်ကြပ်သတိထား"

ဟု ဟိန်းဟောက် ပြောဆိုနေသည်။

လီယန်ယင်းသည် ဓားကိုပြန်သိမ်းကာ လီတာတ်ကြည်ရှိရာသို့ ပြေးလာလေသည်။

လီယန့်ယင်းသည်ဖခင်ရှေ့တွင် ဒူးထောက်ကာကန်တော့ပြီး၊

"ဖေဖေကြီးရယ် သူ့ကို သားမက်အဖြစ် အသိအမှတ်ပြုလိုက်ပါ ကျွန်မတောင်းပန်ပါတယ်၊ သူဟာသိုင်းသမားကောင်းတယောက်ပါ၊ ကျွန်မတို့ရဲ့ မျိုးဆက်သိုင်းပညာကို...."

လီတာတ်ကြည်က ဝမ်းခေါင်းသံကြီးဖြင့်။

"တိတ်.."

လီဘတ်ကြည် ဟန့်တားလိုက်မှုကြောင့် လီယန့်ယင်းမှာ ပါးစပ်ပိတ်သွားသည်။

လီတာတ်ကြည်က အော်ဟစ်ရယ်လိုက်သည်။

ရယ်မောသည့်အသံက ဝမ်းနည်းသံအပြည့်။

လီဘတ်ကြည် ရယ်သံကြီးမှာ တုန်းယိကျွန်းတခုလုံး ဟိန်း၍ သွားသည်။

နဂါးကြီးတကောင် ဒေါသကြီးစွာ အော်ဟစ် နေသလို အသံက ကျယ်လောင်လှသည်။

ရယ်သံကြောင့် သစ်ပင်မှ သစ်ရွက်များပင် လှုပ်ခါသွားကြသည်ဟု ထင်ရသည်။





ယိခွန့်လွန်နှင့် လီယန်ယင်းတို့နှစ်ယောက်သည် ဒူးထောက်ထိုင်နေကြရာမှ လီတာတ်ကြည်ကို မော့ကြည့်နေကြသည်။

သူတို့နှစ်ယောက်မှာ စကားမဆိုရဲကြ။

နှုတ်ပိတ်နေသည်။

လီတာတ်ကြည်က အတန်ကြာအောင် ရယ်မောနေသည်။

ထို့နောက်....

ရယ်မောခြင်းကို တိကနဲ ရပ်လိုက်သည်။

ပြီးလျှင်....

လက်တွင်ကိုင်ထားသောဓားကို တအားကုန် ပစ်ထုတ်ပစ်လိုက်သည်။

ဓားက သက်ဘန့်ဘခုလို အရောင်ဖြာကာ ပင်လယ်ပြင်ဘက်သို့ လွင့်ထွက်သွားသည်။

ဝေးလံသော နေရာသို့ရောက်မှ....

ပင်လယ်ပြင်ထဲသို့ ကျသွားသည်။

ဓား ပင်လယ်ထဲသို့ကျသွားပြီးမှလီတာတ်ကြည်က ယိခွန့်လွန်နှင့် လီယန်ယင်းတို့ကို ကြည့်လိုက်သည်။

လီတာတ်ကြည်၏ မျက်နှာထား အလွန်ခက်ထန် တင်းမာနေသည်။

သို့သော်....

မျက်လုံးများတွင်တော့ အဓိဆွေးရိပ်သန်းနေသည်။

မျက်ရည်များ ယစ်ဝဲနေသည်။

လီတတ်ကြည်က ယိုခွန်လွန်တို့ကို ကြည့်လိုက်ပြီး။

"အေး....ငါပြောထားတဲ့ စကားအတိုင်း၊ ငါ့ရဲ့ ခေါ်ချက်သုံးချက်ကို ခုခံနိုင်ခဲ့တဲ့အတွက် မင်းတို့နှစ်ယောက် လက်ထပ်နိုင်ပြီ၊ ဒီနေရာကလဲ အေးအေးဆေးဆေး ထွက်သွားခွင့်ပြုတယ်၊ ဒါပေမယ့်...."

လီတတ်ကြည်က စကားကို ခေတ္တရပ်သည်။

လီယန်ယင်းမှာ မိမိနှင့် ယိုခွန်လွန်ကို လက်ထပ်ရန် ဖခင်က သဘောတူ ခွင့်ပြုမှုကြောင့် ဝမ်းသာမိသည်။

သို့သော်....

'ဒါပေမယ့်'ဟု စကားခံထားသည့်အတွက် အတွေးရခက်နေသည်။

ဒါပေမယ့်၊ ဘာဖြစ်မည်နည်း။

လီဘတ်ကြည် ဆက်ပြောလာမည့် စကားကို စိုးရိမ်စိတ်ဖြင့် စောင့်နေရသည်။

လီတတ်ကြည်က ဆက်လက်၍....





"ဒီနေ့၊ ဒီရက်၊ ဒီအချိန်ကစပြီး၊ မင်းတို့ဟာ ငါနဲ့ ဘယ်လိုမှ မပတ်သက်ကြတော့ဘူး၊ ငါ့သမီး၊ ငါ့သားမက် ဆိုတဲ့ အပြောမျိုး မပြောကြနဲ့ ကုန်ကုန်ပြောမယ်၊ ငါ့နာမည်ကိုတောင် ထုတ်မသုံးရဘူး"

သေခန်းဖြတ်သည့် သဘောမျိုးမို့ လီယန်ယင်း ရင်နင့်သွားသည်။

လီတတ်ကြည်သည် လီယန်ယင်းကို လက်ညှိုးဖြင့် ဝေါက်ကနဲ ထိုးလိုက်ပြီး။

"မင်း....သေသေ ချာချာမှတ်ထား၊ ငါသင်ပေးထားတဲ့ နတ်ဆိုးနိုင် ခေါ်းကွက် အပါအဝင် မျိုးဆက်သိုင်းပညာတွေကို ထုတ်မသုံးရဘူး၊ မင်းက မင်းချစ်သူကို မင်းကိုယ်ဘိုင်ရွေးချယ်ခဲ့ဘာဆိုတော့ မင်းဘဝကိုလဲ မင်းဘာသာမင်းပဲ လျှောက်ပေတော့"

စကားဆုံးသည်နှင့်....

လီတတ်ကြည်သည် ပြေးထွက်သွားသည်။

တအားကုန် ပြေးသွားသည် ဖြစ်သောကြောင့် တခဏအတွင်းမှာပင် လီယန်ယင်းတို့၏မြင်ကွင်းမှ ပျောက်သွားသည်။

× × ×

## အခန်း (၃၀)

လီယန်ယင်း စိတ်အလွန်လှုပ်ရှားသည်။
ဝမ်းသာမှုနှင့် ဝမ်းနည်းမှု။
ဆန့်ကျင်ဘက်နှစ်ခုကို တချိန်တည်း ခံစားနေရသည်။

လီတတ်ကြည် မြင်ကွင်းမှ ပျောက်သွားသည့်ဘိုင် လီယန်ယင်းသည် ဖခင်ပြေးထွက်သွားရာဘက်ကို ငေးမောကြည့်နေမိသည်။

လီယန်ယင်းမှာ ဘဝတသက်သာတွင် မကြုံဖူးသောအဖြစ်ကို ယခုကြုံတွေ့နေရသည်။

ဖခင်အရင်းက သေခန်းဖြတ်စွန့်ပယ်ခြင်းနှင့် အသက်တမျှ ချစ်ရသည့် ချစ်သူနှင့် အဘူဘာဘူ ပေါင်းဘက်ရခြင်း တို့သည် တချိန်တည်း တပြိုင်တည်းတွင် ဖြစ်ပေါ်လာခဲ့သည်။

လီယန်ယင်းအခနန္နင့်တော့။

ဖခင်၏ သမီးချစ်လည်း ဖြစ်လိုသည်။

ချစ်သူ၏ ဇနီးအလိမ္မာလည်း ဖြစ်လိုသည်။

သို့သော်....

လီယန်ယင်း၏ဘာဝကံက တမျိုးဖန်လာသည်။

ထိုအဖြစ်နှစ်ခုကို ပြိုင်တူမရနိုင်တော့။

မည်သို့ပင်ဆိုစေ။

မိန်းမသားတယောက်အဖို့ အချိန်တန် အရွယ်ရောက်ပါက မိဘ၏ အရိပ်အာဝါသမှနေ၍ ခင်ပွန်းသည်နောက်သို့ ထွက်ခွာလိုက်ပါရမြဲပင်တည်း။

လီယန်ယင်း၏စိတ်ထဲတွင် ဟာလာ ဟင်းလင်းလို ဖြစ်နေသည်။

ဘာကိုမျှမသိ။

ခေါင်းထဲတွင် ဘာမျှမသိ။





အသိဉာဏ် ပျောက်နေသလိုလို။

လူမှာလည်း မလှုပ်မယှက်ငေးငိုင်လျက် ရှိနေသည်။

အချိန်မည်မျှ ကုန်သွားသည်ကိုလည်း မသိနိုင်။

နောက်ဆုံးတွင်....

ယိခွန်လွန်၏ ကြင်နာသော စကားသံကို ကြားရမှ လီယန်ယင်း ပတ်ဝန်းကျင်ကို ပြန်သတိဝင်လာသည်။

"မငိုပါနဲ့ ညီမရယ်၊ အခုလောလောဆယ်မှာတော့ ညီမရဲ့ ဖေဖေကြီးက စိတ်ဆိုးနေတုန်းမို့ မစဉ်းစားနိုင်ပဲ ဟောဟော ဒိုင်းဒိုင်း ပြောသွားတာပါ"

လီယန်ယင်းက ယိခွန်လွန်ဘက်သို့လှည့်ကြည့်သည်။

ယိခွန်လွန်က အားပေးသောအပြုံး၊ ပြုံးကာဆက်လက်ပြီး....

"အချိန်ကာလ အပိုင်းအခြားတခု ကျော်လွန်သွားပြီးတဲ့ နောက်ဘော့ ညီမဖေဖေကြီးလဲ ဒေါသတွေ ပျက်ပြယ်သွားမှာ ပါ ဒေါသကြောင့်ပြောခဲ့တာတွေကိုလဲ သူကပြောင်းလဲပစ်ပါ လိမ့်မယ် စိတ်ထိခိုက်မနေပါနဲ့ကွယ်"

လီယန်ယင်းကတချက်ရှိုက်လိုက်ပြီး။

"ကျွန်မတို့ဘာလုပ်ကြမလဲဟင်"

ယိခွန်လုန်ကကြင်နာသောလေသံဖြင့်....။

"အစ်ကိုတို့နှစ်ယောက် ဒီကနေအမြန်ဆုံး ထွက်ခွာသွားရမယ်လေ"

"ပြီးတော့ကော...."

"ပြီးတော့ လူသူကင်းဝေးပြီး အေးအေးချမ်းချမ်းနေထိုင်နိုင်တဲ့နေရာကိုရှေ့ ပြီး အခြေချနေကြမယ်၊ အဲဒီနေရာလေးမှာ ဆယ်နှစ်လောက်နေပြီး တုန်းယိကျွန်းကို အလည်သဘောပြန်လာကြမှာပေါ့။ အဲဒီအချိန်ကျယင် ညီမဖေဖေကြီးလဲ ဒေါသစိတ်တွေပြေပျောက်နေလောက်ပါပြီ၊ အဲဒီအခါကျယင် သူ့ကို အကျိုးအကြောင်း သေသေချာချာပြော ဆိုတောင်းပန်ကြတာပေါ့။ ဒီလိုဆိုယင် ညီမဖေဖေကြီးကလဲ စိတ်ပြေသွားပါလိမ့်မယ်၊ ဘယ်နှယ်လဲ အစ်ကိုပြောတာ မကောင်းဘူးလား"

ယိခွန်လွန်က သူ့ချစ်သူ လီယန်ယင်း စိတ်အေးချမ်းသာစေရန်အတွက် ဖြေသိမ့်ပေးသည်။

ထို့ပြင်....။

လီယန်ယင်း၏မျက်ရည်စများကိုလည်း သုတ်ပေးသည်။





လီယန်ယင်းမငိုတော့ပါ။

လှုပ်ရှားနေသော စိတ်များလည်း တည်ငြိမ်သင့်သလောက် ပြန်တည်ငြိမ်လာသည်။

လီယန်ယင်းက ယိခွန်လွန်ကို အကဲခတ်ကြည့်သည်။

ယိခွန်လွန်၏မျက်နှာမှာ ဝါကျင့်ကျင့်ဖြစ်နေသည်။

ပါးစပ်မှလည်းသွေးများစီးကျနေသည်။

သည်လိုအခြေအနေမျိုးကိုမြင်ရတော့။

လီယန်ယင်းမှာ ယိခွန်လွန်အတွက် စိုးရိမ်လာရပြန်သည်။

မိမိကိုချစ်မိသည့်အတွက် ယိခွန်လွန်ယခုလို ထိခိုက်အနာတရဖြစ်သည်မို့ လီယန်ယင်းစိတ်မကောင်း။

မျက်ရည်များလည်လာပြန်သည်။

ဒါပေမယ့်....။

လီယန်ယင်းမငိုပါ။

မငိုမိအောင်လည်း အားတင်းကာထိန်းထားသည်။

"အစ်ကို့ ဒဏ်ရာတွေ သိပ်ပြင်းသလားဟင်၊ ပိုဆိုးလာသလား နေရတာဘယ့်နှယ်နေလဲ"

လီယန်ယင်းကမေးလိုက်သည်။

ယိခွန်လွန်က အသာပြုံးပြကာ....

"ဒဏ်ရာကတော့အတော်ပြင်းပါတယ်၊ ဒါပေမယ့် သိပ်မစိုးရိမ်ပါနဲ့ အစ်ကိုတောင့်ခံထားနိုင်ပါတယ်။ အေးအေးဆေးဆေးအနားယူကုသလိုက်ယင် တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ကျွန်မကြောင့် အခုလိုဖြစ်ရတာကို ကျွန်မ စိတ်မကောင်းဘူးသိလား"

"ဒါတွေပြောမနေပါနဲ့တော့ ညီမရယ်၊ ကဲ အစ်ကိုတို့နှစ်ယောက် ဟောဒီတုန်းယိကျွန်းမှာ ဆက်နေကြလို့လဲ ဘာမျှအကြောင်းမထူးဘူး။ ဒီတော့ အချိန်ရှိတုန်း အမြန်ထွက်သွားကြပါစို့နော်"

လီယန်ယင်းကခေါင်းညိတ်ပြသည်။

ဤသို့ဖြင့် သူတို့နှစ်ယောက်သည်၊ ကျောက်စွန်းကြီးမှဆင်းလာခဲ့ကြသည်။

ပြီးနောက်....။

ယိချွန်လွန့်ဝှက်ထားသော လှေရှိရာသို့လာခဲ့သည်။

ထိုလှေပေါ်တွင် နှစ်ယောက်အတူစီးကာ တုန်းယိကျွန်းမှ ထွက်ခွာလာခဲ့လေတော့သည်။







လီယန်ယင်းအဖို့ အပြစ်ကင်းစင်သည့် မိန်းမပျိုဘဝကုန်ဆုံးသွားပေပြီ။

ခင်ပွန်းသည်နှင့်အတူ ဘဝတိုက်ပွဲကိုဝင်ရပေတော့မည်။

လှေကလေးက ကုန်းမြေသို့ဦးတည်သွားနေသည်။

လီယန်ယင်းကြီးပြင်းခဲ့ရာ တုန်ယိကျွန်းမှာ ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့လေသည်။

× × ×

## အခန်း (၃၁)

မိန်းမပျိုက သူမ၏ဇာတ်ကြောင်းကို ပြောပြသည်။

"ကျွန်မတို့ သင်မယားနှစ်ယောက်ဟာ မြောင်ချန်နယ်က ရွာလေးတရွာမှာ အေးအေးချမ်းချမ်းသွားနေခဲ့ကြပါတယ်။ ဒီလိုနဲ့ဆယ်နှစ်လောက် အကြာမှာ တုန်းယိကျွန်းကိုပြန်ပြီး ဖေဖေကြီး စိတ်ပြေပျောက်အောင် တောင်းပန်မယ်အကြံမှာ မမျှော်လင့်ပဲ နတ်ဆိုးကြီးချဲယွင်ထိန်နဲ့ ရန်ငြိုးရန်စ ဖြစ်ခဲ့ရတာပါပဲ....

ချယ့်ထိန်က လူတစုကို အနိုင်ကျင့် သတ်ဖြတ်နေတာကို ကျွန်မတို့တွေ့ရတာနဲ့ မတရားတာကိုကြည့်မနေနိုင်ပဲ ဝင်ရောက်စွက်ဖက် ကူညီခဲ့မိပါတယ်။ အဲဒါကို ချယ့်ထိန်က ရန်ငြိုးဖွဲ့ပြီး ကျွန်မတို့မိသားစုကို သဲကြီးမဲကြီး လိုက်ရန်ရှာနေတာပါပဲရှင်"

ကျန်းကြည်တင်းကကြားဖြတ်၍....။

"ခင်ဗျားဟာ နတ်ဆိုးနိုင် ဓားသိုင်းကို တတ်မြောက်ထားတယ်၊ ပြီးတော့ ခင်ဗျားမှာ အဆိပ်ဖြေ လခြမ်းဓားလဲ ရှိတယ်၊ ဒါနဲ့တောင် ဘာကြောင့် ချယ့်ထိန်ကို အဲဒီအချိန်တုန်းက အပြတ်မနှိမ်ခဲ့တာလဲ"

ဟု သိလိုနေသည့်အကြောင်းကို မေးလိုက်သည်။

ကျန်းကြည်တင်းသည် ဤအကြောင်း မေးလိုသည်မှာကြာပြီ။

မေးမည်လုပ်တိုင်း အခါအခွင့်မသာသောကြောင့် မမေးဖြစ်ခဲ့ပေ။

မိန်းမပျိုက သက်ပြင်းတချက်ချလိုက်သည်။

ပြီးမှ....။





"ကျွန်မရဲ့ချီးဆက်သိုင်းပညာကို အသုံးမပြုရဘူးလို့ ဖေဖေကြီးကိုယ်တိုင်က ကွပ်ညှပ်သတ်မှတ်ခဲ့တယ်လေ၊ ဒါကြောင့် ကျွန်မဟာ တကယ့် အန္တရာယ်ဆိုး ရင်ဆိုင်တာတောင်မှ နတ်ဆိုးနိုင်ဓားကွက်ကို ထုတ်မသုံးခဲ့ဘူး။ လခြမ်းဓားကိုအသုံးပြုမတိုက်ခိုက်ခဲ့ဘူး။ ဒီအတွက်ကြောင့် ကျွန်မခင်ပွန်းသည် သေဆုံးခဲ့ရပြီး သမီးအာစန်းလဲ ရှင်ကွဲကွဲပြီးပျောက်ဆုံးခဲ့ရပါတယ်။ ကျွန်မဟာ ကျွန်မရဲ့ ခင်ပွန်းသည်ရဲ့ အသက်နဲ့လဲပြီး ဖေဖေကြီးရဲ့ ပညတ်ချက်ကိုစောင့်ထိန်းခဲ့ပါတယ်"

မိန်းမပျို လိယန်ယင်း၏ စကားကို ကြားရသူတိုင်း ရင်ထုမနာ ဖြစ်ကြရသည်။

ဖခင်ဖြစ်သူ၏ ပညတ်ချက်ကို ဤမျှလောက်အထိပင် လိုက်နာထိန်းသိမ်းရလေသလောဟုလည်း ဂရုဏာဒေါသော ဖြစ်ရသည်။

"အခုကျတော့ ဘာကြောင့် လခြမ်းဓားကို ထုတ်သုံးပြီး နတ်ဆိုးနိုင်သိုင်းနဲ့ ချယ့်ထိန်ကို နှိမ်နင်း ချေမှုန်းခဲ့ရတာလဲ" ကျန်းကြည်ယင်းက မေးလိုက်ပြန်သည်။

ကျန်းကြည်ယင်းမေးသည်မှာ တကယ်ပင် ချက်ကျသည်မို့ ကျန်လူများကလည်း ခေါင်းညိတ်မိကြသည်။

လီယန်ယင်း မည်သို့ ပြန်အဖြေပေးမည်ကိုလည်း နားစွင့်နေကြသည်။

မိမိ၏ ,မိသားစုအပေါ် ကျရောက်မည့် ကြမ္မာဆိုးကိုပင် လခြမ်းဓားနှင့် နတ်ဆိုးနိုင်သိုင်းသုံးကာ အကာအကွယ်မပေးခဲ့ပဲ ယခု ထင်းရှူးစိမ်းဂေဟာတွင်မူ အဘယ်ကြောင့် လခြမ်းဓားနှင့် နတ်ဆိုးနိုင်သိုင်းတို့ကိုသုံးကာ တိုက်ပွဲဝင်ရပါသနည်း။

စဉ်းစားစရာပင်။

မေးခွန်းထုတ်စရာပင်။

"ရှင်မေးတဲ့ မေးခွန်းဟာ မေးထိုက်ပါတယ်၊ ရှင်တို့တတွေဟာ ကျွန်မကို မတွေ့ဖူး မသိဖူးကြပါပဲနဲ့ သိုင်းလောကသားတွေထားရမယ့် မေတ္တာ စေတနာထားပြီး ကျွန်မကို ကူညီခဲ့ကြတယ်၊ ကျွန်မကို ကူညီတဲ့အတွက် အမိုက်တကာ့ထိပ်ခေါင် အနက်ရောင်သိုင်းသမားကြီး ချဲယွင်ထိန်ရဲ့ အန္တရာယ်လက် ကျရောက်မှာကို သိလျက်နဲ့နောက်မဆုတ်ခဲ့ကြဘူး၊ ဒါဟာတကယ့်ကို မွန်မြတ်တဲ့ သိုင်းလောကသား မေတ္တာစေတနာပါပဲ၊ ဒီလို မွန်မြတ်တဲ့ စိတ်ထားရှိတဲ့ သိုင်းသမားတွေ ချဲယွင်ထိန်ရဲ့လက်





ချက်နဲ့ အသက် အန္တရာယ် ကြုံရမှာကို ကျွန်မ ဘယ်နည်းနဲ့မှ ကြည့်မနေနိုင်ဘူး၊ ရှင်တို့နဲ့ ချဲယွင်ထိန် အကြိတ်အနယ် တိုက်ခိုက်နေကြတုန်းမှာပဲ ကျွန်မဟာ နတ်ဆိုးနိုင် ဓားကွက်ကို သုံးနိုင်အောင် အတွင်းအား ရနိုင်သမျှ စုစည်းခဲ့တယ်၊ နောက်တော့ ကျွန်မဖေဖေကြီးရဲ့ပညတ်ချက်ကို ဖောက်ဖျက်ပြီး လ ခြမ်းဓားနဲ့ နတ်ဆိုးနိုင် သိုင်းကွက်ကိုသုံးပြီး ချဲယွင်ထိန်ကို နှိမ်နင်းချေမှုန်းခဲ့တာပါ၊ ဒီလိုလုပ်ခဲ့တဲ့အတွက် ဖေဖေကြီးက ကျွန်မကို အပြစ်ပေး ဒဏ်ခတ်မယ်ဆိုယင်လဲ ကျွန်မခံယူဖို့ အသင့်ပါပဲ"

ကွမ်းစုန်းကျင်က ခေါင်းကို တဆတ်ဆတ်ညိတ်ကာ....။

"လီတတ်ကြည်အကြောင်းကို ကျုပ်သိပါတယ်၊ လီဘတ်ကြည်ဟာ သူ့သိုင်းပညာအကြောင်းကို ဂုဏ်ယူပြီးမာန်ထောင်ပေမယ့် စိတ်ထားကတော့ဖြောင့်မတ်ပါတယ်၊ မတရားတာကို မလိုလားပါဘူး၊ မင်းရဲ့ လုပ်ဆောင်ချက်ကို လီတတ်ကြည်က အပြစ်တင်မှာ မဟုတ်ပါဘူး"

လီယန်ယင်းက ဘာမျှပြန်မပြောပေ။

မိမိဘဝဇာတ်ကြောင်းကို ပြောပြရသည့်အတွက်၊

လီယန်ယင်းအဖို့ အဟောင်းတို့သည် ပြန်လည်၍ အသစ်ဖွဲ့လာခဲ့ရသည်။

စိတ်ထဲတွင် အမှန်ပင် ဝမ်းနည်းကြေကွဲနေသည်။

လီယန်ယင်း အော်ဟစ်ကာ ငိုပစ်လိုက်ချင်သည်။

ငိုချင်ပါသော်လည်း ငို၍ မရပါ။

လီယန်ယင်း၏ မျက်ရည်တို့သည် သူမ၏ ရင်ထဲ အသည်းထဲသို့ စိမ့်ဝင်ကြကုန်လေပြီလား မပြောတတ်။

လီယန်ယင်းသည် အစားထိုးမရနိုင်သော ဆုံးရှုံးမှုကြီးများနှင့် ကြုံခဲ့သည်။

မျက်ရည်မကျ၊ မငိုကြွေးသော်လည်း လီယန်ယင်း၏ မျက်နှာလေးမှာ ညှိုးငယ်၍နေသည်။

"ပြီးခဲ့တာတွေလဲ ပြီးပါပြီ၊ ကံကြမ္မာက ဒီလိုဖြစ်ဖို့ဖန်လာတော့လဲ ဘယ်တတ်နိုင်မှာလဲ၊ ဖြစ်ပြီးသမျှတွေကို မေ့ပျောက်ပစ်ပြီး မင်းကိုယ်မင်းသာ ကျန်းမာလာအောင် ကြိုးစားပါကွယ်"

လီယန်ယင်း ဝမ်းနည်းနေမည်ကို အကဲခတ်မိသော ဖိန်စစ်ချန်းက အားပေးစကားပြောသည်။

ကွမ်းစုန်ကျင်ကလည်း....

"ကျုပ်ဟာ ဘာမှ မဟုတ်လောက်ပေမယ့် ကျုပ်ရဲ့ အိမ်ဂေဟာမှာတော့ လူတယောက်ကို ကောင်းကောင်း စောင့်





ရှောက်ထားနိုင်ပါတယ်၊ မင်းကသာ လိုလား သဘောတူမယ်ဆိုယင် ကျုပ်ဆီမှာ အေးအေးဆေးဆေး နေထိုင်ပြီး အနားယူနိုင်ပါတယ်၊ ကျုပ်မှာ သားသမီး မရှိပါဘူး။ မင်းကို သမီးတယောက်အဖြစ် စောင့်ရှောက်ပါ့မယ်၊ ပြီးတော့....

ကွမ်းစုန်းကျင်က လုဝေကို လက်ညှိုး ထိုးပြကာ ဆက်လက်၍....

"ဟောဒီ သမီးလေး လုဝေဟာ မိဘမဲ့လေးပါ၊ သူ့အတွက် မိခင်ကောင်းတယောက် လိုအပ်နေပါတယ်၊ လုဝေဟာ မင်းအပေါ်မှာလဲ အတော့်ကို သံယောဇဉ် တွယ်တာနေတာကို ကျုပ်တို့ အကဲခတ်မိပါတယ်၊ ဒါကြောင့် လုဝေကို မင်းရဲ့ သမီးအဖြစ်မွေးစားလိုက်ပါလားကွယ်၊ ဒါဆိုယင် လုဝေအဖို့ မိခင်ကောင်းတယောက်ရလဲရ၊ မင်းအဖို့လဲ ပျောက်ဆုံးသွားတဲ့ သမီးအတွက် ဖြေသိမ့်စရာရတာပေါ့"

ထိုအခါ....

လီယန်ယင်းက လုဝေကိုလှမ်းကြည့်လိုက်သည်။

လုဝေသည် လီယန်ယင်းအနားသို့ တိုးကပ်လာကာ...

"သမီး တို့နဲ့ အတူတူနေပါနော်"

ဟု ပြောလိုက်သည်။

လုဝေ၏ အပြောက လီယန်ယင်း၏ နှလုံးကို တုန်ခါသွားစေသည်။

လီယန်ယင်းက လုဝေကို တင်းကျပ်စွာ ပွေ့ဖက်လိုက်သည်။

ပါးစပ်မှလည်း....

"နေမှာပေါ့ သမီးလေးရယ်၊ သမီးလေးနဲ့ အတူတူနေမှာပေါ့"

ဤစကားများက လုဝေကို သမီးအဖြစ် မွေးစားမည်ဟု သဘောတူလိုက်သည့် အဓိပ္ပာယ်ပင်။

မိခင်မေတ္တာ ငတ်မွတ်နေသူ လုဝေသည် မိခင်ကောင်းတယောက် ရလိုက်သောကြောင့် အလွန်ဝမ်းသာသွားသည်။

"မေမေကြီး၊ မေမေကြီး"

လုဝေက အားပါးတရပင် ခေါ်သည်။

"သမီးလေးရယ်"





လီယန်ယင်းကလည်း ကြည်ကြည်နူးနူးပင် ပြန်ထူးသည်။

ဤမြင်ကွင်းများကိုကြည့်၍ ဤစကားများကို နားထောင်နေရသော ကွမ်းစုန်ကျင်နှင့် လူစုကလည်း ဝမ်းသာသွားကြသည်။

× × ×

## အခန်း (၄၂)

နောက်တနေ့တွင်....

ကွမ်းစုန်ကျင်က အခမ်းအနားလေးတခု ပြုလုပ်ပေးသည်။

ကွမ်းစုန်ကျင်က လီယန်ယင်းကို သမီးအဖြစ် မွေးစားမှုနှင့် လီယန်ယင်းက လုဝေကို သမီးအဖြစ်မွေးစားသည့် အခမ်းအနားလေးပင်။

အခမ်းအနားလေးသို့ တက်ရောက်သူလည်း သိပ်မများပါ။

ကွမ်းစုန်ကျင်၊ ဖိုန်စစ်ချန်း၊ ဟို့တုန်း၊ ကျန်ကြည်တင်း၊ လီယန်ယင်းနှင့် လုဝေတို့ သာဖြစ်သည်။

လူအများသည်လည်း အလွန်ပင်ကြည်နူးပျော်ရွှင်ရသည်။

အခမ်းအနားလေးပြီးသောအခါ ကျန်းကြည်တင်းနှင့် ဟို့တုန်းတို့က နှုတ်ဆက်စကားဆိုသည်။

ဟို့တုန်းက....

"ကျွန်တော်တို့ ညီနောင်နှစ်ယောက် ဆရာကြီးရဲ့ မွေးနေ့မင်္ဂလာပွဲကို လာခဲ့ကြတာ မမျှော်လင့်တဲ့ကိစ္စတွေ တွေ့ကြုံခဲ့ရတယ်၊ အမိုက်တကောင်ထိပ်ခေါင် အနက်ရောင် သိုင်းသမားဆိုးကြီးတယောက်ကိုလည်း ဖမ်းဆီးနိုင်ခဲ့တယ်၊ ဒီအတွေ့အကြုံတွေဟာ ကျွန်တော်တို့အဖို့ မမေ့နိုင်တော့ပါဘူး"

ကျန်းကြည်တင်းကလည်း၊

"ကျွန်တော်တို့ညီနောင်က နေပြည်တော်ရဲ့ တာဝန်ပေးချက်အရ နေရာအနှံ့ လှည့်လည်ပြီး ရာဇဝတ်မှုတွေ ပပျောက်အောင် ဆောင်ရွက်နေရတာဆိုတော့ မြို့ ရွာ နယ်ပယ် မျိုးစုံကိုရောက်ပါတယ်၊ လီယန်ယင်းရဲ့ ပျောက်ဆုံးနေတဲ့ သမီးလေးအာစန်းအကြောင်းကို ရောက်လေရာနေရာတွေမှာ လိုက်လံ စုံစမ်းပေးမယ်၊ သတင်းရတာနဲ့ ချက်ချင်း အကြောင်းကြားပါ့မယ်"





လီယန်ယင်းက ပြုံးရယ်ကာ....

"ဒီလိုကြားရတာ ကျေးဇူးတင်ပါတယ်ရှင်၊ ရှင်တို့ဆီက သတင်းကောင်းကို ကျွန်မ အမြဲစောင့်မျှော်နေပါ့မယ်"

နှုတ်ဆက်စကားများ ပြောဆိုပြီးနောက်ဟို့တုန်းနှင့် ကျန်းကြည်တင်းတို့ ထွက်ခွာသွားကြသည်။

ဟို့တုန်းတို့နှစ်ယောက် တွက်ခွါသွားပြီး အတန်ကြာသောအခါ ဖိုနစစ်ချန်းလည်း ထွက်ခွာသွားပြန်သည်။

"ကျုပ်ကတော့ တုန်းယိကျွန်းကိုသွားပြီး လီဘတ်ကြည်ကို အကြောင်းစုံ ပြောပြမယ်၊ သူ့ သမီးအပေါ်မှာ ကရုဏာ ဒေါသောနဲ့မာန်တက်ပြီး ပြောမိလုပ်မိတာတွေကို ပြန်ရုပ်သိမ်းဖို့ လီဘတ်ကြည်ကို ဖျောင်းဖျပေးပါ့မယ်"

ဖိန်စစ်ချန်း ထွက်ခွာမသွားခင် ဤသို့ပြောသွားခဲ့သည်။

× × ×

လီယန်ယင်းသည် ကွမ်းစုန်ကျင်၏ ထင်းရှူးစိမ်းဂေဟာတွင် ကွမ်းစုန်ကျင်၏သမီးအဖြစ် နေထိုင်နေခဲ့သည်။

ကောင်းစွာ အနားယူနိုင်သည်။

ကွမ်းစုန်ကျင်ကလည်းအနီးကပ်ကြည့်ရှုကာ အားဆေးများ ဖော်စပ်တိုက်ကျွေးသည်။

ဤသို့ဖြင့်....

တလခန့်အကြာတွင် လီယန်ယင်းမှာ ဒဏ်ရာ အနာရောဂါ များ ပျောက်ကင်းကာ ကျန်းမာလာသည်။

လုဝေသည် လီယန်ယင်းနှင့် မခွဲခွာပဲ အမြဲအတူတူ ရှိနေခဲ့သည်။

လီယန်ယင်းမှာ မှန်ကန်ကောင်းမွန်သောအတွင်းအားအခြေခံရှိသည်မို့ ကွမ်းစုန်ကျင်၏ ဆေးဝါးကုသမှုတွင် များစွာအကူအညီပေးနိုင်ခဲ့သည်။

နှစ်လခန့်အကြာတွင် ဖိန်စစ်ချန်းထင်းရှူးဂေဟာသို့ ရောက်လာသည်။

ဖိန်စစ်ချန်းရောက်လာသည်တွင် လီယန်ယင်းတို့အတော်ပျော်ရွှင်သွားကြသည်။

အဘယ်ကြောင့်ဆိုသော်၊





ဖိန်စစ်ချန်းနှင့်အတူ သတင်းကောင်း ပါလာသောကြောင့် ဖြစ်သည်။

ထိုသတင်းမှာ အခြားမဟုတ်။

လီတတ်ကြည်က လီယန်ယင်းအပေါ် စိတ်ဆိုးပြေကာ သူ၏ ပညတ်ချက်များကို ရုပ်သိမ်းသိမ်းလိုက်သည့် သတင်းပင်ဖြစ်သည်။

လီယန်ယင်းသည် ကွမ်းစုန်ကျင်၊ လုဝေတို့နှင့်အတူ တုန်ယိကျွန်းသို့သွားရောက်ကာ လီတတ်ကြည်ကို ကန်တော့သည်။

လုဝေ၏ သွက်လက်ချက်ချာမှုကြောင့် လီတတ်ကြည်သည် လုဝေကို အတော်ပင်ချစ်ခင်သွားသည်။

လီတတ်ကြည်က လုဝေအား မိမိတို့၏မျိုးဆက် သိုင်းပညာများ သင်ကြားပေးရန် လီယန်ယင်းအားခွင့်ပြုခဲ့သည်။

တုန်းယိကျွန်းမှပြန်လာပြီးနောက် လီယန်ယင်းသည် ထင်းရှူးစိမ်းဂေဟာတွင်ပင် ဆက်လက်နေထိုင်သည်။

လုဝေကိုလည်း တုန်းယိဂိုဏ်း၏ မျိုးဆက် သိုင်းပညာများ သင်ကြားလေ့ကျင့်ပေးသည်။

F.20

လုဝေကကြိုးကြိုးစားစားသင်ယူကာ သိုင်းပညာသင်ကြားပေးမှုမှာ အထူးပင် တိုးတက်မှုလျင်မြန်သည်။

မိမိငယ်စဉ်က သိုင်းပညာ လေ့ကျင့် သင်ယူရပုံအကြောင်းများကို လီယန်ယင်း ပြန်သတိရမိသည်။

လုဝေ၏တိုးတက်မှုများကြောင့် မိမိဝမ်းသာပီတိဖြစ်ရသလို မိမိ၏ဖခင် လီဘတ်ကြည်လည်း ဝမ်းသာပီတိဖြစ်ခဲ့ရမည်ဟု စာနာတွေးတောနေမိသည်။

မွေးစားသမီးလေး လုဝေကြောင့်ချမ်းမြေ့ကြည်နူးရသလို၊

ပျောက်ဆုံးနေသော အာစန်းအကြောင်း စဉ်းစားမိတိုင်း လီယန်ယင်း ဝမ်းနည်းရသည်။

လီယန်ယင်းသည် ကျန်းကြည်တင်းတို့ထံမှ သမီးလေး အာစန်းနှင့်ပတ်သက်၍ သတင်းထူးရလေမည်လားဟုလည်း စောင့်မျှော်နေသည်။

သို့သော်....

ကျန်းကြည်တင်းတို့ထံမှ သတင်းစကားရောက်မလာခဲ့ပါ။ သမီးအာစန်းအတွက် လီယန်ယင်း ဝမ်းနည်းပူဆွေးသော





အခါ ကွမ်းစုန်ကျင်နှင့် လုဝေတို့က တတ်နိုင်သမျှ အားပေးနှစ်သိမ့်ကြသည်။

ဤသို့ဖြင့် တနှစ်ခန့် အချိန်ကုန်လွန်သွားသည်။

× × ×

လီယန်ယင်း ထင်းရှူးစိမ်းဂေဟာသို့ ရောက်ရပြီး တနှစ်အကြာ။

တခုသော ညနေစောင်း၊

ထိုနေ့မှာသာယာသောနေ့တနေ့ဖြစ်သည်။

ဆောင်းတွင်းအချိန်မို့ နေရောင်ဖျော့သည့် ညနေပိုင်းရောက်သည်နှင့် အအေးဓာတ် ပေါ်လာသည်။

လီယန်ယင်းနှင့် လုဝေသည် ဂေဟာရှေ့ရှိ မြေကွက်လပ်တခုထဲတွင် ထိုင်နေကြသည်။

လွန်ခဲ့သည့် တနှစ်ခန့်က....

ဤနေရာတွင် နတ်ဆိုးကြီး ခဲ့ယွင်ထိန်နှင့် အကြိတ်အနယ်တိုက်ပွဲဆင်ခဲ့ကြရပုံများကို လီယန်ယင်း ပြန်စဉ်းစားမိသည်။

ထိုအခိုက်၊

ဂေဟာထဲသို့ဝင်သည့် လမ်းဆီမှ မြင်းခွာသံများကို ကြားရသည်။

"ခွပ် ခွပ် ခွပ်....ခွပ် ခွပ်"

လီယန်ယင်းက လုဝေကို အသာလက်တို့လိုက်ပြီး....။

"ဟော....မြင်းခွာသံတွေပါလား သမီး၊ ညနေ စောင်းမှ ဘယ်ကဧည့်သည် ရောက်လာလဲ မသိဘူး"

လုဝေကလည်း နားစွင့်လိုက်ပြီး....

"ခွာသံက မြင်းနှစ်စီးရဲ့ခွာသံပဲ၊ မြင်းစီးသမားနှစ်ယောက် လာနေတာ ဖြစ်လိမ့်မယ်"

လုဝေမှာ သိုင်းပညာလေ့ကျင့်မှု အတော် အောင်မြင်နေသည်မို့ နားပါး၍နေသည်။

လုဝေခန့်မှန်းသည်မှာ မမှားပါ။

အဘယ်ကြောင့်ဆိုသော်....

လုဝေ၏စကားဆုံးသည်နှင့် မြင်းစီးသမားနှစ်ယောက် မြင်းများကို ခပ်သွက်သွက် စိုင်းလျက် ပေါ်လာကြသောကြောင့် ဖြစ်သည်။

ထိုမြင်းစီးသမား နှစ်ယောက်ကို မြင်လိုက်သည်နှင့်၊

လီယန်ယင်းမှာလည်း ဝမ်းသာသွားရသည်။





ထိုမြင်းစီးသမားနှစ်ယောက်မှာ ဟိုတုန်းနှင့် ကျန်းကြည်တင်းတို့ပင် ဖြစ်သည်။

သူတို့နှစ်ယောက် ရောက်လာသည့်အတွက် ပျောက်ဆုံးနေသော သမီးလေး အာစန်းနှင့် ပတ်သက်ပြီး သတင်းထူးသိနိုင်မည် မဟုတ်ပါလား။

သတင်းကောင်းလော။

သတင်းဆိုးလော။

လီယန်ယင်း၏ စိတ်ထဲမှမူ သတင်းကောင်းကြားရပါစေဟု ဆုတောင်းမိသည်။

× × ×

## အခန်း (၃၃)

ဟို့တုန်းတို့က မြင်းများကို မြက်ခင်းအစပ်တွင် ရပ်လိုက်ကြသည်။

ပြီးနောက်....

နှစ်ယောက်သား မြင်းပေါ်က ဆင်းလိုက်ကြသည်။

လီယန့်ယင်းနှင့် လုဝေတို့ကလည်း၊

ထိုင်နေရာမှထကာ ဟို့တုန်းတို့ကို ကြည့်ကြသည်။

"ဆရာကြီးကော"

ဟို့တုန်းက မေးသည်။

"ဘာဘာ အိမ်ထဲမှာ ရှိပါတယ်"

လီယန်ယင်းက ပြန်ဖြေသည်။

"ဟော….ဘယ်သူတွေများလဲလို့၊ ဟို့တုန်းနဲ့ ကျန်းကြည်တင်းတို့ပါလား"

စကားသံကြားရပြီး အိမ်ဂေဟာထဲမှ ကွမ်းစုန်ကျင် ထွက်လာသည်။

လီယန်ယင်းသည် ဟို့တုန်းတို့ရောက်လာကြသည့် သတင်းကို မေးလိုလှပြီဖြစ်သည်။

သို့သော်….

ကွမ်းစုန်ကျင် ထွက်လာသည့်အတွက် ဟို့တုန်းတို့က သွားရောက် ဂါရဝပြုသောကြောင့် လီယန်ယင်းမှာ မေးလိုသည်ကို မမေးနိုင်။

ဟို့တုန်းတို့နှင့်သာ အဘူ လိုက်သွားရသည်။

"လာကြကွာ၊ အိမ်ထဲဝင်ကြ"

ကွမ်းစုန်ကျင်က ဟို့တုန်းအား အိမ်ထဲသို့ ခေါ်သွားသည်။

ဤသို့ဖြင့်….

သူတို့လူစု ဧည့်ခန်းဆောင်ထဲ ရောက်သွားကြသည်။





ဧည့်ခန်းဆောင်ထဲရှိ ထိုင်ခုံများတွင် ထိုင်ကြသည့်။

ထိုအခါမှ လီယန်ယင်းက….

"ကျွန်မက ရှင်တို့ဆီက သတင်းကို စောင့်မျှော်နေတာ၊ ရှင်တို့က အခုမှပဲ ပေါ်လာကြတော့တယ်"

ဟို့တုန်းက ပြုံးရယ်ကာ….

"ကျွန်တော်တို့က နယ်အနှံ့ ခရီး သွား နေရတာကြောင့် မရောက်နိုင်တာပါ"

ကျန်းကြည်တင်းကလည်း….

"အခုတောင် ခင်ဗျားကို သတင်းထူး ပြောချင်လို့ ကြိုးစားပြီး လာခဲ့ရတာ"

လီယန်ယင်းက စိတ်ဝင်စားစွာဖြင့်။

"သမီးလေး အာစန်းနဲ့ပတ်သက်တဲ့ သတင်းလားရှင်"

"ဟုတ်တယ်"

"ပြောစမ်းပါအုံး၊ ဘာများ အကြောင်းထူး ကြားရလို့လဲ၊ ကျွန်မလဲ ဒီအကြောင်းကိုပဲ စောင့်မျှော်နေရတာ"

ကျန်းကြည်တင်းက ဟို့တုန်းကို လှမ်းကြည့်လိုက်သည်။

ဟို့တုန်းက ခေါင်းညိတ်ပြသည်။

ထိုအခါတွင်မှ ကျန်းကြည်တင်းက....

"ခင်ဗျားသမီး အာစန်းကို ကျွန်တော်တို့ ရှာလို့တွေ့ပြီ"

လီယန်ယင်း ဝမ်းသာသွားသည်။

ကွမ်းစုန်ကျင်နှင့် လုံဝေတို့လည်း ဝမ်းသာသွားကြသည်။ လီယန်ယင်းက အားရဝမ်းသာပင်။

"ဟင်....ဟုတ်လား၊ ဘာကြောင့် တခါတည်း ခေါ်မလာတာလဲ"

"ကျွန်တော်တို့ခေါ်လို့ မရနိုင်လို့ပေါ့"

ကျန်းကြည်တင်းက ပြန်ပြောသည်။

"ဟင်....ဘာဖြစ်လို့လဲ"

ကျန်းကြည်ဘင်းက ချောင်းတချက်ဟန့်လိုက်ကာ....

"ခင်ဗျားသမီး အာစန်းဟာ ဆန်ကျိုးမြို့က တရုတ်ဘုန်းကြောင်းတခုမှာ ရောက်နေတယ်၊ ဘုန်းကြောင်းဆရာကြီးတွေရဲ့ ကြည့်ရှု စောင့်ရှောက် ထားမှုကြောင့် ဘေးကင်း ရန်ကင်းနဲ့ ကျန်းကျန်းမာမာ ရှိနေပါတယ်၊ အဲဒီဘုန်းကြောင်းက သိပ်ကို စည်းကမ်းတင်းကြပ်တယ်၊ အာစန်းရဲ့ မိခင်ရင်းလာခေါ်နိုင်မှ အာစန်းကို ထည့်ပေးနိုင်မယ်လို့ ပြောတယ်၊ ဒါကြောင့် ကျွန်တော်တို့ ခေါ်မလာနိုင်တာပါ"





ကွမ်းစုံန်ကျင်က ကြားဝင်ကာ....

"ဟန်ကျိုးမြို့က ဘယ်ဘုန်းကြောင်းလဲကွယ့်"

ကျန်းကြည်တင်းက ကွမ်းစုန်ကျင်ကို လှမ်းကြည့်၍...

ကျင်းကျီးဘုန်းကြောင်းပါ"

"ဒါဆိုယင်ဟန်ကျတာပဲ"

"ဘာဖြစ်လို့လဲ ဆရာကြီး"

"ဟန်ကျိုးမြို့ ကျင်းကျီးဘုံကြောင်းက ဆရာကြီးတွေဟာ ကျုပ်ရဲ့မိတ်ဆွေတွေပါ၊ အာစန်းကိုပြန်ခေါ်နိုင်ဖို့အတွက် ကျုပ်ကိုယ်တိုင် လိုက်သက်သေခံပေးပါ့မယ်"

လီယန်ယင်း အလွန်ပင်ဝမ်းသာသွားသည်။

လီယန်ယင်းက ထိုင်နေရာမှထကာ....

"ဟာ၊ ဒါဆိုအတော်ပဲ၊ ကဲ မြန်မြန် သွားကြရအောင် ဘာဘာ"

ကွမ်းစုန်ကျင်ကဖြေသိမ့်အပြုံး၊ ပြုံးလိုက်ကာ....။

"အခုပဲနေဝင်တော့မယ် ခရီးထွက်လို့ဘယ်သင့်တော်မှာလဲ၊ ဒီတော့ တညစောင့်လိုက်ပါဦး။ သမီးက တနှစ်ကျော်စောင့်လာခဲ့ပြီးမှ တညစောင့်ရတာ ဘာများပိုထူးတော့မှာလဲ"

လီယန်ယင်းမှာ ယခုချက်ချင်းပင် ဟန်ကျိုးမြို့၊ ကျင်းကျိုးဘုံကျောင်းသို့ခရီးပြင်းနှင်ကာ သွားလိုက်ချင်သည်။

သို့သော်....။

ကွမ်းစုန်ကျင် ပြောသည်မှာ နည်းလမ်းကျသောကြောင့် ဘာမျှစောဒကမတက်တော့ပဲ။

"ဟုတ်ကဲ့ရှင့် ဘဘပြောသလိုပဲ တညတော့ စောင့်လိုက်ပါ့မယ်၊ မနက်ဖန်သာ စောစောထသွားကြပါစို့"

ကွမ်းစုန်ကျင်က ခေါင်းကိုတဆတ်ဆတ်ညိတ်ယင်း....။

"အေး....အေး ကဲ သမီးတို့ရေ ဟို့တုန်းတို့ အတွက်ပါ ညနေစာပြင်ဆင်လိုက်ပါကွယ်၊အားလုံး ပျော်ပျော်ပါးပါးစားကြတာပေါ့"

လီယန်ယင်းနှင့် လုဓေတို့ကသံပြိုင်ပင်...။

"ဟုတ်ကဲ့ ဘဘ"

"ဟုတ်ကဲ့ ဘိုးဘိုး"

ဟု ပြောကာ ဧည့်ခန်းဆောင်ထဲမှ ထွက်သွားကြသည်။

ဟို့တုန်းနှင့် ကျန်းကြည်တင်းတို့နှစ်ယောက်သည်၊ ထိုနေ့ညတွင် ထင်းရှူးစိမ်းဂေဟာတွင် အိပ်ကြသည်။

× × ×



## အခန်း (၃၄)

နောက်တနေ့၊

နံနက်စောစော၊

သူတို့လူစု ထင်းရှူးစိမ်းဂေဟာမှ ထွက်လာခဲ့ကြသည်။

သူတို့လူစုဆိုသည်မှာ၊

ကွမ်းစုန်ကျင်၊ လီယန်ယင်းနှင့် လုဝေ။

ပြီးတော့၊

ဟို့တုန်းနှင့် ကျန်းကြည်တင်း။

သူတို့ငါးယောက်သည် ထင်းရှူးစိမ်းဂေဟာ တည်ရှိရာ လုံကျုံစန်းတောင်ခြေသို့သာ အတူဆင်းလာခဲ့ကြသည်။

ဟို့တုန်းနှင့် ကျန်းကြည်တင်းတို့မှာ လုပ်စရာကိစ္စတွေရှိနေသေးသည်။

ဟန်ကျိုးမြို့သို့ အတူမလိုက်နိုင်။

ထို့ကြောင့် လုံကျုံစန်းတောင်ခြေတွင် နှုတ်ဆက်ကာလမ်းခွဲထွက်သွားကြသည်။

ကွမ်းစုန်ကျင်၊ လီယန်ယင်းနှင့် လုဝေတို့သာ ဟန်ကျိုးမြို့ဘက်သို့ခရီးနှင်လာခဲ့ကြသည်။

ဟန်ကျိုးမြို့မှာ လုံကျုံစန်းတောင်နှင့် ခရီးအတော်လှမ်းသည်။

ကွမ်းစုန်ကျင်တို့က ခရီးပြင်းနှင်လာခဲ့ကြရာ သုံးရက်ကြာမှ ဟန်ကျိုးမြို့သို့ရောက်သည်။

ဟန်ကျိုးမြို့သို့ရောသည်နှင့် ကျင်းကျိုးကျောင်းဘုံးသို့ တန်းသွားကြသည်။

ကျင်းကျိုးဘုံကျောင်းတွင် လီယန်ယင်းသည် ပျောက်ဆုံးနေသော သမီးလေး အာစန်းကို ပြန်တွေ့ရသည်။

သားအမိနှစ်ယောက်တင်းကျပ်စွာဖက်ကာ ငိုကြွေးမဆုံးနိုင်ကြတော့။

ဘယ်လိုပဲဖြစ်ဖြစ်၊





သိုင်းလောကသားတို့၏ မေတ္တာစေတနာကြောင့် လီယန်ယင်းမှာ ရွှေ့ဆက်ပျော်ရွှင်ချမ်းမြေ့ရတော့မည်သာ။

ကွမ်းစုန်ကျင်ကိုယ်တိုင်ပါသသည့်အပြင်၊ လီယန်ယင်းမှာလည်း အာစန်း၏မိခင်ရင်းဘယောက် ဖြစ်နေသောကြောင့် ကျင်းကျိုးဘုံကျောင်းမှ တာဝန်ခံဆရာကြီးများက အာစန်းကို လီယန်ယင်းလက်သို့ ပြန်အပ်လိုက်သည်။

လီယန်ယင်းသည် သမီးချစ်လေး အာစန်းကို ပြန်ခေါ်ကာ မွေးစားသမီးလေး လုဝေ၊ မွေးစားဖခင် ကွမ်းစုန်ကျင်တို့နှင့် အတူ ထင်းရှူးစိမ်းရိပ်သာသို့ ပြန်လာခဲ့လေတော့သည်။

ပြီး၏။

ရွှင်လန်းချမ်းမြေ့ပါစေ။

တက္ကသိုလ် နေမင်းနိုင်

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ [illegible]
[illegible]
ဖုန်း ၂၁၄၅၅